တောင်တွင်းဆရာတော်

ချုပ်ဆရာ၏

တရားရုံးတော်သို့ မလျှောက်ထားဝင်ဆိုက်ရသော

# ကမ္ဘာကျော်မည့်
# လျှောက်လဲချက်

——————အဖွဲ့ဝင်များအတွက်သာ

# လူသေလျှင်ဖြစ်တတ်ပုံ

## အဝန်း၊လွှာအခန်း

ဤအဝန်းလွှာအခန်း၏ အဓိကရည်ရွယ်ချက်ကား . . သို့လော . . သို့လောဆိုတဲ့ ဝိစိကိစ္ဆာကို တိုက်ဖျက်ချေမှုန်းရန်၊ လူသားအားလုံးကို သိမ်းကျုံးတိုက်တွန်းခြင်းပင်။ ထိုသည့် ဝိစိကိစ္ဆာတား မသေမချာမရေရာတဲ့ကိစ္စများ (ဝါ) ပွာနံ့အားဖြင့် လက်တွေ့ မဟုတ်သောအရာများ၌ ပေါ်ပေါက်မြဲဖြစ်သည်။ ယင်းဝိစိကိစ္ဆာကား အနာဂါတ်နှင့် ဆိုင်ရာ၌ . . . . .

(၁) ဘဝိသသာမိန္နာတဲ့အနာဂတမရွှါန် -

အနာဂါတ်၌ ငါဖြစ်ဦးမည်လော။

(၂) နေ့ခေါ်ဘဝိသသာမိန္နာတ် အနာဂတမရွှါန် -

အနာဂါတ်ကာလ၌ ငါဖြစ်ပါရှိမည်လော ။

(၃) ကိံနု ခေါ်ဘဝိသသာမိအနာဂတမရွှါန် -

အနာဂါတ်၌ အ ဘယ်ကြောင့် ငါဖြစ်မည်နည်း ။

(၄) ကထံ နုခေါ်ဘဝိသသာမိ အနာဂတမရွှါန် -

အနာဂါတ်၌ ဘယ်ပုံဖြစ်မည်နည်း ။

(၅) ကိံဟုတ္တာကိံဘဝိသသာမိန္နာတ် အနာဂတမရွှါန် -

ငါသည် ဘယ်ကိုရောက်၍ ဘာဖြစ်ရဦးမည်နည်း . . . ဟူ၍ ငါးပါး။

တပန်အတိတ်ကာလနှင့် ပတ်သက်ရာ၌ . . . .

(၁) ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ဘူးပြီလော ။

(၂) မဖြစ်ခဲ့ဘူးလော ။

(၃) အတိတ်ကာလ၌ အဘယ်ကြောင့်ဖြစ်ခဲ့သနည်း။

(၄) ငါသည် အတိတ်ကာလ၌ အဘယ်ပုံဖြစ်ခဲ့သနည်း။

(၅) အတိတ်ကာလ၌ ငါသည်ဘယ်ကိုရောက်၍ ဘာဖြစ်ခဲ့သနည်း . . . ဟူ၍ ငါးချီး။

နောက်ဆုံးတွင် ပစ္စုပ္ပန်ကာလနှင့် သက်ဆိုင်ရာ၌လည်း . . . .

(၁) အဟုတ်နေခါတို့ . . . ငါရှိသလော။

(၂) နေ့ခုနေခါတို့ . . . ငါမရှိဘူးလော။

(၃) ဤနေခါတို့ . . . ငါဘာကြောင့်ရှိသနည်း။

(၄) ကဟုတ် နေခါတို့ . . . ငါအဘယ်ပုံရှိသနည်း။

(၅) အယ်နေခါသတ္တဝါတို့တော့ဘာဂတော . . . ဤသတ္တဝါသည် ဘယ်ကလာသနည်း။

(၆) ကုတိဝင်သတိ . . . အဘယ်သို့သွားမည်နည်း ဟူ၍ ခြောက်ပါး အားဖြင့်၊ တစ်ဆယ့်ခြောက်မျိုးရှိကြောင်းကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ တွေ့ရသည်။

ဝဋ္ဋသုတ္တသဘောအားဖြင့် မူရင်းအစအဆုံးမရှိသော အတိတ်နှင့် အနာဂါတ်ဆိုတဲ့ ကာလပဉ္စကတို့သည် ဝိစိကိစ္ဆာ၏ ဝင်းခွဲများဖြစ်ကြတုန်း၏။ ဝိစိကိစ္ဆာသည် မွေးဖွားပြီးနောက် လူလားမြောက်သည်နှင့် တစ်ပြိုင်နက်၊ သူ့အတွက်နယ်ချဲ့လေတော့သည်။ ယင်းသို့ချဲ့နေရာ နယ်ကြီးချဲ့တွင်လာခဲ့ရာ သူ၏နယ်ပယ်သည် အများကြီးကျယ်ပြန့်ခဲ့လာလေတော့သည်။ ယင်းသို့ကျယ်ပြန့်လာလေလေ ဝိစိကိစ္ဆာများလေလေဖြစ်၏။ ဥပမာ-



လမ်းပေါင်းခြောက်များစွာ ဆုံဆည်းပေါင်းဆုံသော နေရာသို့ ရောက်နေသူမှာ ဤလမ်းလော၊ ထိုလမ်းလောဟူ၍ သံသယ "လော" တွေ ထွက်၍နေသကဲ့သို့တည်း။

သို့ရာတွင် လမ်းတစ်ကြောင်းတည်းကိုသာ လျှောက်သွားသူအတွက် သို့လော . . သို့လော ဖြစ်ဖို့ရာ ရှိနိုင်ပါဦးမည်လော။ ထို့ကြောင့် ဘုံ(၃၁)ဘုံ ဆိုဆို၊ သို့မဟုတ် (၄၅)ဘုံ ဆိုဆို၊ ထိုသည့်ဘုံတွေသည် ဝိစိကိစ္ဆာက ချဲ့ထွင်ထားသော နယ်ပယ်တွေ (ပါ) ရင်း၏စားကျက်တွေသာ မဟုတ်ပဲလော၊ ထို့ပြင် ထိုသည့်ခြောက်များလှစွာသော ဝိစိကိစ္ဆာများကို ယူပယ်ဖျက်ဆီးပေးမှုဖြစ်ဖို့များ ဘုရားရှင်ဟောတော်မူခဲ့ပါသလော။ "ဟင့်အင်း . . မဟောပြခဲ့ပါ"။ ငါဖြင့်ရင် ဝိစိကိစ္ဆာဆိုတဲ့သံသယတွေကို စိစ်ညက်ညက်ပျောက်ပျက်သွားအောင် ထုခွဲချေမှုန်းပစ်ရမည်ဟူ၍ ရှင်တော်မြတ်ဘုရားက ညွှန်ကြားခဲ့သည်မဟုတ်ပါလော။

ဝိစိကိစ္ဆာတား မွေးနေတဲ့အရာကို အဋ္ဌိသတ်ပြုကာ ပေါ်ထွက်လာပြီဖြစ်၏။ မည်းသည်ပုံ၏။ ဤတချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာတွင် သို့လော . . သို့လောနှင့်သံသယ ဝိစိကိစ္ဆာတွေဝင်လာနိုင်မည်လော ? လာနိုင်၊ ဘာကြောင့်ပါနည်း။ မှန်ကန်သောကြောင့်တူ ဖြေဆိုရပေမည်။

ဘုရားရှင်၏ အလိုတော်အတိုင်း ဝိစိကိစ္ဆာကိုပယ်ခဲ့သော်၊ ရင်း၏ကျက်စားရာ စားကျက်များတော့ အလိုအလျောက်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်သွားရပြီမဟုတ်ပဲလော။ ဗုဒ္ဓ၏ အရိယာစည်းဝိုင်းအတွင်းသို့ ဝင်လိုသူများအတွက်၊ ပဓာနလိုအပ်ချက်ကား (ပါ) အရည်အချင်းကား အဋ္ဌဝိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ချေမှုန်းတိုက်ဖျက်ပစ်ရန်သာ ဖြစ်သည်။

ထို့ပြင် အပန်းကြီး၍ အကျွန်ုပ်ဝင်သောထင်ယင်ရှားရှားပေါ် လွှင်စေရန်မျှဉ်းသား၍ ထားအပ်သော စာကြောင်းကလေးသုံးချက်ကို တရားလိုသက်သေများက မေးမြန်းနိုင် သို့ပြင် ညီညာ အဖြစ်တင်ခဲ့ကြလေသည်။ ရင်းကား "လူသားဆိုတဲ့ သတ္တဝါဓလေ့ဆုံးပြီး သွားတဲ့

နောက်အခါ၌၊ အကယ်စင်စစ်ဖြစ်ခွင့် ဖြစ်စရာ၊ ဖြစ်ဖို့အလားအလာများရှိသေးခဲ့လျှင်၊ လူမှတစ်ပါး အခြားဘာမျှ ဖြစ်စရာလည်းမရှိ" ဟူသော စာပိုဒ်ငယ်ဖြစ်သည်။

ဤစာပိုဒ်၏ အနက်အဓိပ္ပါယ်ကို အကျယ်ချဲ့ဖော်ပြခဲ့လျှင် လူ့လောကတွင်ရှိသော လူသားအားလုံးကို (၁) ဖြစ်ရန် အလားအလာရှိသေးသူနှင့် (၂) ဖြစ်ဖို့ အလားအလာမရှိ တော့သူဟူ၍ နှစ်တန် ခွဲခြားရပေမည်။ ယင်းသို့ ခွဲခြားလိုက်တဲ့အခါမှာ ဖြစ်ခွင့်ဖြစ်စရာ ဖြစ်ဖို့အလားအလာ တဏှာနှင့်အစွဲဥပါဒါန်လုံးဝမရှိသော အရဟတ္တဖိုလ်ရောက် ရဟန္တာ ပုဂ္ဂိုလ် တို့ နံပါတ် (၂) စာရင်းတွင် သွတ်သွင်းရေတွက်နိုင်သည်။ အစွဲဥပါဒါန် အကြွင်း အကျန်ရှိနေသေးတဲ့ (၁) စာရင်းဝင်ပုဂ္ဂိုလ်များသာလျှင် ဟိဋ္ဌာဝိစိကိစ္ဆာအဆင့်သို့ ရောက် ပြီးဖြစ်၍ သေပြီးနောက်တွင် လူပင်ဖြစ်စရာရှိတော့သည်ဟူ၍ ဆိုသောသဘောတရား ကား ရှင်းစာပိုဒ်၏ ဆိုလိုရင်းဖြစ်သည်။

ဤလူသေလူဖြစ်ကျမ်းကို ပြုစုသောစာရေးဆရာ၏ အဓိကရည်မှန်းချက်၊ မျှော် လင့်ချက်များကို အခန်းလွှာစာမျက်နှာ (၃) ၌ အတိအလင်းသန့်ရှင်းပြတ်သားစွာ ဖော်ထုတ်ခဲ့လေပြီ။ ရှင်းတို့ကား ဤကျမ်းစာသည် လူသား၏ဘဝဖြစ်စဉ်၌ မရေမရာ ဝေဝေဝါးဝါးများနှင့် တကွ "အကြောက်နှင့် အမျှော်" တို့ကို တိုက်စစ်ဆင်ရေး၌ အားပေး တန်ကြီးဖြစ်ပေလိမ့်မည်။ ထို့ပြင်လူသား၏ အနာဂါတ်ဘဝလမ်းခရီးတွင် ဖုန်ရှုမြင်လက် အရောင်ထွက်နေသော မီးပြတိုက်ကြီးတစ်ခုသည် ကြီးကျယ်ထူထပ်နိုးလှသော အမှောင်ထု ကြီးကို ခွင်းလျှက်၊ အလင်းရောင်ခြည်ကို အပြတ်ဖြန်းဆောင်၍ နေပေလိမ့်မည်။

ယင်းသို့ဆောင်ခြင်းဖြင့် ၎င်းကျမ်းစာသည် လူသားထုတစ်ရပ်လုံးအတွက်အကျိုး ပြုစာတမ်းအနေဖြင့် ကာလရှည်ရှည်တည်တည်ရှိနိုင်ပေလိမ့်မည်။ ဤသို့သော ရည်မှန်း ချက်တို့ကို တောက်ရှုခဲ့လျှင် စာရေးဆရာ၏စိတ်တွင်ဘာသာတရားနှင့် တကွ ဘာသာဝင် ပုဂ္ဂိုလ်တို့၏ အပေါ်၌ အမုန်းပွါးသဆိုတဲ့ဖော်ကားပြမှုအလိုသော သဘောထားကင်းစင် သန့်ရှင်းကြောင်း ထင်ရှားပေါ်လွင်ပါသည်။ ရည်ရွယ်ချက်ကား မွန်မြတ်လှပါပေသည်။



သို့ဖြစ်ရာ ဤကျမ်းစာသည် . . . .

(၁) လူသားထုတစ်ရပ်လုံးကို တိုးတက်စေရေး

(၂) ဉာဏ်အမြင်ကြည်လင်သန့်ရှင်းရေး

(၃) အစွဲဥပါဒါန်ချုပ်ကွင်းမှ လွတ်ကင်းထွက်မြောက်ရေး

တို့အတွက် မွန်မြတ်သော ရည်မှန်းချက်ဖြင့် ရေးသားတင်ဆက်အပ်သော အတိ မှုအလုံးအရင်း၏ တည်ရာဖြစ်ခြင်းကြောင့်၊ မည်သည့်အယူဝါဒနှင့် အတွေးအခေါ် တို့မှ ရှုချခြင်း၊ ပုတ်ခတ်ခြင်းတို့ကို မပြုလုပ်ရေး၊ လူသေလူဖြစ်ဆိုတဲ့ ပြဿနာကို လောကဓါတ် (၈) သိပ္ပံနည်းကိုဖြင့် သုံးသပ်ဝေဖန်ခြင်းကိုသာ ပြုလုပ်သောကျမ်းစာဖြစ်ရကား သိပ္ပံ ပညာ၏ ထုံးစံမှုတာအတိုင်း ဘက်လိုက်မှုကင်းကင်းနှင့် ဘွင်းဘွင်းသင် သဘာဝအမှန်ကို ဖော်ထုတ်ခဲ့လေပြီ။

ထို့ပြင် ဤကျမ်းစာတွင် ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် မည်သူ့ကိုမှ ထိပါးပုတ်ခတ် ခြင်းကို မပြုလုပ်ပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေနိဒါန်း၌ အတိ အလင်းဖော်ထုတ်ထားသော လွတ်လပ်စွာတွေးကြံနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟရေးသားဖော်ပြ နိုင်မှု၊ လွတ်လပ်စွာယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု စသည်တို့ကို တိကျစွာအား ကိုးယုံကြည်သည့်အားလျော်စွာ မိမိ၏ ယုံကြည်ယူဆချက်ကို ပြည်ထောင်စုသားတစ်ဦး အနေဖြင့် ရိုးသားပွင့်လင်းစွာ တင်ပြထားခြင်းသာဖြစ်သည်။

ဤမျှ မွန်မြတ်သော ရည်မှန်းချက်ကို လူသေလူဖြစ်ကျမ်းစာ အခန်းလွှာတွင် ထင်ထင်ရှားရှားဖော်ပြထားသည်ဖြစ်ရကား နိုင်ငံတော်အစိုးရပြဋ္ဌာန်းထားသော မည် သည့် ဥပဒေကိုမျှ ကျူးလွန်သည်မည်ရေး၊ ထို့ကြောင့်ဤကျမ်းစာကိုပြုစုသောစာရေးသား သူ ကျမ်းဆရာသည် မိမိ၏ ဉာဏ်အမြင်ဖြင့် တင်ပြအပ်သော လူသေလူဖြစ်ပြဿနာ၏ အဖြေ၊ အမှန် ဤနှစ်ခုကို ပြတ်ပြတ်သားသား ဝိုင်းဝန်းဝေဖန်ရန် ကမ္ဘာ့ပညာရှင်များ ထံသို့ တင်ပြခြင်းသာဖြစ်သည်ဟု နှုတ်ဆက်မှ ယူဆစေလိုကြောင်း။

## ကန်တော့ပန်းနှင့် ကျွမ်းပလ္လင်အခန်း

ရင်းတို့တွင် ကန်တော့ပန်းကား ကျမ်းပြုဆရာတို့၏ တုံးတမ်းစဉ်လာအရ ကျမ်းစာမရေးသားမီ အရိုအသေပြုခြင်းသဘော၊ ကျေးဇူးတုံ့ပြန်ခြင်းသဘောကို ဖော်ထုတ်ခြင်းဖြစ်သည်။ ကျမ်းပလ္လင်ဆိုသည်ကား ထိုကျမ်း၏ နိဒါန်းဝင်ဖြစ်သည်။ ရင်းကျမ်းပလ္လင်၌ပါရှိသော ဂါထာနှင့် လင်္ကာတို့ကား လူသား၏ဖြစ်စဉ်ကို သတ္တဝါဘဝသံသရာ၊ ဇွတ်သိုက်ဝါလေးများအရ ကမ္ဘာဦးအစ မနုဿာ ရသေ့ကြီး၏ သားစဉ်မြေးဆက်တို့ကို မနုဟူခေါ် ဆိုသမုတ်ကြသည်။ မနုဟူ ဖြစ်လာသောအားဖြင့် လူမည်ဖြစ်သည်။ ဆိုလိုရင်းကား ယခုအခါ ကမ္ဘာတွင်ရှိသမျှလူသားအားလုံးသည် ကမ္ဘာဦးကာလ၌ ဖြစ်ပွားပေါ် ပေါက်ခဲ့သော ထိုသည့် မနုရသေ့ကြီး၏ မြေးသားတို့သာဖြစ်သည်ဟု ဆိုလိုသည်။ လူကပေါက်ဖွားခြင်းကြောင့် လူအဖြစ်ကိုခံယူကာ၊ လူအဖြစ်ဖြင့် သေသွားမှုကြောင့် လူဖြစ်လူသေဟူ၍ လည်းကောင်း၊ ထို့ပြင် လူသားစင်စစ်အနေဖြင့် သေသွားလည်း လူပင်တစ်ဖန်ပြန်လည်၍ ဖြစ်ရမည့်အရေးကြောင့် လူသေလူဖြစ်ဟူ၍လည်းကောင်း ဆိုနိုင်ပါသည်။ စာဖတ်သူများအနေဖြင့်ကြားကိုအဘက်ဘက်လှည့်၍ ကြည့်ပါက ထင်ထင်ရှားရှား ပေါ်လွင်၍ လာပါလိမ့်မည်။

ဤကျမ်းစာ၌ အကျုံးဝင်သော လူသေလူဖြစ်ဆိုတဲ့ သဘောတရားကား ဆန်းသစ်သော အဘိဓမ္မာဖြစ်၍၊ ရင်းကို ကမ္ဘာ့ပညာရှင်များသို့ တင်ဆက်ပါသည်။ ထို့ပြင် လက်ခံဆဲဖြစ်သော စကားဖြင့် ထိုသို့တင်ဆက်တဲ့အဘိဓမ္မာ သဘောတရားကို ကမ္ဘာ့ပညာရှင်ပေါင်းတို့က လက်ခံချေးနွေးတော်မူကြပါရန် သုံးသပ်ဝေဖန်တော်မူကြပါရန် လေးနက်စွာတောင်းပန်ခြင်း၊ ပတ္ထနာပြုခြင်းကို ပေါ်လွင်စေပါသည်။ ထို့ပြင် နိုးကြွင်ဟုသော ခေါ်ဟာရတွင် ကျမ်းပြုဆရာ၌ အတွေ့ကြုံသစ် တန်ဖိုးတရားများကောင်းစွာသည့်ပြင်၊



မြေသွယ်ပုဆိုးဟုဲသို့ ကျိုးနွံ့သော စိတ်ရှိသည့်အချက်များ အကျုံးဝင်လျက်ရှိပါသည်။ ဤအချက်များကို တောက်၍ဝင် ကျမ်းဆရာသည် မိမိ၏ယူဆချက်ဖြစ်သော အဘိဓမ္မာ သဘောတရားတစ်ရပ်ကို ကမ္ဘာ့ပညာရှင် ခံနှုံးသို့ နှိုးဆော်ဆွာတင်ပြခြင်းမှာဖြစ်ကြောင်း ထင်ရှားပါသည်။

## လူသေလူဖြစ်အခန်း

မြတ်စွာဘုရားဟုခေါ်အပ်သော ဟိန္ဒူဘာသာသားတော် ဗုဒ္ဓရှင်တော်ဘုရား မပွင့်ပေါ်မီ နှစ်ပေါင်းများစွာကပင် အိန္ဒိယနိုင်ငံကို သွင်းခိုးကြီးစိုးခဲ့လေပြီ။ ဝေဒတ္ထမနှင့် အတ္တဝါဒသည် ထိုခြတွင်ကာဝါဒကြီး၏ အသည်းဖြစ်ခဲ့လေပြီ။ ထိုသည့်ဝါဒအလိုအားဖြင့် ရှေးပဝေဏီ ဝေဒတ္ထမကြီးမှ အတ္တကလေးတွေခွဲထွက်လာခဲ့ကုန်သည်။ ရင်းအတ္တကလေးများသည် ဝေဒတ္ထမနှင့် ပြန်လည်ပေါင်းစည်းရန် အားထုတ်နေကြကုန်၏။ သတ္တဝါတိုင်းအတ္တတစ်ခုကိုယ်စီကိုယ်ငှ ဝေစုရထားသော သတ္တဝါတို့သည် မိမိတို့၏ အတ္တကလေးရှင်ကျွတ်တိုးတက်ရေးအတွက် တာဝန်ယူကြရကုန်၏။ ထို့ကြောင့် ထိုအတ္တ၏ ကျင့်လည်ရာလမ်း၌ ထိုအတ္တတည်းနိုးနေရန် ဘုံနန်းအမျိုးမျိုးကို ဖန်တီးဘည်တောင်ခဲ့လေပြီ။ ထို့ကြောင့်လည်း ဘဝတော မှုရာ၏ ဇသော ဟိန္ဒူဘာသာတို့၌ ကြောက်ရွံ့ဖွယ်ရွာသော ဘုံတွေကိုတွေ့ရလေသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓဘုရားရှင်ပွင့်တွန်းပေါ် ပေါက်၍လာသောအခါ ထိုသည့် ဟိန္ဒူတို့၏ အတ္တဝါဒသည် အထွဋ်အထိပ်သို့ ရောက်လျက်နေခဲ့လေပြီ။ ဗုဒ္ဓရှင်တော်ဘုရားသည် ထိုသည့်အတ္တဝါဒကို ပက်ပက်စက်စက် ချိုးဖျက်ချေမှုန်းကာ အနတ္တဝါဒကို ကြေညာခဲ့လေပြီ။

ထိုသည့်နက္ခတ်လည့်လည်ဝန်းခြင်းရှိ ဘုံနန်းပြသာဒ်တွေကော ရှိနိုင်ပါဦးမည်လော။ ငါတို့၏ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓရှင်တော်ကား အနက္ခတ္တဒါကို အပြတ်မီးဟော ကြားခဲ့သည်။ နက္ခတ်ဒါကို ရက်ရက်စက်စက် ပယ်ဖျက်ခဲ့သည်။ ငါတို့မှာကား နက္ခတ်ဆိုတဲ့ နယ်ချဲ့သမားရဲ့လက်ပါးစေတွေ ဖြစ်များဖြစ်၍ နေကြလေသလောဟု၍ ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့ စဉ်းစားဝေဖန်ရန် အချိန်တန်ပြီဖြစ်ကြောင်း။



## ကမ္ဘာ့အခင်း

နက္ခတ်နှင့် ယှဉ်တွဲသော ကမ္ဘာ့ဒါကား ပြဂ္ဂဟာဘာဝသာကြီး၏ အလွန်ရှေးကျသော အယူအဆဖြစ်ခဲ့သည်။ ဂေါတမရှင်တော်ဘုရားပွင့်တော်မမူမီ နှစ်ပေါင်း တစ်ထောင်ကျော်ခန့်က အိန္ဒိယနိုင်ငံအတွင်း၌ လွှမ်းမိုးကျယ်ကား ကြီးထွားခဲ့သည်ဟု အိန္ဒိယ၏ ရှေးကျသည့် ရာဇဝင်များ၌အဆိုရှိသည်။ ထိုမျှကြီးကျယ်ပွဲပြီး တန်ခိုးထွား ခဲ့သော နက္ခတ်ဒါ၏ သရုပ်ကို ဤနေရာ၌ ဖော်ထုတ်သင့်ပေသည်။

(၁) ရှုပ်နက္ခတ်တော သမနုပဿတိ . . .
ဤကား သမဒ္ဒန အယူအဆဖြစ်သည်။
ရှုပ်ကျွန္နာဆိုတဲ့ ဗုဒ်စုကိုပင် နက္ခတ်ဟူ၍ ယူဆသည်။

(၂) ရှုပ်ဝန္တ်ဒါနက္ခတ် . . .
၎င်းကား အစွန္တာတ အယူအဆဖြစ်သည်။
ရှုပ်ခန္ဓာဟု ဆိုအပ်တဲ့ ဖလ်ဘူးတွင်းမှာ နက္ခတ်တလေးကို တည်ထား သလို ယူဆသည်။




(၃) နက္ခတ်နံ့ဝါရှုပ် . . .
အဝဝဘာဝါ . . . ဖယ်ထုတ်သည့် သဘောဖြစ်သည်။
ဤသို့ယူဆရာ၌ နက္ခတ်သည် နေရောင်ခြည်ရှိနိုက်တွင် သစ်ပင်၏ အရိပ်တွက်သကဲ့သို့ ရုပ်ရှတိုးတွက်၍နေသော အရိပ်ပင်ဖြစ်သည်။

(၄) ရှုပ်သို့ဝါနက္ခတ် . . .
သမာသ (ဝါ) ရောစပ်တဲ့သဘောဖြစ်သည်။ ဤသို့ယူဆရာ၌ ရုပ်နှင့် နက္ခတ်သည် ရေနှင့် နွားနို့တွဲစပ်သကဲ့သို့ ခွဲမရအောင် ပူးပေါင်းလျက်ရှိ သည်ဟု ယူဆသည်။

ယင်းသို့ ယူဆကြသော နက္ခတ်လေးမျိုးလုံးကို ဗုဒ္ဓရှင် ဘုရားရှင်က ငြင်းပယ် တော်မူခဲ့သည်။ နက္ခတ်ဟုတ် အနက္ခတ်ဟူ၍ ထိကျကြိုတ်သားဟောတော်မူခဲ့သည်။

ဤနက္ခတ်ပြဿနာအတွက် ထိုသည့် အနက္ခတ်ဟောကျင်းရှင် တိုက်ကြည့်ခဲ့လျှင် နက္ခတ်ဆိုတာအရည်ခဲမရှိ၊ အတုအယောင်သာဖြစ်ကြောင်းထင်ရှားသည်။ ယင်းသို့ ထင်ရှား ခဲ့သော် ထိုနက္ခတ်၏ တကျောက်တွေကော မျောက်မှီး ထိုးထိုးမားမား ရှိတည်နိုင်ပါတော့ မည်လော။ အနက္ခတ်ဟည်းဟူသော ဗုဒ္ဓ၏ဆေးကြိမ်လုံးနှင့် တို့ထိလိုက်လျှင် ငါ . . ငါ . . ငါ . . ဟုစွဲလမ်းနေတဲ့ အကောင်အထည်ပင်ပျောက်ပျက်၍သွားရသည် မဟုတ်တုံ လော။ ဖယ်ကိုးကြီးကို ဒိုးလောင်း၍သွားတဲ့အခါ ဂေဟုတ်ယ်ကျန်းနိုင်၊ ဝေကျန်းနိုင်ကို ဗုဒ္ဓဘာ သာဝင်အပေါင်းတို့ စဉ်းစားဝေဖန်ရန်သာရှိပါတော့သည်။



# နိယာမတရားအခန်း

ဤအခန်းများ၌ လူသေလူဖြစ်ဆိုတဲ့ ပြဿနာ၏ အခြေခံအုတ်မြစ်ကို ချမှတ်ခဲ့သည်။ နိယာမတရားငါးပါးနှင့် ရုပ်နာမ်သဘာဝတို့ဆိုင်ရာ ဝေဖန်ချက်ကို လေးနက်စွာ ဖော်ထုတ်ခဲ့သည်။ အခိုးရသက်မှ သက်သေတို့တွင် ပြည်သူတစ်ဦးတစ်ယောက်မျှ ဤအခန်းများ၌ ပါဝင်သောအချက်တို့ကို ထောက်ရှုခြင်းဖြင့် ဤကျမ်းစာ၏ ဝန္တက်အခြေခံ၌ ချွတ်ချော်တိမ်းပါးခြင်းမရှိကြောင်းပေါ် လွင်ထင်ရှားသည်။

ဤအခန်း၌ အကြမ်းဖျင်းသော ဓမ္မနိယာမတရား လေးနက်သော အဘိဓမ္မာသဘာ တရားလုံးကို သိမ်းရုံး၍ မိအောင်ကျွမ်းဝင်နိုင်သည်ဟူသော အချက်ကို သဘာဝဆရာတိုင်း လက်ခံပေလိမ့်မည်။ လယ်တီဆရာတော်၏ နိယာမဒီပနီနှင့် ကျွန်ုပ်ရေးသော ကမ္ဘာ ပြဿနာ၊ ဓမ္မတာအခန်းကို ရှုလေ့လာရန် ညွှန်ကြားအပ်ပါသည်။

ပုဂ္ဂိုလ်များသည် ဓမ္မနိယာမအဖြစ်သို့ ရောက်နိုင်သည်။ သို့ရာတွင် ဓမ္မနိယာမ တိုင်းကိုကား ဓမ္မတာစာရင်းသို့ သွင်းနိုင်ချေ။ ဥပမာ-လောဘသည် ဓမ္မဖြစ်၏။ လောဘ နေလျှင်အားကြောင့် ရုပ္ပနသေစေသောပေါ် လာသည်။ ဤသို့ပေါ် လာမှုကား ဓမ္မနိယာမ ဖြစ်သည်။ သို့ရာတွင် လောဘနေလျှင်အားကြောင့် ရုပ္ပနသေသောပေါ်မြဲ ဓမ္မတာဖြစ်သည် ဟူ၍ကား မဆိုနိုင်ချေ။ အားလုံးသော နာမ်မှုများကို ဤနည်းအတိုင်းအတူပင် မှတ်ယူ ကြကုန်ရာ၏။ ရုပ်ဓမ္မဆိုင်ရာ၌ကား ဓမ္မနိယာမသည် ဓမ္မတာအဖြစ်သို့ ရောက်နိုင်သည့် အချက်ကို တွေ့မြင်နိုင်သေးသည်။ ဥပမာ - မဟာဘုတ်ဟုခေါ် ဆိုအပ်သော ဓာတုရုပ် တရားကြီးလေးမျိုးတို့အနက်မှ ပထဝီချပ်ကို ရွေးထုတ်၍ကြည့်ရှုပါလေ။ ပထဝီသည် ရုပ်ဓမ္မဖြစ်၏။ မာမှု၊ ပျော့မှုဟုဆိုအပ်သော ပထဝီ၏ လက္ခဏာသည် ဓမ္မနိယာမဖြစ်၏။ အမျိုးမျိုးသော ဒေသ၊ ကာလ၊ ဌာနတို့၌လည်းကောင်း၊ သဏ္ဌာနဆိုတဲ့ ပုံသဏ္ဌာန်အမျိုး မျိုးတို့၌လည်းကောင်း၊ ပထဝီ၏ဓမ္မနိယာမသည် မပျောက်မပျက် ဆက်ခါဆက်ခါ



ရွှေပထဝီနှင့် နောက်နောင်ပထဝီတို့သည် ခြားနားခြင်းမရှိဖျက်နေမှုကား ပထဝီ၏ ဓမ္မတာပင်ဖြစ်တော့သည်။ ရုပ်နာမ်တွဲစပ်၍နေသော လူသတ္တဝါကို ဝေဖန်ရာ၌ လူသည် မဟာဘုတ်ကြီးလေးပါးဖြင့် ပြီး၏။ ရုပ်နာမ်တွဲစပ်၍နေသော လူသတ္တဝါကို ဝေဖန်ရာ၌ လူသည်မဟာဘုတ်ကြီးလေးပါးဖြင့်ပြီး၏။ အဝိဇ္ဇာစသည်တို့၏ သုတ်ဆွေးမှုဖြစ်ပွားလာရ၏။ ထင်ရှားဖော်ပြလေကာ အစာရေစာလေတို့ကြောင့် ဖြစ်ပွားလာရ၏။ ဤသို့သော မျိုးမပျက်သော မျိုးကသုတ်ပါ၍တော်အရှလူသည် မဟာဘုတ်တူသော ဓမ္မတာစစ်ဖြစ်၏။ ထိုသည့်မဟာဘုတ်ကိုပင် ဥတု၊ စိတ္တ၊ ကမ္မစသော သက်ဆိုင်ရာ ဂုဏ်နာမများ တပ်ဆင်နိုင်လောက်အောင်ပြောင်းလဲသွားမှုသည် ဓမ္မနိယာမဖြစ်သည်။ လူသတ္တဝါသေ သွားပြီးနောက်၌ သန်တမဟာဘုတ်တို့ကား နိဗ္ဗာန်စသိုတဲ့ ထက်စတ်ပြီးလိုသော အပြစ် သဘောတရားတွေမဟုတ်သောကြောင့်၊ ဆက်ခါဆက်ခါ လူသား၏သဏ္ဌာန်ကို ဆောင် ခြင်းကား ဓမ္မတာပင်ဖြစ်၏။

ဤနေရာ၌ လူသားကား စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှာပသာဒရုပ်၊ ကာယပသာဒရုပ်၊ မနောပသာဒရုပ်ဟူ၍ အလုပ်ကိစ္စများအားလျော်စွာ နာမည်တပ်ကာ ခွဲခြားထိုက်ဖြင့် တပ်ဆင်ခေါ် ဆိုအပ်သော မဟာဘုတ်တို့၏ အစုအဝေးဖြစ်သည်။ ဤသို့ အာရုံတနေ သို့ရောက် ပသာဒအနေအားဖြင့် ပြောင်းရွှေ့သွားလိုက် သောအခါ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနဟူသော အသိဝိညာဏ် ဓာတ်ပြောင်းချို့ ဖြစ်ပေါ် လာလေသည်။ ယင်းဝိညာဏ်ဓာတ်များဖြစ်ပွားပေါ် ပေါက်လာရခြင်းကား ပညတ်အကြောင်းတင် သန့်ရှင်းစင်ကြယ်သော နူးညံ့သိမ်မွေ့၍ ဣန္ဒြေအဖြစ်သို့ ရောက်သော၊ အမှု၌ခန့်သော ပသာဒရုပ်အမျိုးမျိုးနှင့် အခြင်းအပ္ပ၌ရှိသော အာရုံတစ်ပါး ပါးတို့ တိုက်ဆိုင်ခြင်းကြောင့် ဖြစ်လေတော့သည်။ ဖော်ပြပါ ဝိညာဏ်ဓာတ်များ ဖြစ်ပျက် သွားသော ထင်ရှားစွာ ဖြစ်ပေါ်စေ၍ အကုသိုလ်ကြီးသော ယှဉ်ဖော်ယှဉ်ဖက် သဘော အကြောင်းများလိုကြောင်းကို လူသေလူဖြစ်ဟုခေါ်ပြီး အကျယ်တဝင် ဖော်ပြပြီးဖြစ်

သည်။ ထို့ကြောင့်ပင် သက်သေတစ်ဦးဖြစ်သူဦးအောင်သိန်းက လူသေလူဖြစ်သဘောကို မျှနိုင်သမျှ တည့်သွင်းနိုင်ပါသည်ဟူ၍ ထွက်ဆိုခဲ့သည်။

## ပရမတ်ဗေဒပေးပါးအခန်း

ဤအခန်းစာမျက်နှာတို့၌ ဖွင့်ဆိုရန် (ဝါ) အကျယ်ဝေဖန်ရန် အချက်များစွာ မပါချေ။ သို့ရာတွင်အချို့သောအသုံးအနှုန်း ဝေါဟာရစကားလုံးတို့ကားသစ်လွန်းဆန်းလွန်း နေသောကြောင့် တဖန်ထပ်ဆင့်ပြီး ဖွင့်ဆိုခဲ့လျှင် အနက်အဓိပ္ပါယ်ထင်ရှားပေါ်လွင်ပါလိမ့်မည်။ ပရမတ်ဆိုတဲ့ ဝေါဟာရကား ပရမတ္ထဟူသော ပါဠိပုဒ်၏ မြန်မာပြန် အနက် ဖြစ်သည်။ အမြင့်ဆုံးသော အဓိပ္ပါယ်ဟုဆိုလိုသည်။ ထိုအဓိပ္ပါယ်ကား လေးမျိုးလေးစားရှိ၏။

| | | | |
|---|---|---|---|
| (၁) | အမှိုးရပတ် | - | (ရုပ်ပရမတ်) |
| (၂) | အဖြစ်ပရမတ် | - | (နာမ်ပရမတ်) |
| (၃) | အနှစ်ပရမတ် | - | (နိဗ္ဗာန်ပရမတ်) |
| (၄) | အထင်ပရမတ် | - | (ပညတ်) |

ထိုလေးမျိုးတို့တွင် ပညတ်ကို (ဝါ) အထင်ကို ပရမတ်စာရင်းသို့ သွတ်သွင်း ရမည်လောဟူ၍ အချို့သော ပုဂ္ဂိုလ်များကမေးခွန်းထုတ်ကြလေပြီ။ ပညတ်ဆိုသည် ကား အထင် အထင်ဆိုသည်မှာ တကယ်မရှိ အဟုတ်မရှိ ထင်ရှားရုံသာရှိသော သဘော ဖြစ်သည်။ သို့ရာတွင် ထိုသည့်အထင်ပရမတ်အပြည်တင်ထားသော ပညတ်ကား လူ့လော ကတခွင်တွင် အရေးကြီးဆုံး (ဝါ) အသုံးအဝင်ဆုံးသဘောဖြစ်သည်။ အထင်အရှာ ဆိုရလျှင် ကား ကျွန်ုပ်တို့လူသားအားလုံး စားသုံးနေကြသော ဟင်းသီးဟင်းရွက်ဟင်းပင်တို့၏ နာမ



ပညတ် (ဝါ) အမည်ကို ဖြတ်၍ကြည့်ရာ၏။ အမည်မသိသော အသီးအပွင့်အရွက်တို့ကို စားသောက်ရလောက်အောင် ရဲရွန်းသတ္တိရှိသူလူသားကား ရှားမှရှားပင်ဖြစ်သည်။ နာမ ပညတ်အမည်မတပ်ဆင်ရသေးသော အသီးအပွင့်ဟင်းရွက်ပင်တို့၏ အရေအတွက်ကား အနန္တအမည်တင်ပြီး ကျွန်ုပ်တို့ လူသားအားလုံး ထာဝစဉ်အသုံးပြုနေသော သစ်ပင်တို့၏ စာရင်းကား အနည်းအကျဉ်းကလေးမျှသာဖြစ်သည်။ တဖန်နေဝန်းကွယ်ပျောက်သွားပြီး နောက် ညဉ့်နက်ချိန်ရောက်သည့်အခါ အထက်ကောင်းကင်လေဟာပြင်သို့ မော့ကြည့်မှ စမ်းပါလေ။ အသင်ချိုအနန္တရေတွက်၍ မရနိုင်လောက်အောင် တောက်ပပြောင်ဝင်း လျက် အရောင်ကလေးတွေထွက်နေသော ကြယ်ကလေးများကို မှန်း၍ကြည့်လိုက်ကြစမ်း ပါလော။ ၎င်းတို့တွင် နာမပညတ် အမည်တပ်ဆင်ပြီးကြယ်တို့၏ အရေအတွက်ကား မည်မျှရှိမည်နည်း။ လက်သည်းပေါ်တွင်တင်၍နေသော ရေပေါ်တ်မှုက်ကလေးနှင့် ဘာမှာရှာလေးငင်းမှာရှိတဲ့ ရေတို့၏ခြားနားသလောက်ပင်ရှိပေလိမ့်မည်။ လူသားအပေါ် အာဝင်ကမ္ဘာ၏အတိတ်ရာဇဝင်ဆရာကြီးတို့၏ အယူအဆအားဖြင့် ကျွန်ုပ်တို့လူသားများ သည် အလွန်ရှေးကျသော (ဝါ) ပညတ်မပေါ်သေးသော ပဝေသဏီအတိတ်ကာလ၌ တောတွင်းရှိ ကိုရှိဂူကန်နိုင်းတို့နှင့် ဆိုးတူကောင်းဖက်သောနတ်ကြီးအတွင်းမှာ နေထိုင်ခဲ့ကြ သည်။ လူသား၏ယဉ်ကျေးမှုအားလုံးကိုပင် ဆိတ်သုဉ်းသော အမြေအနေ၌တည်ရှိခဲ့လေ သည်။ ထို့နောက်အချိန်တွေပြောင်း၍ ကာလတွေအတော်ညောင်းလာခဲ့သည့်အခါ လူသား၏နှုတ်များတွင် အဓိပ္ပါယ်မထင်ပါ အမေ အဖေဟူသော နာမပညတ်များပေါ် ထွက် လာခဲ့သည်။ ထိုသည့် အမေ အဖေဆိုတဲ့ နာမပညတ်များသည် လူသားတို့အား တော တွင်းတိရစ္ဆာန်များနှင့် ခွဲခြားလိုက်ရာ၌ ပထမခြေလှမ်းသည်ဖြစ်ခဲ့လေသည်။

ထိုအခါမှစ၍ နာမပညတ်များသည် တခေတ်ပြီးတခေတ်ဆက်၍ဆက်၍ တိုး တက်ပွားများလာလေသည့်အကြောင်းများကို ရာဇဝင်တို့၌အဆိုရှိကြကုန်၏။ နာမ ပညတ်နှင့် လူသား၏ယဉ်ကျေးမှုများခွဲခြားရန် အလွန်ခက်ခဲလေသည်။ နာမပညတ်

တိုးတက်ပွားများလာလေလေ၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်ရလေလေဟု ယူဆကြကုန်၏။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ပြောရလျှင် ဤကမ္ဘာလောကအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော သန်းပေါင်းများစွာ ကုဋေကုဋာကုန်သော လူသားအားလုံးတို့တွင်၊ အညီနာမပညတ်မတပ်ဆင်ရသေးသော လူသားကား မရှိသလောက် ရှားပါးလိမ့်မည်ဟု ဆိုလျှင် မှားမည်မဟုတ်ချေ။ အထင်ရှားဆုံးသော သာဓကကို ဖော်ထုတ်ရလျှင်း ကမ္ဘာပေါ်တွင် နာမပညတ်များများရှိသူလူမျိုးတွေကို ယဉ်ကျေးသူဟု ခေါ်ဆိုရ၍ နာမပညတ်ဝေါဟာရစကားလုံးနည်းပါးသူ လူမျိုးကို မှိုင်းစိုင်းသူ (ဝါ) အဆင့်အတန်းနိမ့်ကျသူဟူ၍ သမုတ်ကြကုန်၏။

ထို့ကြောင့်ပင် လူမျိုးတိုင်း လူမျိုးတိုင်းတို့သည် မိမိတို့၏ ဘာသာစကားဆိုင်ရာအတွက် အလွန်တရာကြီးမားထွားကြိုင်းလှသော အဘိဓါန်စကားပုံကြီးတွေ၊ ဒွယ်ကုံ ကျမ်းကြီးတွေကို စုဆောင်းပြုစုခဲ့ကြလေပြီ။ ထိုကျမ်းကြီးတွေ၌ ပါဝင်သောစာရာတို့ကား နာမပညတ် ဆိုတဲ့ ဝေါဟာရစကားလုံးတွေတို့သာဖြစ်ကုန်သည်ဟု အတိအလင်းဆိုနိုင်ပါသည်။ ထို့ကြောင့် ဝေါဟာရစကားလုံးနည်းပါးလျက်ရှိနေသေးသော လူတစ်မျိုးကိုမူ ယဉ်ကျေးသူဟုမဆိုနိုင်ကြောင်း ထင်ရှားပါသည်။

ယခုအချိန်အခါ၌ပင် အရေအတွက် သိန်းချီဝေါဟာရဆိုင်ရာ၌ တစ်ထောင်မှ တစ်သောင်းအထိသာရှိသေးသော (ဝါ) ၁၀ ထောင်ကိုပင်မကျော်လွန်သေးသော လူမျိုးတွေရှိနေသေးကြောင်းကို တွေ့ရှိရလေသည်။ ထို့ပြင် အချို့အချို့သော အရပ်ဒေသများ၌ နေထိုင်ကြကုန်သော လူမျိုးအချို့တို့မှာ စာလုံးပင်မရှိသေးသည်ကို တွေ့နိုင်သည်။ ဝေါဟာရစကားလုံးဆိုတဲ့ နာမပညတ်များလဲ အလွန်နည်းပါးလှတဲ့အခြေ၌ပင် ရှိသေးသည့်အဖြစ်ကို ကျွန်ုပ်တို့သိရှိခဲ့လေပြီ။ ထို့ကြောင့် အထင်ပညတ်ကို ပရမတ်ဟူသော အရည်တင်ဆင်ကာ ခေါ်ဆိုနိုင်ကြောင်း ထင်ရှားလေသည်။



## ဗုဒ္ဓ၏ကမ္ဘာ့ဝါဒ

လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ကျော်အချိန်မှအစပြု၍ အိန္ဒိယနိုင်ငံကြီးရဲ့ ဘာသာအယူဝါဒဆိုင်ရာကြီးထွန်းလာခဲ့သော ဗြာဟ္မဏဘာသာကြီး၏ လက်သုံးဖြစ်သော အတ္တကမ္ဘာဝါဒကို အကျယ်တဝင့်ဖွင့်ဆိုရန် ကျမ်းပြုဆရာကြီးများပေါ်ခဲ့လေပြီ။

ဗုဒ္ဓ၏ကမ္ဘာဝါဒကား အခြားအခြားသော ကမ္ဘာဝါဒများနှင့် မတူကွဲပြား၍ အရင်းမူလအားဖြင့် ခြားနားသော အယူအဆဖြစ်သည်။ ဗုဒ္ဓမပွင့်ပေါ်မီခေတ်နှင့် ဗုဒ္ဓ၏နောက်၌ဖြစ်သော ခေတ်တို့တွင် ဖြစ်ပေါ်ခဲ့ကြသော ဘာသာရေးခေါင်းဆောင်တို့သည် အတ္တကို အများဆုံးအသုံးပြုကာ ဘာသာဝါဒအမျိုးမျိုးတို့ကို တည်ထောင်ဖန်ဆင်းခဲ့ကြလေပြီ။ အတ္တဟူသော သဘာဝသည် ၎င်း၏အလိုအားဖြင့် မြဲ၏၊ နိစ္စ၏၊ ထာဝရတည်မြဲ၏၊ ပျက်စီးခြင်းမှကင်း၏၊ အစမရှိအဆုံးမထင်သော ပရမတ္ထ၏ အစိတ်အပိုင်းဖြစ်၏။ ထို့ပြင် ၎င်းအတ္တသည်ပင် ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ ကံသုံးပါးကို ပြုလုပ်သူဖြစ်သည်ဟု ၎င်းတို့က ယူဆကြကုန်၏။ သို့ရာတွင် ဗုဒ္ဓ၏ ကမ္ဘာဝါဒကား အတ္တခေါ် ဝိညာဉ်ခေါ် လိပ်ပြာခေါ် သည့် သဘာဝမှ လုံးဝကင်းလွတ်သော ဆိတ်သုဉ်းသော အယူအဆဖြစ်သည်။ (ဝါ) ပါဠိဝေါဟာရစကားလုံးကို အသုံးပြု၍ ပြောရလျှင် အနတ္တဝါဒဖြစ်သည်။ အနတ္တဟူသော ပုဒ်နှင့် ကမ္ဘာဟူသောဝေါဟာရကို တွဲစပ်၍ ဖြစ်ပေါ်လာသော အနတ္တကမ္ဘာဝါဒဆိုတဲ့ အသံသည် အတ္တကမ္ဘာရှုခင်းနေသော ပုဂ္ဂိုလ်အချို့ကို အကြီးအကျယ်တုန်လှုပ်ခြောက်ခြားစေခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓ၏ကမ္ဘာဝါဒကား စင်စစ်မှုချအားဖြင့် အနတ္တကမ္ဘာဝါဒဖြစ်ကြောင်းကို ငြင်းဆိုသူ ပေါ်ထွက်နိုင်မည်မဟုတ်ချေ။

ဤအခန်းစာမျက်နှာ နံပါတ်(၅၇)တွင်ပါရှိသော ဒုတိယစာပိုဒ်ကား တရားသတ်သေတို့ရဲ့ စိတ်ကိုအများကြီး အလွန်အတွေးကြီးထိခိုက်စေပါသည်ဟူ၍ သတ်သေတိုင်းလို

လိုက ထွက်ဆိုသွားခဲ့ပြီး၊ ဘာသာတရားတစ်ခုခုကိုလည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကို သော်လည်းကောင်း ထိပါးစော်ကားမှုမရှိကြောင်းကို ဤနေရာ၌ ရှင်းလင်းဖော်ပြရပေသည်။

ဤကမ္ဘာလောကကြီးရှိဘာသာများကို စတင်တည်ထောင်ဟောပြောသော ဘုရားဘွဲ့ခံပုဂ္ဂိုလ်တို့သည် လေ့သလူ့အားဖြင့် ကမ္ဘာပါဠိများသာဖြစ်ကြကုန်ပြီး ဤပါဠိတို့ကို သက်သေတိုင်းက အပြစ်မရှိဟူ၍လက်ခံထွက်ဆိုခဲ့ကြကုန်ပြီ၊ သို့ရာတွင် ကာယကံ၊ ဝစီကံ တို့ဖြင့် ကောင်းမှုနှင့် မကောင်းမှုပြုလုပ်ကျူးလွန်သူ နောက်လိုက်လူသားကို၊ ဘုရားတို့၏ မနောဘွဲ့ရတိုက်ထုတ်ဖြစ်သော ကောင်းကင်ဘုံနန်းနှင့် ငရဲနန်းစခန်းတို့သို့ ပို့ခဲ့ကြကုန်၏။ ဟူသော ခုတ်ယပါဠိကျမ်းကား၊ ထိုသက်သေများအတွက် စေးခါးကြီးသမ္မသိဖြစ်၍နေချေပြီ။ လိုရင်းမှာ ငရဲနှင့်ကောင်းကင်ဘုံနန်းတို့သည် ဘုရားဘွဲ့ခံပုဂ္ဂိုလ်တို့၏ မနောဘွဲ့ရတိုက်ထုတ် ဖြစ်ကုန်ပြီဟူသောအချက်ကိုရင်းပုဂ္ဂိုလ်များမနှစ်မြို့သဖြင့် အန်းထွက်လာခြင်းဖြစ်သည်၊

မျက်ကြည်းနို့ . . . . . ဘာသာတရားနှင့် ပတ်သက်ရာ၌ဖြစ်စေ၊ စီးပွားရေး နိုင်ငံရေးစသော ကိစ္စရပ်များနှင့် ပတ်သက်ရာ၌ဖြစ်စေ (၁) လက်တွေ့၊ (၂) စိတ်တွေ့ ဟူ၍နှစ်မျိုးပြားနိုင်ဖြစ်ရသည်။ ယင်းသို့ရှိခြင်းကြောင့် လက်တွေ့သဘာဝနှင့် စိတ်တွေ့သဘာဝတို့ကို ထွေးကွဲပြားပြောနေသည်ဘိမ္ဗိုရန် အလွန်အရေးကြီးသည်။ လက်တွေ့ကားကျင့်သုံးမှု စိတ်တွေ့ကား ယုံကြည်မှု ဤသို့လည်းပိုင်းခြား၍ရှိရသည်။ ကောင်းကင်ဘုံနန်းနှင့် ငရဲနန်းတို့ကို စိတ်တွေ့သဘာဝ၌သာ ထည့်သွင်းရေတွက်နိုင်ကုန်သည် ဖြစ်သောကြောင့်၊ လက်တွေ့သဘာဝစာရင်းသို့မူကား မသွတ်သွင်းနိုင်ကြောင်း ထင်ရှားသည်။ သို့ရာတွင် ဤကမ္ဘာပါဠိဒေသနာနှင့် ပတ်သက်ရာ၌ ဂေါတမဗုဒ္ဓသည်သာလျှင် အခြားသော ဘုရားတို့နှင့် မတူကွဲပြားထူးခြားသော ကမ္ဘာပါဠိတရားကို ဟောကြားခဲ့သော ဘုရားဖြစ်သည်ဟူသော ဝါကျဖြင့်၊ ဗုဒ္ဓ၏ကမ္ဘာပါဠိကို အမွန်းတင်ရန်သို့အစပ်လာသဖြင့် ကမ္ဘာ၏ ကိုးကွယ်ယုံကြည်ရာဘုရားတို့အနက်မှ ဗုဒ္ဓကိုခွဲထုတ်လိုက်ခြင်းဖြစ်သည်။



အဘယ်အကြောင်းကြောင့်နည်း။ . . . . . ဗုဒ္ဓဂေါတမသည်သာလျှင် အတ္တနှင့် မတွဲသော (ဝါ) အတ္တဝိညာဏ်နှင့် မယှဉ်သော ကင်းသော ကမ္ဘာပါဠိကို ဟောခဲ့သည်။ (ဝါ) တနည်းသော်ကား ဗုဒ္ဓသည်သာလျှင် အနတ္တကမ္ဘာပါဠိဖြစ်တော်မူသည်။ ထို့ကြောင့် အခြားသော ဘုရားတို့မူကား အတ္တနှင့် အစဉ်တွဲသော (ဝါ) အတ္တဝိညာဏ်နှင့် အပြယှဉ်စပ်နေသော ကမ္ဘာပါဠိကို ဟောခဲ့ကြကုန်၏ဟူ၍ အဝါအလင်း ရေးသားဖော်ပြခဲ့လေသည်။ ဤစာပိုဒ်ဖြင့် ဗုဒ္ဓ၏မူရင်းကို တိုးတက်ပြောင်းပြောက်စေခဲ့ပါသည်။ တပြိုင်နက်ဖြစ်ထွန်းပွင့်ပေါ်ခဲ့ကြသော ဘုရားဘွဲ့ခံပုဂ္ဂိုလ်ထူးများနှင့် လူသားအားလုံးတို့သည် အတ္တကမ္ဘာပါဠိများဖြစ်ကြကုန်ရာ အတ္တကမ္ဘာပါဠိကိုသာ ဟောပြောပြသ၍ အတ္တကမ္ဘာပါဠိလမ်းစဉ်ကိုသာ လိုက်နာကျင့်သုံးနေကြကုန်၏။ ဂေါတမဗုဒ္ဓကား သဗ္ဗညုတဉာဏ်တော်ကို (ဝါ) အလင်းဉာဏ်ကိုရရှိသည်နှင့် တစ်ပြိုင်နက်ပင် ကမ္ဘာပေါ်ရှိဘုရားဘွဲ့ခံများနှင့် လူတွေ ကမ္ဘာ့လူသားတစ်ရပ်လုံးက ရင်နှင့်ပိုက်ထွေးယုယသလိုမျှသ ကဲ့သို့ ချစ်သော ခဲ့သော အတ္တဝါဒကို ရက်ရက်စက်စက်အတင်းတိုက်ဖျက်ချေမှုန်းတော်လှန်တော်မူပြီးလျှင် အနတ္တဝါဒကို အတိအလင်းကြေငြာတော်မူခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓကို ယထာဘူတ၊ တထာဂတဟုဆိုတဲ့ ဂုဏ်ပုဒ်နှင့် ချီးကျူးခဲ့ကြလေပြီ၊ ယထာဘူတ တထာဂတဟုဆိုသည်ကား၊ လုပ်သလိုပြော၍ ပြောသလိုလုပ်သည်ဟူသော သဘောကိုဆောင်သည်။ ဆိုလိုရင်းမှာ ဗုဒ္ဓသည်လက်တွေ့ဘုရားဖြစ်သည်။ စိတ်ကူးယဉ်ဘုရားမဟုတ်ဟုဆိုလိုသည်။ ထိုပြင် ဗုဒ္ဓသည်လက်တွေ့ဘုရား၊ ယနေ့ဘုရားဖြစ်သောကြောင့် သန္တိဋ္ဌိက၊ အကာလိက၊ ဧဟိပဿိက စသော၊ ယနေ့(ဝါ)ပစ္စုပ္ပန် သဘာဝများကို မြင်ကွင်းအဖြစ်ဖြင့် ဖော်ထုတ်ခဲ့သည်။ ပုံစံနှင့် ခေါင်းအကြား (ဝါ) မွေးသောနေ့နှင့် သေသောနေ့အကြားကာလကို အကြမ်းဖျင်း (ဝါ) အကျဉ်းချုပ်ပြောရလျှင် ဆိုနိုင် သလို တို့ နှစ်ဆယ့်လေးနာရီဖြင့် ပိုင်းခြားထားသောတဘဝလောကိုလည်းကောင်း၊ ပစ္စုပ္ပန်အနေအားဖြင့် ယဟိမှတ်ပိုင်းခြားနိုင်ပေသည်။ သို့ဖြစ်ရာ အရှည်ဆုံးကာလ (သို့မဟုတ်) အတိုဆုံးကာလ

ထို့ပြင် ပိုင်းခြားအပ်သော ပစ္စုပ္ပန်ကိုသာ မြွေဂုဏ်အရာ၌အသုံးပြုသည်ဟူ၍ မှတ်ယူကြကုန်ရာ၏။ထို့မှတစ်ပါးမြွေဟူသောပုဒ်၏အဓိပ္ပါယ်ရသည်လည်းကျယ်ဝန်းများပြားလှပေ၏။

သို့ရာတွင် ဤနေရာ၌အသုံးပြုသောမြွေကား "မေယျပံစဝံဗုဒ္ဓာဂွာတေ မြွေဝိနေသ ပစ္စန္တတော" (ငါသည် ဤကိုးမိုးကောင်းမှာ ယောကြားအပ်သော မြွေဝိနေယျပါဝင်တဲ့ သာဝသာနာတော်၌ ရဟန်းပြုသည်။) "စတုဗ္ဗဂ္ဂမ်ဂမြွေဝိနေယျ တနောတိ အပေါ်ဂွမ်း မြွေဝိနေယျ အဘာဘနာမိ" (သင်သည် ဤမြွေဝိနေယကိုမသိ ငါကား ဤမြွေဝိနေယကိုသိသည်။) စသော ပါဠိတော်များ၌ အကျုံးဝင်သည့် မြွေဖြစ်သည်ဟူ၍ မှတ်ယူကြကုန်ရာ၏။ အသင်ရှားဆုံး သာဓကဆောင်ရလျှင် အစင်ကြယ်ဆုံးသော ယမ်းမှုန့်နှင့် မီးတို့ဆုံဆည်းမိတဲ့အခါမှာ အချိန်ဖင့်၍အခါလင့်မနေပဲ ယမ်းကိုမီးစွဲသကဲ့သို့ဟူ၍ မြွေဂုဏ်တို့၏ အနက်သဘောကို မှတ်ယူသင့်လေသည်။ ဥပမါ။ (၄၆၀) ပါဝင်သော စတ်ိဗိုင်းဖြစ်စေ၊ သို့မဟုတ် (၄၆၀၀) ပါဝင်သော (ဝါ) (၄၆၀၀၀) ပါဝင်သော လျှပ်စီးကိုဖြစ်စေ လျှပ်လိုက်သောအခါ တုန့်ရပ်နေသူလူသားနှင့် ဖျက်နှာခြင်းဆုံမိတဲ့ ခဏသာလျှင် ဗုဒ္ဓ၏အလိုတော်အားဖြင့် ယနေ့ဖြစ်သည်။ ပစ္စုပ္ပန်ဖြစ်သည်။ တုံးအိုးလက်နှိပ်ဓာတ်ပုံများ၌ ဖြူးပေါ်ပေးမှုတို့သည် အချိန်မနှောင်းကာလဖော့ပဲထင်ပေါ်ဖြစ်ကုန်သည်ဟူသောအချက်၌ကြည်းတွက်စရာမရှိဖြစ်ရသည်။ သို့မှသာလျှင် ကံပြုလုပ်သူ၊ ကာယကံနှင့် ကံ၏အကျိုးကိုခံစားသူ စသဖြင့်တို့မှ ပျောက်၍ သွားနိုင်ချိန်ပေသည်။ ကာယကံပြုလုပ်သူနှင့် စေတနာ ခံစားသူတို့ကွဲပြားနေမှုကား ဤဘဝဇာတ်ကိုယ်စား ဟိုဘဝ ဟိုကိုယ်ခံဆိုတဲ့ လူကြမ်းတို့၏ စကားနှင့် တစ်သဘောတည်းနေမှာလဲမှန်ပေသည်။

အနတ္တဝါဒသည် ပြောင်မြောက်ပင်ကြီးများကဲ့သို့ ကျရောက်ရာမြေပြင်မှာ ထွယ်ဖိသောအမြစ်များကြီးထွားနိုင်မှသော ပင်စည်ကြီးများ အမြစ်သို့ရောက်ခါလွန်စွာ ကြီးထွား၍ နေလေပြီ။ အကိုင်းအခက်အလက်အရွက်တို့ဖြင့် ဝေပြာစည်ပင်၍ နေလေပြီ။ အကိုင်းအခက်အလက်အရွက်တို့ဖြင့် ဝေပြာစည်ပင်၍ နေလေပြီ။ ဗုဒ္ဓရှင်တော်ဘုရား၏ မှန်ကန်သော အနတ္တဝါဒကြီးသည်ပင် ဓမ္မမဟာသဘောခေါ် ဆိုအပ်သော အိန္ဒိယနိုင်ငံမှ




အတ္တဝါဒ၏ တိုက်ထုတ်ခြင်းကို အပြင်းအထန်ခံရသောကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရလေပြီ။ ထိုသို့တိုက်ထုတ်ခံရမှုကပဲ အတ္တဝါဒသည် အမြောက်မကြေမြိတ်မငြိမ်ပဲ မကျေသေးတဲ့ပမာ အသွင်အမျိုးမျိုးဆောင်ကာ မြန်မာနိုင်ငံသို့ရောက်လာတဲ့ ဒေသနာကိုပင် အနှောင့်အယှက်ပေးလျှက်ရှိနေသည်။ ကလေးကို လိပ်ပြာခဲ့ခြင်း၊ လုပ်တိုင်းကုန်းမှ ကျောက်ခဲ (သို့မဟုတ်) ယစ်ခက်ကလေးဖြင့် လိပ်ပြာခေါ်လာခြင်း၊ စွမ်းသွပ်ခြင်း၊ အမှုခံခြင်း၊ ရက်လည်ဆွမ်းသွတ်ခြင်း၊ နောက်လိပ်ပြာကိုနှင်ခြင်း စသောလုပ်ငန်းများသည် ဤအတ္တဝါဒ၏ ပဉ္စမတပ်သားများအဖြစ် ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်အတွင်းသို့ ဝင်ရောက်ကာ ဗုဒ္ဓ၏ အနတ္တဒေသနာကို အကြီးအကျယ်ဖယ်ပိုးလျှက်နေချေပြီ။ ယခုအခါ ဤနိုင်ငံ၌ လူကြိုက်အတော်များ၍ အစောင်ခေတ်စားနေတဲ့ နတ်ဝါဒ၊ နန်းဝါဒ၊ ကာဝေတရွေဝါဒ၊ အဓိမ်းသခဲ့ဝါဒနှင့် ယုံကြည်မှုစသည်တို့ကား အသွင်အမျိုးမျိုးဆောင်ကာ ဝင်ရောက်လာကြသည့် အတ္တဝါဒ၏ပဉ္စမတပ်သားတို့သာ ဖြစ်ကြကုန်၏။

ထို့ကြောင့်ပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ နေ့တတွက်တွက်၊ ညတတွက်တွက် တရွတ်ထဲရွတ်၍ နေကြသော ဗုဒ္ဓဘာသာဝင်မြန်မာလူတော်စင်အတော်များများပင် အတ္တဝါဒီတွေဖြစ်နေမှန်းမသိဖြစ်၍ နေကြလေပြီ။ ဝမ်းနည်းဖွယ်ကောင်းလှပါကား။ ယင်းသို့အားဖြင့် အတ္တဝါဒ၏ အန္တရာယ်သည် တစ်စတစ်စကြီးကျယ်လွှမ်းမိုးကြီးစိုး၍လာခဲ့ရာ အချိန်မီတားဆီးခြင်းမပြုလုပ်နိုင်ပါက ဗုဒ္ဓ၏ အနတ္တဝါဒဝင်လျှင် တိမ်ကောပျောက်ခြင်းသို့ ရောက်၍ သွားဖွယ်ရှိချေသည်။ ထို့ကြောင့်ဤလူသောလူဖြစ်ကျမ်းစာဖြင့် ဗုဒ္ဓ၏ အနတ္တဝါဒကို ထုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်ပေသည်။



# ဘုံခန်းနှင့် လူ့စရိုက်



ကမ္ဘာ့လူသားတို့၏ ဓနဥစ္စာတစ်လျှောက်လုံး၌ လူသား၏စရိုက်သွင်ပြင်ရေး တိုးတက်ရေးနှင့် တကွ စရိုက်မကျိုးနိုင်ကြ နိုင်ရေးကား အစဉ်ကလုပ်ငန်းဖြစ်ခဲ့ရာ၊ အသီးသီးသော ဒေသဆိုင်ရာဌာနတို့တွင် အမျိုးမျိုးသောနည်းလမ်းသယ်တို့ကို အသုံးပြု၍ လူသား၏ စရိုက်မကျိုးနိုင်ကောင်းမွန်ကြ နိုင်ရေးအတွက် လုံးပမ်းသည့်လူသားခေါင်းဆောင်များ ပေါ်ထွက်ပြဖြစ်ခဲ့လေပြီ။ ရင်းတို့သည် လူသား၏ယဉ်ကျေးမှုတိုးတက်ရေးနှင့် စရိုက်မကျိုးကြ နိုင်ရေးတို့အတွက်၊ ပြောက်လုံးပြောက်လုံးတို့နှင့်တကွ နည်းဥပါယ်မျိုးစုံတို့ကို သုံးစွဲခဲ့ကြလေပြီ။ ဤလောက၌ မူလ ဘုံခန်းကျောင်းဆရာသည် ကျောင်းသို့ရောက်ခါစ (ဝါ) ညာဘက်ခါစ ကလေးငယ်ကို ချောတန်းတဲ့အခါချော ပြောက်တန်းတဲ့အခါပြောက်၍ ပြောက်တန်တဲ့အခါ ပြောက်ရသကဲ့သို့ပင်တည်း။

သို့ရာတွင် ထိုသည့်ကလေးငယ်သည် မူလတန်း အလယ်တန်းများ စသည် အောင်မြင်ပြီးနောက်၊ တက္ကသိုလ်သို့ အကြွင်းအခါ၌ တက်ရောက်၍ တက္ကသိုလ်ပညာကို ဆည်းပူးလေပြီ။ ထိုအခါမှစ၍ သူ့အားအထက်ဆရာများကပြောက်ရန် ပြောက်ရန်မလိုတော့သကဲ့သို့ ထိုအတူပင် ကမ္ဘာ့လူသားတို့၏ အဆင့်အတန်းသည်လည်း တစ်ဆင့်ထက်တစ်ဆင့်မြင့်၍မြင့်၍ တက်လာခဲ့ပြီဖြစ်ရာ၊ အပြောက်နှင့် အပြောက်နယ်ပယ်ကိုကျော်လွန်၍သွားခဲ့လေပြီ၊ အချော်နှင့် အကြောက်တို့ကို အသုံးမပြုပဲလျက်နှင့်ပင် လူသား၏ စရိုက်မကျိုးနိုင်ကြ နိုင်အောင် ပြုပြင်နိုင်ကြလေပြီ။

လောက၌ လူသားတစ်ယောက်သည် အကြောက်နှင့် အချော်ကြောင့် ဒုစရိုက်တရားများကို ရှောင်ကြဉ်၏။ အခြားလူသားတစ်ဦးကမူ ဒုစရိုက်တရားများကို သဘာဝအားဖြင့် အမှားတွေ့ပဲ (ဝါ) မကောင်းတာတွေ့ပဲတွေ့၍ သိမြင်ခြင်းကြောင့် အသိဉာဏ်ဖြင့်



ရှင်းတို့ကို ရှောင်ကြဉ်၏။ ထိုသူနှစ်ဦးတွင် မည်သူ့ကို နည်းလမ်းမှန် သူဟုဆိုကြမည်နည်း။

အကြောက်နှင့် အချော်ကို အနေအထားသော ဘာသာတိုင်းမှာပင် ကောင်းကင်ဘုံနှင့်ငရဲခန်းတို့သည်အမြဲတမ်းတေတ်လိုက်ဖြစ်ကြလေရာ၊ ဤသည်သော တရားနှစ်ပါးကိုယက်ခံသော ဘာသာသည် ရှင်းတို့ကို ကြီးထွားသန့်စွမ်းလာအောင် ပြောဆောင်ပျောက်ပေးမည့် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ဆောက်ပြုမူတာပင်ဖြစ်သည်။ ထိုသည့် မွေကာအရေး ဟိန္ဒူဘာသာဆိုင်ရာကြွေးကြား ပုရာဏ်၊ ဆာဗူးဝေဒလိုတို့ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ၌ ရဟန်းငယ်မှစ၍ ဘာသာနယ်ပိုင် (ဝါ) အဘိဓမ္မာတရား ရှုထောင့်အောင်သော ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာဆိုင်ရာ၌ ပါဝင်နိုးညီသောသင်းအုပ်ဘုန်းကြီးမှစ၍ ပိုက်းချုပ်ကိုက်တော်၊ နောက်ဆုံး၌ ပုပ်ရဟန်းမင်းကြီးတိုင်အောင်သော ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ မဟာမေဒင်ဘာသာဆိုင်ရာ၌ မော်လဝီ၊ နဗီစသည်တို့ကိုလည်းကောင်း ဖန်ဆင်းတည်ထောင်ခဲ့ကြကုန်သည်ဟု ရေးသားခဲ့ကြသည်။ ရှင်းတို့ကို ပွဲလာမိဌာန်အားဖြင့် ကောင်းသည်ဆိုးသည်ဟူ၍ မဝေဖန်ခဲ့ချေ။ အမှန်မှာ ထိုထိုပုဂ္ဂိုလ်အမျိုးအစားများ မွေးဖွားပေါ်ပေါက်လာခြင်း၏ အကြောင်းရင်းကိုသာ လိုက်လံရှာဖွေ၍ ဖော်ထုတ်ခဲ့ခြင်းသာဖြစ်သောကြောင့် အပြစ်တင်ရန် အကြောင်းမရှိပါချေ။

ထို့ပြင် ရှင်းတို့သည် ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းတို့၏ သော့ကိုင်များဖြစ်ကြ၍ တန်ခိုးဆောင်လုပ်ငန်း၌ ပတ်ဝန်းကျင်ကျင်သူများဖြစ်ခဲ့ကြသည်မှာတုတ်တုံလောဟူသော ပုစ္ဆာငါကျကလေးကား မျက်သားကလဲအထင်ထင်၊ မျက်လုံးကလဲ မေကလေ၊ ကလေဖြစ်၍နေသော မျက်ခမ်းစင်သတ်ခေသာအချိန်၏ မျက်စေ့ထဲတွင် ဝဲသွားနှင့်သလိုဖြစ်ခဲ့ချေပြီ။ သို့ရာတွင် သို့အတွက် မျက်ခမ်းစင်နားပျောက်ကင်းကြောင်း မျက်စင်းဆေးကောင်းဖြစ်ပုံကို ထပ်လောင်း၍ ဖွင့်ဆိုရပေမည်။

ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းတို့၏ သော့ကိုင်များဖြစ်ကြရာဆိုတဲ့ ငါတို့ကား ပုဂ္ဂိုလ်တို့သည် ကောင်းကင်ဘုံနန်းသို့တက်ရောက်နေအတွက်သော်လည်းကောင်း၊ သို့

မဟုတ် ငရဲခန်းသို့ကျခြင်းရေးအတွက်သော်လည်းကောင်း၊ ပဓာနအားဖြင့် ဆည်းကပ်ရမည့် ပုဂ္ဂိုလ်များဖြစ်သည် ဟူသောအနက်မှတစ်ပါး အခြားအနက်ကို မဆောင်ချေ။

ရှင်းတို့သည် ဖိုသည့်ကောင်းကင်ဘုံနန်းနှင့် ဘုံစခန်းသို့ မိမိတို့ကိုယ်တိုင်ရောက်၍ ကိုယ်ပိုင်ဖျက်စီးဖြင့် မမြင်ရပါပဲလျက်၊ တကယ်တို့ မြင်ရောင် တန်ဆောင်၍ ဟောပြောခဲ့ကြကုန်သည် ဟူရေးသားဖွင့်ဆိုခဲ့ကြကုန်လေပြီ။ ယင်းသို့ ဟောကြား ပြောဆိုရေးသားခြင်းတို့ဖြင့် လူသားထုတစ်ရပ်လုံး၏ အမျှော်နှင့် အကြောက်ကို ဆွ၍ပေးခဲ့ကြကုန်၏။ မြှောက်မြှောက်၍ ပေးခဲ့ကြကုန်၏။ သက်သိမ်းလုပ်ငန်းဆိုသည်ကား အခိက (၀ါ) ပဓာနလုပ်ငန်းဟု ဆိုလိုသည်။ ထို့ကြောင့် သူတို့သည် ရှင်းသက်သိမ်းလုပ်ငန်းကို အမြဲတစေပြုလုပ်သွားရန်လိုသည်ဟု ညွှန်ပြခြင်းဖြစ်ရာ၊ မည်သည့်ပုဂ္ဂိုလ်အားမျှ ဝိစေသနမဖြစ် အပြစ်တင်ခြင်းမပြုလုပ်ခဲ့ကြောင်းကား ထင်ရှားပါသည်။

ထို့ပြင် ဘာသာကြီးလေးမျိုးတို့တွင်၊ ခေါင်းဆောင်အဖြစ်ပါဝင်ကြကုန်သော ပုဂ္ဂိုလ်တို့၏ မူလပင်ရင်းသဘောကို နက်နက်နဲနဲတွေးတောစဉ်းစားခဲ့လျှင် သူတို့သည် စိတ်ထားကောင်းကောင်း စေတနာသန့်သန့်နှင့် လူ့ဘောင်ကို ချွတ်ရောင်ရွှန်းပစ်လာသူများဖြစ်ခဲ့ကြကုန်၏။ လောကသားကို ကယ်တင်ရန်ဟူသော တကယ်ဖြင့်ဖြတ်တဲ့ ရည်မှန်းချက်ဖြင့် ထွက်လာကြသူများလည်းဖြစ်ကြကုန်၏။ သို့ရာတွင် သူတို့ရဲ့ဘဝအခြေအနေကဖန်တီးသွန်သင်မှုကို တွန်းလှန်ခုခံခြင်းငှာ မစွမ်းနိုင်ကြသောကြောင့် အကြောက်နှင့် အမြှောက်အမျှော်လုပ်ငန်းတို့ပင် တန်းတန်းစွဲလုပ်ကိုင်ကြရလေသည် ဟူသော စာပိုဒ်တို့ဖြင့်၊ ဘာသာကြီးလေးမျိုးဆိုင်ရာ ဘာသာဝန်ဆောင်ပုဂ္ဂိုလ်တို့၏ အစွန်းအမြတ်ဖြစ်သော မူလရည်မှန်းချက်တို့ကို ဖော်ပြပြီးလျှင် ထိုရည်မှန်းချက်များ အကောင်အထည်မပေါ်ဘဲ ချွတ်လွှင်းချွတ်ချော်သွားရခြင်း၏ မူလအကြောင်းရင်းကို ညွှန်ပြရခြင်းသာဖြစ်ပါသည်။

ဘာသာဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ဘာဝန်တွေ့ရာကား အလွန်ကြီးလေးရာတွင်၊ ပတ်ဝန်းကျင် အခြေအနေလွှဲခေါ် ဆိုအပ်တဲ့ ဗဟိဒ္ဓအကြောင်းတို့၏ တွန်းထိုးနှိုးဆော်မှုကို



ပါ တွန်းလှန်နေကြရလေသည်။ သာဓကအနေဖြင့် မြန်မာနိုင်ငံတော်အတွင်းရှိဘုရားသာရပ်နဲ့ ရှာနီးတော်များ၏ ဘဝလမ်းစဉ်ကိုကြည့်ရှုရာ၏။

ရှေးခေတ်ကရှာနီးတော်များသည် ဦးပုညတရားစာ၊ ကျွမ်းတရားစာများ ပေါ်ပေါက်လာတဲ့အချိန်မှာ သာရေနာရေကိစ္စများ၌ အဆိုပါတရားစာများကိုဖြစ်စေ၊ သို့မဟုတ် ရှင်းတို့နှင့် အလားတူစီစဉ်ရေးသားထားတဲ့ တရားများကို ဖြစ်စေ၊ ယင်းကို ဆောင်၍ ဟောပြောခဲ့ကြကုန်၏။ ထို့ကြောင့်ပင် လယ်ဆောင်တရားဟူ၍ ခေါ်ဆိုခဲ့ကြကုန်ပြီ၊ ထိုအစောအတွင်းမှာ တရားနာသူသူ လူဝင်သက်၏ အချည်အချင်းတိုးတက်လာခဲ့ရာ ရှင်းနှင့် ဆီလျော်သောယင်လဲ့တရားပေါ် ထွန်း၍ လာခဲ့ရလေပြီ။ ညွှန်သို့အားဖြင့် ပတ်ဝန်းကျင် အခြေအနေများ၏ နှိုးဆော်မှုကြောင့် ဘာသာဝန်ဆောင်ရှာနီးတော်များ၏ တရားဟော ပြောရေးသားပြုပြင်မှုများပြောင်းလဲ၍ လာခဲ့ရလေသည်။

ယင်းသို့ဖြစ်ရသူတို့သည် ဘုတဘုံဘဝသည်တို့၌ ခံစားစံစားရမည့် ချမ်းသာသုခများနှင့် ဘာတွေ ခုက္ခသိတများ၌ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတို့ကို ဖွင့်ဆိုဟောပြောရသော အခြေအနေသို့ ဆိုက်ရောက်ခဲ့ကြရလေသည်။ ထို့ကြောင့် "ဘုံနန်းက ခြောက်လွန်းသည်၊ ငရဲခန်းကတော့ ခြောက်လွန်းသည်" ဟူသော မြန်မာစကားပုံတစ်ခုပင်ပေါ် ပေါက်ခဲ့လေပြီ။ လူသားတွင် အကြောက်စိတ်ဓာတ်နှင့် အမျှော်စိတ်ဓါတ်များကိန်းဝပ်လာပြီဆိုလျှင် လူသားသည် မိမိကိစ္စအဝဝတို့ကို မှန်သောကြောင့် ပြုလုပ်ဆောင်ရွက်တဲ့ အခြေအနေမှ ကြောက်လို့မျှော်လို့လိုက်နာကျင့်သုံးတဲ့ အခြေအနေသို့ အလိုအလျောက် ဆိုက်ရောက်၍ သွားလေသည်။

ယင်းသို့ အမျှော်နှင့် အကြောက်တို့ ဒုပ်နှိုးခြင်း၊ ဖိနှိပ်ခြင်း၊ ချုပ်ချယ်ခြင်းတို့ကို ခံရသောလူသားသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း၊ ဓာဖန်ခြင်းဟူသော ဝီရိယနှင့် ဝိစာရဏာတို့ကို လက်လွှတ်ရတဲ့ ဘဝသို့ရောက်သွားလေတော့သည်။ ထိုတရားနှစ်ပါးတို့ လက်လွှတ်၍ သွားသည်နှင့် တစ်ပြိုင်နက်လူသားသည် အကန်းဘဝသို့ ရောက်သွားပြီးလျှင် ဇုတ်ဆွဲရာသို့လိုက်ရသူဖြစ်၍ သွားလေတော့သတည်း။

ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်အရမှာ လူသားတိုင်းလုပ်ရမည့်ဆိုသို့ လိုက်ပါနေရတဲ့ အကန်းဘဝမှ လွတ်မြောက်ရန်ဖြစ်သည်။ လူသားတိုင်းအကြောက်ကင်းရန်၊ အမျှော်ကင်းရန်ဖြစ်သည်။ လူသားတိုင်းအမှားအမှန် ဤနှစ်တန်ကို စေ့စေ့စပ်စပ်ဝေဖန်ရန်ဖြစ်သည်။ လူသားတိုင်းအမှားကို တော်လှန်၍ အမှန်ကိုသိမ်းပိုက်ရန်ဖြစ်သည်။ အမှားကို တိုက်ဖျက်တော်လှန်ရာ၌ အနှောင့်အယှက်အကန့်အကွက်ဖြစ်သော အရာအားလုံးကို ချေမှုန်းဖျက်ဆီးရန် လူသားတိုင်းမှာတာဝန်ရှိသည်။ အမှန်ကား အလင်းရောင်ဖြစ်၏။ လူသား၏ ပဓာနတာဝန်ကား ထိုသည့်အလင်းရောင်ကို မျှော်ကြောက်မနေဘဲ ဖြန့်ဖြူးရန်ဖြစ်သည်။ အလင်းရောင်ကို ငြင်းပယ်သူကား ဤကမ္ဘာ၌ထွက်မြောက်ပေသေးချေ၊ အကယ်၍ ထွက်မြောက်လာသည်ဟု ဆိုလျှင်၊ ထိုသူကား ကြောင်တောင်ကန်းသော်လည်းကောင်း၊ သို့ဟုတ်လျှင် ပေါက်တောက်ကန်းသော်လည်းကောင်းဖြစ်ရပြီမည်။ မျက်စိနှစ်ကွင်း အလင်းရသူလူသားတိုင်းသည် ဗုဒ္ဓ၏လမ်းစဉ်အတိုင်း အမြင်မှန် (ဝါ) သမ္မာဒိဋ္ဌိဉာဏ်ပွင့်သူဖြစ်ရမည်။ ယင်းသို့ သမ္မာဒိဋ္ဌိအမြင်မှန်ရရှိသော လူသားအမိုက်အကြောက်နှင့် အမျှော်တို့သည် ကင်းချွတ်ကျွတ်ဖေါက်လွှတ်ပစ်၍ အလဲကားစာရင်းဝင်တို့သာ ဖြစ်ကြပေလိမ့်မည်။

## အတွေးပျင်းအလုပ်ကျွန်


ကမ္ဘာ့လောကအတွင်း၌ ယခုတိုင်အသက်ရှင်လျက်ရှိကြကုန်သော ဘာသာဝင်အသီးသီးတို့သည် ဘာသာတန်ဆောင်အဖြစ်ဖြင့် ၎င်းတို့နှင့်ဆိုင်ရာ ဘုန်းတော်ကြီးများကို မွေးထုတ်ခဲ့ကြကုန်၏။ ၎င်းတို့သည် အနေသွားအရောင်၊ အဆင်အပြင်၊ အဝတ်အစားများ ကွဲပြားနေကြစေကာမူ သူတို့ရဲ့လုပ်ငန်းမှာကားတူညီကြကုန်၏။ အဘယ့်ကြောင့်နည်း သူတို့၏ဘဝများက တူညီကြသောကြောင့်တည်း။ သူတို့ရဲ့ဘဝကား ပရွက်နီသဘာဝ သူ



တစ်ပါးကို အမှီသဟဲပြု၍နေရသောဘဝဖြစ်သည်။ သူတစ်ပါးဟု ဆိုအပ်သော လူသားအများတို့သည် သူတို့၏ စားဝတ်နေရေးအတွက်တာဝန်ယူကြရကုန်၏။ ထို့ကြောင့်ပင်လျှင် လေးပါးဖြင့် ၎င်းတို့ကို ထောက်ပံ့ကြရသော လူသားတို့သည် သူတို့ရဲ့အသက်သခင်ကျေးဇူးရှင်များဖြစ်လာကြကုန်၏။ သို့ဖြစ်ရာ သူတို့ရဲ့ပစ္စည်းလေးပါး ဒါယကာနှင့် ဒါယိကာမများ တိုးတက်ပွားများလာစို့ လုံးပမ်းလာကြလေပြီ။ သူ့အားအညီးအပ်ကိုးကွယ်နေသူကို ငါ့ဘက်သို့ရောက်အောင် (ဝါ) ငါ့ဘက်ကလူ သူ့ဘက် ရောက်မသွားအောင်ကြိုးစား အားထုတ်ကြရလေသည်။ ထိုသို့သော အလုပ်ကို သာသနာပြုလုပ်ငန်းဟုခေါ် ဆိုသည်။ ဘာသာဝင်တိုင်းအတွက် အမွန်မြတ်ဆုံးကိစ္စတစ်ရပ်ဖြစ်သည်ဟု မှတ်ယူကြရာ၊ လူချမ်းသာ - လူခွဲမရွေးဘဲ နည်းများမဆို လူသားအားလုံးက အလှူပါဝင်ကြရမြဲဓမ္မတာပင်။

ကျွန်ုပ်တို့သည် ဘာသာအမျိုးမျိုးဆိုင်ရာ ဘာသာဝန်ဆောင်ပုဂ္ဂိုလ်ကြီးများရဲ့တရားပွဲအမျိုးမျိုးကိုသွားရောက်၍ ၎င်းတို့တရားဒေသနာတို့ကို သေချာကျနစွာနာယူကြကုန်၏။ ၎င်းတို့၏ တရားများကို အဆီအနှစ်ထုတ်လုပ်လိုက်တဲ့အခါ တရားဟောနေတဲ့ပုဂ္ဂိုလ်ရဲ့ဘာသာမှတစ်ပါး အခြားဘာသာဝင်များကား မိစ္ဆာဒိဋ္ဌိများသာဖြစ်သည်ဟူသော အချက်တစ်ခုကိုသာ တွေ့ရှိရလေသည်။ တရားဟောပုဂ္ဂိုလ်ရဲ့ကောင်းကင်ဘုံနန်းသည် အခြားဘာသာဝင်သူတော်စင်များကို လက်ခံနိုင်ဖို့ပိုင်ခွင့်မရှိချေ။ သူ့ရဲ့ဘာသာဝင်မှတစ်ပါး အခြားဘာသာဝင်အားလုံးကို ငရဲသို့ပို့ချလေသည်။ ဘာသာကြီးလေးမျိုး ဝင်လူဦးရေအနက်မှ လေးပုံသုံးပုံသည် မိစ္ဆာဒိဋ္ဌိဘွဲ့တံဆိပ်ဆိပ်နှိပ်ခြင်းကိုခံယူကာ ငရဲလမ်း သို့သာ ကြောင့်ကြောင့်တန်းတန်းကြီး သွားရမည်ဖြစ်သည်။ မည်သည့်ဘာသာအကဲထောင်နေရှိကြည့်စေကာ လူသားအတွက်ရှင်လေးမြှုပ်အကောင်းဆုံးအချက်မှာ လူသားတရပ်လုံး၏ လေးပုံသုံးပုံသည် အမြဲတမ်းမိစ္ဆာဒိဋ္ဌိများဖြစ်သည်။ ထာဝစဉ်ငရဲခံရသည်ဆိုသော အချက်ပင်ဖြစ်သည်။ ၎င်းကား လူသားတစ်ရပ်လုံးအတွက် အမိုက်အရှက်ဆုံးသော ဘေးဒဏ်ကြီးပင်ဖြစ်သတည်း။

## အလုပ်ကြွကရနေ့သူ




အဝတ္တုသည် မြို့ဆိုင်မှုကို မွေးထုတ်ခဲ့သည်။ ဗဲဒီမြို့ဆိုင်မှုသည်ပင် ကပ္ပါ ပဋိပတ္တိရဲ့ မိခင်ဖြစ်ပြန်လေသည်။ ဘာသာကြီးလေးမျိုးဆိုင်ရာ သာသနာပြု ပုဂ္ဂိုလ်တို့သည် ၎င်းတို့နှင့် သက်ဆိုင်ရာ ဘာသာကိုတည်ထောင်သူ ဘုရားဘွဲ့ခံပုဂ္ဂိုလ်တို့၏ အဆုံးအမဩဝါဒကို တိကျစွာလိုက်နာကျင့်သုံးနေကြသူများဖြစ်ကြကုန်၏။ သူတို့သည် မေတ္တာရှင်နှင့် ဝရုဏာရှင်များဖြစ်ကြကုန်၏။ ဘုံဖြစ်သည့်ဘာသာလျှော်စွာ လောကလူသားအားလုံးကို သိမ်းကျုံး၍ ကယ်တင်လိုသူများဖြစ်ကြကုန်၏။ သူတို့၏ မှန်မြတ်သော လုပ်ငန်းနှင့် ရည်မှန်းချက်တို့မှာ ကွဲပြားခြားနားမှုမရှိသောကြောင့် အတူပူးပေါင်းပြီးဆောင်ရွက်ရလျှင် ကမ္ဘာ့သုခတရားအလွန်ပင်ကြီးထွားလာမှုယ်ရာရှိသည်ဟူ၍ ထင်မှတ်စရာပင်။ သို့ရာတွင် ဒါလောက်ကောင်းမြတ်တဲ့လုပ်ငန်း မဆောင်ရွက်ခြင်းမှာ ထူးခြားသောအကြောင်းတစ်ရပ်ရှိရပေမည်။ ၎င်းတားအခြားမဟုတ်၊ လူသားကယ်တင်ရေးလုပ်ငန်း ဆောင်ရွက်ကြရာ၌ နည်းပရိယာယ်ကွဲပြားနေမှုပင်ဖြစ်သည်။ ယင်းသို့ မူများကွဲပြားနေခြင်းကြောင့် မေတ္တာဂရုဏာများပြားကြတဲ့ ဖြူစင်မြင့်မြတ်ကြီးတွေကိုယ်တိုင် ခါန်မာနတွေတစ်လှိုင်လှိုင်နှင့် အမြင်အဆိုင်တွေ ရန်သူတွေအဖြစ်သို့ အလိုအလျောက်ရောက်ရှိလာရလေသည်။

ဘုံဖြစ်ရာ သူတို့သည် မိမိလိုက်နာယုံကြည်သော ဘာသာအယူဝါဒမှတစ်ပါး အခြားဘာသာအယူအဆတွေကို တိုက်ဖျက်ရန်ကြိုးပမ်းလာကြကုန်၏။ အခြားဘာသာဝင်လူသားတွေကို မိမိ၏ဘာသာဘက်သို့ ပါဝင်လာအောင် သိမ်းသွင်းလာအောင် နည်းအမျိုးမျိုးဖြင့် ဖြားယောင်းသွေးဆောင်ကြလေပြီ။ ဘာသာရေးဆိုင်ရာ အသင်းအပင်းကြီးတွေကို ဖွဲ့စည်းတည်ထောင်ကြပြီးလျှင်၊ မိစ္ဆာဒိဋ္ဌိလူသားကို ကယ်တင်ရေးအတွက် ရန်ပုံငွေတွေကို ကောက်ခံစုဆောင်းကြလေပြီ။ ယင်းသို့စသည်ဖြင့် မြို့ဆိုင်မှုတွေတိုးပွားလာလေ



လေ အလုပ်တူရန်သူစိတ်တွေ ဆွေ့ကျက်၍လာလေလေဖြစ်တော့သည်။ ထို့ကြောင့် ဘာသာမှန်သမျှတို့၏ လူသားတစ်မျိုးလုံးသိမ်းကျုံးပြီးယဉ်ကျေးမှုရှိရန်အတွက်ဆိုတဲ့ အဓိကရည်မှန်းချက်ကြီးသည် ပျက်စီးခြင်းမှာ ပျက်စီးရသော အခြေသို့ဆိုက်ရတဲ့အပြင်၊ ဘာသာရေးဝန်ဆောင်ပုဂ္ဂိုလ်ကြီးများပင် မူလရည်ရွယ်ချက်နှင့် မဆီလျော်တော့ပဲ လမ်းချော်၍ သွားကြပြီးလျှင် ဖြူစင်ရိုးဖြောင့်ဘဝမှ လျောကျခဲ့ကြရလေပြီ။ ထို့ကြောင့် အလုပ်တူရန်သူဖြစ်ကြစေရန်အချက်ကို ဤအခန်း၌ ရည်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။



## အခွဲ - ဥပါဒါန်

ဥပါဒါန်ဆိုသည်ကား ဥပါဒါနဟူသော ပါဠိဝုဒ်ကို မြန်မာအသုံးပြုထားသော ပါဠိချက်မြန်မာဝေါဟာရဖြစ်သည်။ ၎င်းပုဒ်၏ သဒ္ဒါအနက်ကား ထင်း၊ မီးလောင်စသည်တို့ကို ဟောသည်။ ထို့ပြင် စွဲကိုင်ခြင်း၊ စွဲလမ်းခြင်း၊ ကပ်ငြိခြင်း စသော အဘိဓမ္မာအနက်များကိုလည်း ဟောသေးသည်။ ထိုသည့် ဥပါဒါန်ကား -

(၁) ကာမုပါဒါန်၊ ရူပ - သဒ္ဒ - ဂန္ဓ - ရသ - ဖောဋ္ဌဗ္ဗ ဆိုတဲ့ ကာမစွဲ၊

(၂) ဒိဋ္ဌုပါဒါန် - လွဲမှားသောအယူအစွဲ

(၃) သီလဗ္ဗတုပါဒါန် - စလေ့ထုံးစံစွဲ၊

(၄) အတ္တဝါဒုပါဒါန် - (ငါ) လိပ်ပြာစွဲဟူ၍လေးပါးအပြားရှိသည်။

၎င်းတို့တွင် ကာမုပါဒါန်ကား ကာမစွဲကိုဆိုလိုသည်။ တနည်းကား ရူပါရုံ-အဆင်း၊ သဒ္ဒါရုံ - အသံ၊ ဂန္ဓာရုံ - အနံ့၊ ရသာရုံ - အရသာ၊ ဖောဋ္ဌဗ္ဗာရုံ - အတွေ့အထိ ဟူ၍ ငါးပါးရှိသည်။

ထိုသည့်ငါးခုကို ခွဲလမ်းမှုကား ကာမုပါဒါန်မည်၏၊ အာရုံငါးပါးတို့အားသုံးဝင် ရှုပ်တံရာတို့သာဖြစ်သည်။ ကြွင်းသောဥပါဒါန်သုံးပါးကား အဝိဇ္ဇာမာနပြည်တဲ့တွဲတို့သာ ဖြစ်ကြကုန်၏။ ဗုဒ္ဓ၏အဓိကလိုလားချက်ကား ထိုသည့် ဝိဇ္ဇာမာနနှင့် အဝိဇ္ဇာမာနပြည်တ တု ခေါ် ဆိုအပ်တဲ့ဥပါဒါန်အစွဲတို့ကို ဖာ့ခွဲချေမှုန်းရန်ဖြစ်သည်။ ထိုသို့ပြုခဲ့ရာတွင် ကာမစွဲ ကို ပြုရန်အတွက်မှာ မနည်းလှသော လုံ့လဝီရိယနှင့် အသိဉာဏ်ပညာတို့လိုသည်။ ထို့ရာတွင် အယူစွဲ၊ ဓလေ့စွဲ၊ ဝိဉာဉ်စွဲဆိုတဲ့ မရှိစွဲကိုပါယ်ဖျက်ရန်မှာ တကာယ်မခက်သော လုပ်ရပ်လုပ်ထုံးဖြစ်ကြောင်းထင်ရှားသည်။ ထဲဒီမရှိစွဲသုံးမျိုးတို့ကို တိုက်ဖျက်ချေမှုန်းလိုက် သည်နှင့် တစ်ပြိုင်နက်၊ လူသားသည်ပုထုဇဉ်နယ်မှ လွန်မြောက်၍ အရိယာနယ်တွင်းသို့ ချင်းနင်းဝင်ရောက်သွားနိုင်သည်။ အတိအလင်းပြောရလျှင် လူသားသည် ထဲဒီမရှိစွဲတွေ ပြတ်လျှင်ပြတ်ချင်း မဝ်စာရင်း၊ ဗိုလ်စာရင်းဝင်သောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွား သည်ဟုဆိုလိုသည်။ တာသွံ့ကား အနာဂါမိမတ်နှင့် ပြည့်ဖျက်ဆီးပစ်ရမည့်တရားဖြစ်သည်။ ယခုခေတ်မှာတဲ့ ယခုလူသားသည် အဖက်ဖက်မှ တိုးတက်လျက်ရှိသည်ဟုသောအချက် ကို ငြင်းလို့မှ ငြင်းဖျက်မထုတ်နိုင်ချေ။ သို့သော်တမျှ တိုးတက်နေတဲ့လူသားမှာ ဗုဒ္ဓဟောခဲ့တဲ့ မရှိတာကို မရှိဟုသိရန်၊ ယုံကြည်ရန်ခဲယဉ်းခြင်းမရှိနိုင်ချေ။ ထဲဒီမရှိတာကလေးတွေကို ဖွဲ့လမ်းမနေကြပါနဲ့။ ၎င်းတို့ကို ပယ်လိုက်ကြစမ်းပါ၊ စွန့်လွှတ်လိုက်ကြစမ်းပါဟူ၍ ဗုဒ္ဓ ကိုယ်တိုင်က တိုက်တွန်းခဲ့တယ်။ သို့ကလို တိုက်တွန်းချက်ကို လေးနက်စွာလိုက်နာနိုင်လျှင် အကြွင်လူသားသည် ထိုမရှိစွဲတွေကို အကြွင်းအခါ၌ ရက်ရက်စက်စက်ပယ်ဖျက်လိုက် နိုင်၏။ ထိုလူသားသည် ထိုခဏ၌ပင် ဗုဒ္ဓ၏ အရိယာနယ်ပယ်အတွင်းသို့ သက်ဆင်း ဝင်ရောက်နိုင်မှုရရှိလေတော့သည်။

ဒိုလူသား - လူသားအသင်၏ဘဝကား မြင့်မြတ်လှ၏။ ယင်းသို့ မြင့်မြတ်တဲ့ ဘဝကိုရနေစဉ် မရှိတာတွေကို မရှိမှန်းသိတဲ့ဉာဏ်ကို ယက်ဆုပ်ကိုင်ရနိုင်အောင် အသက် ကိုပင် ပြုစားရန်ဖြစ်သည်။ မရှိတဲ့အရာကိုမရှိဟု အတိအကျသိပြီးတဲ့နောက်၌ မရှိစွဲတွေ



ကို တိကနဲကျအောင်ဖြတ်တောက်ရန်မှ ခဲခက်သောကိစ္စတစ်ရပ်မဟုတ်တော့ချေ။ ထို့ကြောင့် ဒိုလူသား - မရှိစွဲတွေကို ပယ်ဖျက်ရာ၌ သင့်မှာမည်သို့သော နစ်နာချက်တွေ ပေါ် ထွက်လာမည်ဟုသင်ထင်ပါသနည်း။ သင့်အတွက် ဘာတစ်ခုနစ်နာချက်မှ မရှိပါပဲ သင်၏စိတ်မှာ ဝန်တုပ်ဝန်ပိုးကြီးကို ပစ်ချလိုက်သလိုပေါ့ပါး၍ သွားပေလိမ့်မည်။ သင်၏ စိတ်သည်လည်း ကြည်လင်ရွှင်လန်း၍ သွားပေလိမ့်မည်။

ဘာသာတိုင်း၏ ပြဿဒါကား ဖော်ပြခဲ့သော ဥပါဒါန်လေးမျိုးကိုဖြိုဖျက်ချေမှုန်းရန် ဖြစ်သည်။ သို့ရာတွင် ဘာသာဝန်ထမ်းဖုန်းတော်ကြီးတို့မှုကား ဥပါဒါန်ဆိုတဲ့ ကာမစွဲကို ပယ်ဖျက်ရန် ဟောပြောလေ့ရှိကြကုန်၏။ သို့ရာတွင် သူတို့သည် ဒီအယူစွဲ၊ ဓလေ့စွဲ၊ အတ္တစွဲတို့နှင့် ပတ်သက်ရာ၌မူကား ပယ်ဖျက်ရန် မဟောဘဲ တွယ်တာရန်သာ ဟောပြောခဲ့ ကြလေသည်။ မှန်လှ၏။ သူတို့သည် သူတို့ကိုယ်တိုင်ပင် နည်းများမဆို ကာမုပါဒါန်ကိုမူ တော်လှန်သူများဖြစ်ကြစေကာ၊ သူတို့၏ အယူဝါဒကို မှားသည်၊ မှန်သည် မဝေဖန်ကြပဲ လူတိုင်းလိုက်နာယုံကြည်ရမည်ဟူ၍လည်းကောင်း၊ သူတို့ကိုယ်တိုင် လိုက်နာကျင့်သုံးခဲ့ သော လူများနှင့် ဇာတိဆိုင်ရာ ဓလေ့များကို ပရမတ်သဘောအမျိုးကဲ့သို့ မှုချဆတ်ဆတ် မပြုပယ် မငြင်းအပ်တဲ့သဘောများဖြစ်သည်။ ယုံကြည်ရမည်ဟူ၍ လည်းကောင်း၊ ကောင်းမှု မကောင်းမှုနှစ်ခုကို ပြုလုပ်သူရော၊ ၎င်းတို့၏ ကောင်းကျိုးဆိုးပြစ်ကို ခံသူ သူပါ အတ္တခေါ် တဲ့ ဝိဉာဏ်သာဖြစ်၏ ဟူ၍ ယုံကြည်ရမည်ဟူ၍လည်းကောင်း ကဲတိုင် ကဲမှ ဟောပြောညွှန်ပြ၍ နေကြကုန်သည်။

သို့သော်ယခုလူသားကား နိုင်လုံသော အထောက်အထား ယုတ္တိသာဓကနှင့် မဟာဓာမရှိ ယုံကြည်မှုကိုလည်းကောင်း၊ ဟောတုံ၊ မလ ဟုဆိုအပ်သောအကြောင်း ကရုဏာ နှင့် အကျိုးတရားတို့၏ မပျောက်မပြန်တကာယ်စစ်အမှန်ဖြစ်သော အဆက်အသွယ်ကို ရယ်ရာပြုလုပ်မှုကိုလည်းကောင်း၊ စိတ်ကူးမှန်းဆချက်ဖြင့် မရှိတာ၏ ပုံတူလုပ်မှုကို လည်း ကောင်း၊ သဘာဝနောက်ကွယ်မှာကွယ်၍ ထားမှုကိုလည်းကောင်း၊ စိတ်ဝိဉာဏ်ဆိုတဲ့

နာမစွဲသည် မဟာဘုတ်ဦးစီးတဲ့ ရုပ်ခန္ဓာတွေကို စိုးမိုးခြယ်လှယ်နေသည် ဟူသော ယုံကြည်မှုကိုလည်းကောင်း၊ သဘာဝစွမ်းထက်ကျော်လွန်နေသော (ငါ) သဘာဝစွမ်းကို ထင်သလိုလုပ်နိုင်သော တန်ခိုးကြီးရှင်ဟာများ၊ ဉာဏ်ပဲ့မှတဲ့ ဝါလားများ၊ မန္တန်မန္တရား စသည်များ၊ အင်းဆိုင်စတဲ့လက်ဖွဲ့များ၊ ကာလသိဒ္ဓိ၊ ပီယသိဒ္ဓိ စသောဆေးများ၊ အိပ်မက်ယာမက်၏ အကျိုးအပြစ်များ၊ လူသား၏ အနာဂါတ်ဖြစ်စဉ်ကို ကြိုတင်ဟောပြောမှုများ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာနှင့် တကွ လက်တွေ့မျက်တွေ့ မဟုတ်နိုင် မဖြစ်နိုင်တဲ့ အချက်ပေါင်းသောင်းခြောက်ထောင်တို့ကိုလည်းကောင်း ယုံကြည်၍ မဖြစ်တော့ချေ သာကြောင့်နည်း ယခုလူသားသည် ဖူးလေးမှ ဉုံးပွဲ့အထိ တိုးတက်လာပြီဖြစ်ရာ သူ၏ ဝိဇ္ဇာသိပ္ပံစာရေရာဉာဏ်နှင့် မှတ်မကိုက်သော အချက်အလက်များကို ယုံကြည်ရန်မဖြစ်နိုင်တော့ပြီဖြစ်သောကြောင့်တည်း။

ယခုအခါကမ္ဘာ၌ထင်ရှားနေပြီဆိုကြသော အမေရိကန်၊ အင်္ဂလန်၊ အိန္ဒိယ စသော နိုင်ငံတို့ကို ကြည့်မည်ဆိုလျှင် ရှင်းနိုင်ဝံ့၍ အစွဲဥပါဒါန်တွေ တပုံကြီးတခေါင်းကြီး ရှိလသည်။ ထိုထိုဥပါဒါန်အစွဲတို့ကို ဖြိုခွဲနိုင်အောင် ဝိပဿ ဝိဇ္ဇာရေရာဉာဏ်ရှင်တို့၏အရေအတွက်ကား မပြောပလောက်အောင်နည်းပါးလျက်ရှိနေသေးသည်။ ထိုထိုအစွဲသမားတို့သည်သာလျှင်၊ ထိုထိုနိုင်ငံများ၌ လွှမ်းမိုးကြီးစိုးလျက်ပင် ရှိနေသေးသည်။ တိုင်းပြည်တစ်ခုနှင့် လူမျိုးတစ်မျိုးတို့၏ တိုးတက်ကြီးပွားမှုသည် ထိုလူမျိုး၏အစွဲကင်းမှု အချိုးအစား ပေါ်၌ကို အမှီပြုနေကြောင်းကို အမေရိကတိုက်ကြီးနှင့် ဆိုဗီယက်နိုင်ငံတို့ကို ကြည့်ခြင်းဖြင့် သိမြင်နိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်နှင့် အမျိုးသားတို့၏ တိုးတက်ကြီးပွားရေးလမ်းကြောင်း၌ နှောင့်နှေးလျှော့စေသော အစွဲဥပါဒါန်တို့ကို ချေဖျက်ပစ်စေရန် ရည်ရွယ်ချက်ဖြင့် ဤ၍ ပြင်းထန်စွာ အစွဲဖြုတ်ဆေးကို အရေးတကြီးဖော်ထုတ်ခဲ့ရခြင်းဖြစ်ပါသည်။



# နောက်တဆင့် တက်ကြပါဦးစို့

ယခုအချိန်အခါ၌ပင် ဥပါဒါန်ဆိုတဲ့ အစွဲသည်၊ ကမ္ဘာပေါ်ရှိလူမျိုးတိုင်းကို လွှမ်းမိုးကြီးစိုးလျက်ရှိနေသေးသည်။ တိုးတက်မသည့်ကျန်နေသေးသည့် လူမျိုးအစုံ ဖုံးဖုံးပစ် ကစားနေကြသော တိုးတက်သည့်ကျနေပြီဆိုတဲ့ လူသားလျှင် အဆုံးရှိသော လူသားအားလုံးတို့၏အတွေးအခေါ် အယူအဆများကိုအစွဲဥပါဒါန်သည်ခြယ်လှယ်နေသေးသည်။ ထို့ကြောင့်ပင် ထိုအစွဲကို နှစ်ခန်းဆက်၍ ထုခွဲချေဖျက်နေရခြင်းဖြစ်သည်။ နိုင်ငံခြားထုတ်လုပ်သော အယူအစွဲကို ယင်းသို့ထုခွဲချေဖျက်ရာ၌ ကျမ်းပြုဆရာသည် ရှာဖွေထားမိသော ဝေါဟာရစကားလုံးများကို သုံးစွဲခဲ့ရာ၊ အနာအဆာအကင်းသုံး အစွဲသမားတို့အတွက် အများကြီး ခံရခက်လျက်နေချေသည်။

ထို့ကြောင့် ဤစာခန်း၌ စာပိုဒ်အချို့ကို သင်္ကေတများဖြင့် အပြစ်မိုးကြလေပြီ၊ ထို့ကြောင့် ဥပါဒါန်တည်းဟူသော အစွဲဘေးလုံးရှိ၍ ဘာသာရေးရှုပ်ထွေးနေကြသော လူသားသည်၊ အဝိဇ္ဇာအတတ်ဖြစ်သော သက်ငဲ့မွှတ်ပွန်းထည်းအချို့မှာ အနာရောဂါများကို ပျောက်ကင်းအောင်ပြုစွမ်းနိုင်သော တန်ခိုးပါဝါရှိသည်ဟူ၍ ယုံကြည်ခဲ့လေပြီ-ဆိုတဲ့စာပိုဒ်ကလေးသည် အဓိကရာဇက်မှ သင်္ကေတကြီးများ၏ စိတ်ကိုဆတ်ဆတ်ခါအောင်နာကျင်စေပါသည်တဲ့ ဖွက်ဆိုခဲ့လေပြီ။

ဤ၍ဝါကျဖြင့် ကျမ်းပြုဆရာသည် ဥပါဒါန်အစွဲကြီးသူနှင့် အစွဲမရှိသူဟူ၍လူသားကို နှစ်တန်းနှစ်စားခွဲခြားပြီးလျှင် အစွဲကြီးသူလူသား၏ ယုံကြည်မှုကို ဖော်ထုတ်ခဲ့လေပြီ။ ဤ၍နေရာ၌ ကျမ်းပြုဆရာသည် ဝဋ္ဋသင်္ခါနှင့်မဟုတ်၊ မျှစိတ်ဓာတ်သတ်သတ်ဖြင့် ကမ္ဘာလောကအတွင်းမှာ ထိုသို့သော လူတန်းစားမျိုးရှိကြောင်းသာ ညွှန်ပြခဲ့လေသည်။ ညွှန်ပြတိုင်း၊ ထိုကဲ့သို့ယုံကြည်ချက်နေသူတွေ အသင်္ချေနှင့် အနန္တရှိနေကြသည်၊ သို့ရှိနေခြင်းကြောင့်

နို့နေပါသည်ဟုညွှန်ပြ၍၊ ၎င်းတို့ကို ပယ်ဖွင့်ကြပါဟု တိုက်တွန်းခြင်းဖြင့် ပြည်သည့်ရာဇဝတ်ပြစ်မှုပုဒ်မကိုမျှ ကျူးလွန်ရန်မရောက်ချေ။ အိုသီဥုံလ်နည်းမါလှသေးသော ရွှေခေတ်လူသား၏ အစွဲအလမ်း ဥပါဒါန်ကာပြင်းထန်လှစွာ၏။ ကျွဲ၏ ဆေးပညာမှတ်တမ်းစုစဉ်အခါကမူ လူသား၏ကိုယ်၌ ကပ်ရောက်သော ရောဂါဝေဒနာများသည် တစ္ဆေ၊ အစိမ်းသရဲ သင်းကွဲပြိတ္တာ၊ နတ်ဘီလူး၊ နတ်မိစ္ဆာစသည်တို့ ဖမ်းစားမှုကြောင့် ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ လယ်ယာလုပ်ကိုင်သော အလုပ်သမားတစ်ယောက်သည် ညနေခင်းနေဝင်ရီတရောအချိန်မှာ တောထဲမှ ရွာသို့ပြန်လာ၏။ ဝုအိုက်သည်နှင့် အိမ်ရောက်လျှင် ရောက်ခြင်း ရေမိုးချိုးလိုက်၏။ ညစာအချိန်ရောက်၍ စားသောက်ပြီးသည့်အခါမှာ တောက်ရသလို အပူဘပြင်းများလေတော့သည်။ ခေါင်းရင်းအိမ်က ပယောဂဆရာကြီးခေါ်သာ၍ ထိုလယ်သမား၏ ဇာတာကိုတောင်းယူကြည့်ရှုကာစစ်ဆေးလေတော့သည်။ ပြီးလျှင် လယ်သမားက ကြ ပါးစားသည်၊ လွှန်ခင်ကြက်ကျွေးမှုပြုမည်ဟု ပြော၏။ ဒါနဲ့အရေးတကြီး အိမ်မှာရှိသည့် ကြက်ကိုသတ်၍ ချက်ပြီးလျှင် ကြပ်ကျွေးရန် အဆောတလျင်ပြင်ဆင်ရလေတော့သည်။ ယင်းသို့ကျွေးမွေးသော်လည်း လူမမာသိ၍ သေပွဲဝင်ရလေသော်၊ လွန်သွားလို့ဟုသော စကားတစ်လုံးတည်းဖြင့် ကျေနပ်ရတော့သည်။ ဤဖြစ်ရပ်မျိုးကား မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်အရပ်ရပ်တို့၌ မြေတ်မလပ်ဝင် တွေ့မြင်နေရတဲ့ကိစ္စတစ်ခုဖြစ်၍ နေချေသည်။

ဤမှုမက ရွာချခြင်း၊ နတ်ပွဲပသခြင်း၊ နတ်ကွန်းတတ်ခြင်း၊ ဝလိနတ်စာကျွေးခြင်း၊ ညောင် တောက်ခြင်း၊ တံတားခင်းခြင်း၊ ပြုလ်ချေန် ပြေသပ် စေတီတည်ခြင်း၊ ရတနာဒိပ်မရောင်းတိုင်တွန်းခြင်း၊ ခတ်ရိုက်ခြင်း စသောတိစ္ဆာအနှိမ်နှိမ့်တို့ကိုလည်းဆောင် ရွက်ပြုလုပ်လေ့ရှိကြကုန်၏။ သို့ရာတွင် ရောဂါက တခြား ဆေးကခြားဖြစ်၍နေသော အချက်ကို သျှစ်လျူရှုခဲ့ကြကုန်၏။



အစားအသောက်အနေ အထိုင်လွဲမှားခြင်း၊ ရာသီဥတု အပူအအေးအပြောင်းအလွဲအဆင်မပြေဖြစ်ခြင်းစသော ရောဂါအနာဖြစ်ကြောင်းများကို မညွှန်ပြပါဘဲ ကိုယ်တိုင်မမြင်ရ မတွေ့ရတဲ့အပြင် လူသားနှင့် လဲဘာမှ မဆိုင်တဲ့ တစ္ဆေ၊ မင်စာ၊ ဘုတ်ပြိတ္တာတို့ကို ညွှန်ပြခဲ့ကြလေသည်။ သို့သော် ယနေ့လူသားကား ဝိမံသ ဝိဇ္ဇာရာဥာဏ်ကို အားပြုကာ ရှုစမ်းပေးနိုင်သော အဆင့်သို့ရောက်အောင် တိုးတက်လာခဲ့ကြပြီဖြစ်ရာ မျက်တွေ့လက်တွေ့မတုတ်သော အချက်အလက်များကို စာအုပ်ကြီးထဲပါတယ်ဆိုတဲ့ အချက်တစ်ခုသာကတစ်ခုတည်းဖြင့် မယုံကြည်နိုင်တော့ချေ၊ ထို့ကြောင့် ပဏ္ဍုန်လူသား၏ အဆင့်အတန်းနှင့် အခြေအနေမှန်ကို မကွယ်မထောက်ဖြောင့်ဖြောင့်တင်ပြလိုသော ကျမ်းပြုဆရာသည် "ထို့ပြင် နတ်မိစ္ဆာဖမ်းစားမှုကြောင့်လူမှာရောဂါရှိသည်ဟုသောဝါဒကိုလည်း စဉ်းစားဉာဏ်ရှိလူတို့ကား ထို့တွင်းကြလေပြီ" ဟူသောဝါကျများကို ရေးသားခဲ့လေသည်။

ဤဝါကျဖြင့်ဝိဇ္ဇာရာနှင့် ဝိမံသဉာဏ်ရင့်သန်တဲ့လူသားတိုင်းတို့၊ အကျိုးမဲ့အကြောင်းမဲ့ နတ်ဆိုး၊ နတ်ဝါးဘုတ်ပြိတ္တာများကြောင့် လူသားမှာရောဂါရှိသည်ဟူသောဝါဒကိုလက် မခံတော့ကြောင်းကို သာ ဖော်ပြခြင်းဖြစ်သည်။ လက်ခံပါနှင့် မယုံကြည်ပါနှင့် ဟူ၍လည်းကောင်း၊ လက်ခံယုံကြည်သူတွေဟာ အရူးတွေသာဖြစ်သည်ဟူ၍ လည်းကောင်းမရွှပ်ဆိုခဲ့ပါ။ တဖန်သုတေသီကောင်းသူတော်ကြတ်တို့ရဲ့ အရိုးခေတ်များမှာ အခြားသတ္တဝါတို့ရဲ့ အရိုးအကောင်ကိုလွှန်ကဲသောသော တန်ခိုးပြဒ်များရှိသည်ဟုသောအချက်ကို ယခုခေတ်မှား စဉ်းစားဉာဏ်ရှင်များက ယုံကြည်ခြင်းမရှိတော့ချေ။

အဲဒါလိုမယုံကြည်တော့တဲ့အတွက် မယုံကြည်ကြတော့ဘူးလို့ ရေးသားတာကို မလိုမုန်းထားအပြင်းပွားစရာလို့တော့ချေ။ ယင်းသို့ ရေးသားခြင်းဖြင့် မည်သူ့ကိုမှမထိခိုက်တဲ့အပြင် မည်သည့်ဘာသာတရားကိုမှစော်ကားရာလည်းမရောက်ပါ။ ဝတ်သည်မှုင်စင်းနှင့် သက်နန်းဟူ၍ မခွဲခြားတော့ဘဲ အဝတ်ဟူ၍ တသားတည်းဖြစ်ကြလေပြီ ဆိုတဲ့ဝါကျကတော့ ဘာကိုဆိုလိုသနည်း။ ယခုခေတ်တိုးတက်နေတဲ့ လူသားတို့ရဲ့အမြင်ကို ပြောပြ

ခြင်းဖြစ်၏။ မနေ့ကပေခေါ်သကဲ့ ဖယ်ရှားပြီး မတ်ရှုလျှင် အနက်မှန်နှင့် သဘောမှန်ကိုတေန တိတိကျကျကြိုးသိကြပါလိမ့်မည်။ ပြီးတော့ သူတော်ကောင်းတို့ရဲ့ ဆံပင်တည်းဟူသော အမွေးသည် ခြင်းပြီးထက်ပိုသို့ အနာရောဂါကို ပျောက်စေနိုင်သည်ဟူသော ဥပါဒါန်ကို လည်း ယခုခေတ်၌ တော်လှန်လိုက်ကြလေပြီ ဆိုတဲ့ ဝါကျကတော့ ယခုခေတ်မျှော်မှန်းသွား ခေတ်သားများသည် ထိုကဲ့သို့သော ဥပါဒါန်အစွဲမျိုးကို လက်မခံကြတော့တဲ့အချက်ကို ကွက်ကွက်ကွင်းကွင်းဖော်ပြခြင်းဖြစ်သောကြောင့် တမင်သက်သက် လူထု၏ ယုံကြည်မှု ကိုထိပါးစော်ကားသော စိတ်ထားကျမ်းပြုဆရာမှာမရှိကြောင်းထင်ရှားပါသည်။

ဤနေရာ၌ ရေနံယာနံသက်သေ ရက်ဇရင်းတွန်းရွှေ၏ ထောက်ကွက်ကလေးကို အချက်တချက်ဖြေရှင်း၍ ပြရပေဦးမည်။ လူသောလူဖြစ်ကျမ်းစာမျက်နှာ (၉၆) စာကြောင်းရေ (၁၆) ပါ “ယခုတခါ” ဆိုတဲ့ အပိုဒ်မှစ၍ ၎င်းစာမျက်နှာအဆုံးထိ စာသားများကို ထောက်ပြရာသည်။ ဘာသာရေးအမှိုက်သရိုက်ဆိုတဲ့ စကားလုံးကို အလွန်ပင်မကျေနပ် ဖြစ်ကြနေရှိသည်။ ၎င်းရဲ့အဓိပ္ပါယ်မှာ အရေးကြီးတဲ့ ကိစ္စများဟု ဆိုလိုသည်။ ဘာသာကိုး ဘာသာကိုးမှာ အပဓာန (ဝါ) အရေးမကြီးတဲ့ ကိစ္စနှင့် ပဓာန (ဝါ) အရေးကြီးတဲ့ ကိစ္စဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ဥပမာ - ရက်ဇရင်းတွန်းရွှေရဲ့ ခရစ်ယာန်ဘာသာကိုပင်ကြည့်ပါ။ သခင်ယေရှုခရစ်၏ ပဓာနတရားတော်ဖြစ်တဲ့ (**Semon on the Mount**) (ဝါ) တောင်ပေါ်ကတရားကို လိုက်နာကျင့်သုံးခြင်းထက်၊ အပဓာနဖြစ်တဲ့ လက်ဝါးကပ်တိုင် ဆောင်ခြင်း၊ စိပ်ပုတီးဆောင်ခြင်းစသည်တို့က ပိုမို၍ဖြစ်ခြင်ပါသလော ? သေသေချာချာ စဉ်းစားကြပါ။ ဤကျမ်းပြုဆရာသည် ဘာသာဝင်တိုင်း မိမိတို့ဘာသာဆိုင်ရာ ပဓာနကိစ္စများကို လက်လွှတ်ကာ အပေါ်ယံ အပယိကကိစ္စများနှင့်သာ အလေးတင်း၍နေကြသည်ကို တွေ့မြင်ရသဖြင့်၊ ဘာသာခေါင်းဆောင်ဘုရားတိုင်း၏ မူအစစ်တရားနှစ်တို့ကို လိုက်နာကြစေလိုတဲ့ ဆန္ဒဖြင့် ၎င်းတို့ရဲ့ဥပါဒါန်ကို တိုက်ဖျက်နေခြင်းသာဖြစ်ကြောင်း၊ စဉ်းစားလျှင်ဝမ်းမြောက်ဖွယ်သတင်းကောင်းတရပ်ဖြစ်ပေလိမ့်မည်ဟု ယူဆပါသည်။



ဗုဒ္ဓရှင်၏ အဆုံးအမဟုဆိုအပ်သော သာသနာတော်၌လည်း (၁) ပဓာနလုပ်ငန်း၊ (၂) အပဓာနလုပ်ငန်းဟူ၍ ဘာသာဝင်တို့၏ လမ်းစဉ်ကို နှစ်မျိုးနှစ်စားတို့တွင် ပဓာနလုပ်ငန်းကား အဘယ်နည်း။ ၎င်းကားအခြားမဟုတ် “အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ”ဟူသော ထင်ရှားတဲ့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ္ဂင်ပင်ဖြစ်သည်။ အရိယာမဂ္ဂင်စာရင်းဝင်သော (ဝါ) အရိယာမဂ္ဂင်သို့ ပေါက်ရောက်သွားနိုင်သောလုပ်ငန်း ဟူသမျှသည် အပဓာနကိစ္စဖြစ်သည်။ (ဝါ) ဘာသာရေးအမှိုက်သရိုက်များသာဖြစ်သည်။ ၎င်းတို့ကို ကြီးစားပမ်းစား အားပါးတရ ကုတ်ပြလုပ်နေကြရန် ဘုရားရှင်ကိုယ်တိုင် မတိုက်တွန်းခဲ့သည့်ပြင် တားမြစ်ပင်တားမြစ်ခဲ့သေးသည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံယူတော်မူမည့်အချိန်တွင် ညီတော်အာနန္ဒာက ဤသို့လျှောက်ထား လေသည်။ “ကထံ မယံ ဘန္တေ တထာဂတဿ သရီရေ ပဋိပဇ္ဇာမ” အရှင်မြတ်ဘုရား၊ တပည့်တော်တို့သည် တထာဂတ၏ ခန္ဓာကိုယ်ကာယ၌ အဘယ်သို့ ကျင့်ကြရပါမည်နည်း။ “အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယ” ဟိုအာနန္ဒာ သင်တို့သည် တထာဂတ၏ ကိုယ်ကာယ ပူဇော်ရေး၌ ကြောင့်ကြစိုက်ကြကုန်လင့် ဟူ၍ ဘုရားရှင်ကိုယ်တော်တိုင် အပဓာနလုပ်ငန်းများ (ဝါ) ဘာသာရေးအမှိုက်သရိုက်များကို မလုပ်ကြရန် တားမြစ်တော်မူခဲ့လေသည်။ အဲဒီအမိန့်တော်နှင့် တဆက်တည်းပင်၊ ဘုရားရှင်က ဆက်လက်၍ မိန့်တော်မူပြန်သည်ကား “ဃဋထ တုမှေ အာနန္ဒ သာရတ္ထေ ယုဉ္ဇထ အနုယုဉ္ဇထ” ဟိုအာနန္ဒာ သင်တို့သည် ကိုယ်ကျိုးရလုပ်ငန်းများကို ကြိုးပမ်းအားထုတ်ကြဖို့ ပါတိုက်တွန်းခဲ့သည်။ အဲဒီအမိန့်တော်အရလည်း ကိုယ်ကျိုးဖြစ်နိုင်တဲ့ အရိယာမဂ္ဂင်လမ်းစဉ်ရှစ်သွယ်ကိုသာ အားအင်ကြိုးကုတ်မရှုမနေ ကြိုးစားအားထုတ်ရန် တိုက်တွန်း ကြောင်းထင်ရှားပါသည်။

တဖန် ဝက္ကလိထေရာပဒါန၌ လာပြန်သည်မှာ . . . . . .

ယော ပဿတိ သဒ္ဓမ္မံ သော မံ ပဿတိ ပဏ္ဍိတော၊

အပဿမာနော သဒ္ဓမ္မံ မံ ပဿေပိ န ပဿတိ။

အကြင်သူသည် သူတော်ကောင်းတရားကိုမြင်၏၊ ကျင့်၏၊ ထိုသူသည် ငါ့ကို မြင်သည် မည်၏။ အကြင်သူသည်မူကား သူတော်ကောင်းတရားကို မမြင်၊ ထိုသူသည် ငါ့ကိုမြင်သော်လည်း ငါ့ကို တွေ့သည်မြင်သည်မမည် ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် အကျိုးရှိကိုသာဖြစ်စေနိုင်တဲ့သူတော်ကောင်းတရားကိုသာ ပွားများအားထုတ်ဖို့အတွက်သာ တိုက်တွန်းခဲ့ကြောင်းထင်ရှားပါသည်။ အမှိုက်သရိုက်သဖွယ်ဖြစ်တဲ့ အပိုလုပ်ငန်းတွေကို လုပ်ကိုင်ဖို့အတွက်ကား ဘုရားရှင်သည်ဥပေက္ခာပြု၍ထားခဲ့ပေသည်။

ထို့ပြင် ယင်းသည့် မဟာပရိနိဗ္ဗာနသုတ်၌ပင် "တသ္မာ တိဟ အာနန္ဒ၊ အတ္တ ဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ၊ ဓမ္မဒီပါ ဝိဟရထ ဓမ္မသရဏာ အနညသရဏာ" ဟုကြောင့်ပင် "ဒို့အာနန္ဒာ ကိုယ်အားကိုယ်ကိုးကိုယ်သုံး၍ နေရစ်ကြကုန်လော့၊ ဓမ္မတစ်ပါး မြဲအားကိုးတွေ့နှင့်နေရစ်ကြကုန်လော့ဟူ၍ သတိပေးတော်မူခဲ့ပြီပါသည်။

ဆိုလိုရင်းကား သူတစ်ပါးကိုအားကိုးအားထားပြုကာ အရာမမြင်အကျိုးမထင် ဖြစ်တတ်ပေသည်။ ထို့ကြောင့် ကိုယ့်ဒူးကိုယ်ချွန်၍ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ် လျှောက်ပြီး ကိုယ်ထွက်ပေါက်ကိုယ်ရှာကြဖို့ရန် ဟူ၍လည်းကောင်း၊ မဂ်ဖိုလ်ပါမြတ်တရား ကိုသာ အားကိုးမှီခိုရာဟု ယုံကြည်ပြီးလျှင် ဘာသာရေးအမှိုက်သရိုက်ဖြစ်တဲ့ အပိုလုပ်ငန်း တွေကို အားထားမှု မပြုရဟူ၍လည်းကောင်း ဆိုလိုခြင်းဖြစ်ပါသည်။

အထက်မှာ ဖော်ပြခဲ့တဲ့ မဟာဝဂ္ဂပါဠိတော် မဟာပရိနိဗ္ဗာနသုတ်လာ ဗုဒ္ဓဘုရား ရှင်၏ ဒေသနာတော်ကို ကြည့်ရှုလျှင် ဘာသာရေးအမှိုက်သရိုက်များနှင့် ပတ်သက်၍ ဘုရားရှင်၏ ထောက်ခံအားပေးချက်တစ်ခုမျှ မရှိကြောင်းထင်ရှားပါသည်။



ပြီးတော့ကား - အချို့သက်သေများ၏ စိတ်တွင် အလွန်အမင်း အပြင်းအထန် မခံနိုင်လောက်အောင်ဖြစ်တယ်လို့ ထွက်ဆိုသွားတဲ့ ဘာသာရေးအမှိုက်သရိုက်လို့ လူသေ လူဖြစ်ကျွမ်းဆရာသုံးသွားတဲ့အရာတွေနှင့် လုပ်ငန်းတွေကို ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာဆိုတဲ့ သာသနာတော်သုံးရပ်တွင် ဇာရင်းဝင် အဖြစ်သွတ် သွင်းနိုင်ပါမည်လော ? ဧကန်စင်စစ် သွတ်သွင်းလို့ မဖြစ်နိုင်ပါ။

ဒီတော့ အချို့အချို့သော လူသားများ အလွန်အားကိုးအားထားကြတဲ့ ဘာသာ ရေးအမှိုက်သရိုက်များဟာ စင်စစ်မှာတော့ သာသနာသုံးရပ်နဲ့လဲမဆိုင်၊ လေးနိုင်သော သစ္စာတရားတော်အတွင်းသို့ သွတ်သွင်းလို့မရတဲ့တာတွေဖြစ်နေကုန်ကြပြီ၊ ယခုအခါ ကမ္ဘာ့နိုင်ငံအတွင်းရှိနေကြတဲ့ ဘာသာဝင်လူတန်းစားအသီးသီးတို့ကို မိမိတို့နှင့် ဆိုင်ရာ ဆိုင်ရာ ဘာသာတို့ကို တည်ထောင်ပေးသောပြောခဲ့တဲ့ ဘာသာရေးခေါင်းဆောင် ဘုရားတို့၏ ပဓာန လမ်းကြောင်းမှ တိမ်းစောင်းသွေဖီ၍ အပဓာနလုပ်ငန်းဖြစ်တဲ့ ဘာသာရေးအမှိုက်သရိုက် တို့နှင့်သာ ကျေနပ်နှစ်သိမ့်၍ နေကြသည်ကိုတွေ့မြင်နေကြရချေပြီ၊ ယခုခေတ်၌ ဘာသာ တရားရှိသမျှတို့၏ အရှိန်အဝါမှာ များစွာကျဆင်းလျက်ရှိနေသည်။ အဘယ်ကြောင့် နည်း။ ဘာသာဝင်အသီးသီးတို့၏ လက်တွေ့ဘာသာရေးလမ်းစဉ်ဖြစ်သော(ဝါ)ပဓာန မဟုတ်သော ဘာသာရေး အမှိုက်သရိုက်များကို ဘာသာဝန်ဆောင်နှင့် ဘာသာဝင်တို့က ပိုမိုလေးစားအရေးထားနေတဲ့အကြောင်းပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဘာသာဝန်ဆောင်အားလုံးနှင့် ဘာသာဝင်အားလုံးတို့၏ ပဓာန တာဝန်မှာ ဘာသာရေးဆိုင်ရာ၌ အဓိကဖြစ်သောလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စိတ်ပါ လက်ပါနိုင်ကြပါ၊ အရေးမပါအရာမရောက်တဲ့ ဘာသာရေးအမှိုက်သရိုက်များမှသို့သော အားထက်မာန်ပါလိုက်နာ ဆောင်ရွက်နေကြတဲ့လူများကို မိမိတို့သာသနာတည်တန့်ရေး အတွက် အားဖြစ်ရန် စိတ်ပင်ရန်ဖြစ်ပါကြောင်း။

ဤနေရာ၌ ဘာသာဝန်ဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ဘာသာဝင်လူသားတို့ သေချာ စွာကြည့်ရှုတွေးကြံစေနိုင်ကြရန် အချက်တစ်ခုကို တင်ပြပါရစေ။ ယနေ့လက်ရှိကမ္ဘာ၌

ထင်ရှားသော ဘာသာကြီးတို့မှာ နည်းများမဆို ဝိုက်းဂဏများကွဲပြားနေတဲ့အချက်ကို လူတိုင်းဝန်ခံကြရပေမည်။ ၎င်းတို့သည် အဘယ်အကြောင်းကြောင့် ယင်းသို့ကွဲပြားနေကြပါသနည်း။ မွေ့သဘာဝ အယူအဆနှင့် ယုံကြည်ချက်တို့မှာ ကွဲပြားကြသလော ? သို့မဟုတ် ဘာသာရေးအမှိုက်သရိုက်တို့တွင် ကင်ပွန်းတပ်ထားတဲ့ ကိစ္စလေးတွေမှာ ကွဲလွဲကြသလော? အမှန်ဖြေဆိုရလျှင် မွေ့သဘာဝနှင့် ပတ်သက်ရာ၌ ကွဲပြားမှုမရှိသလောက်ရှားပါးပေလိမ့်မည်။ အမှန်မှာ အမှိုက်သရိုက်တွေနှင့် သက်ဆိုင်တွေနှင့် သက်ဆိုင်ရာတွင်သာ အမြင်မတူ အယူမမှု ကွဲပြားခြားနားကြခြင်းသာများချေသည်။ ဥပမာ - ဗုဒ္ဓဘာသာဆိုင်ရာ၌ ဟီနယာနနှင့် မဟာယာနမှစပြီး ဂိုဏ်းတွေအမျိုးမျိုးကွဲပြားခဲ့ကြောင်း ရာဇဝင်အရ ထင်ရှားသည်။ ၎င်းတို့သည် ခြည်သည်အချက်အလက်ကို အခြေခံအကြောင်းပြု၍ ကွဲခဲ့ကြကုန်သနည်း။ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးဆိုတဲ့ မွေ့သဘာဝဆိုင်ရာမှာ ကွဲပြားခဲ့ကြသလော။ သို့မဟုတ် ဘာသာရေးအမှိုက်သရိုက်ဆိုတဲ့ လုပ်ငန်းတွေနဲ့ ဆိုင်ရာမှာ အယူအဆတွေကွဲပြားခဲ့ကြသလော ? ဤအမေးတို့ကို နှိုးသားစွာဖြေ၍ကြည့်လျှင် တိကျသော ဝိသဇ္ဇနာကို ရနိုင်ကြပေလိမ့်မည်။

ထို့ပြင် ဘာသာဝန်ဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ဘာသာဝင်လူသားတို့သည်၊ မိမိတို့၏ ဘာသာတရားကို ကမ္ဘာ့ါတစ်ခုလုံးသို့ အနှံ့အပြားရောက်ရှိအောင် ဖြန့်ဝေရန်၊ တတ်နိုင်ပါက ကမ္ဘာကြီးတစ်ခုလုံးကို မိမိတို့ဘာသာတစ်ခုတည်းကိုသာ ယုံကြည်တဲ့ အခြေသို့ရောက်အောင်ပြုလုပ်ဖို့ရန် စိတ်အားထက်သန်စွာ ကြိုးပမ်းလျက်နေကြကုန်၏။ ယင်းသို့ ကမ္ဘာကို သာသနာပြုရာ၌ ဘာသာရေးအမှိုက်သရိုက်ဆိုတဲ့လုပ်ငန်းတွေကို အသုံးပြု၍ ရနိုင်ပါမည်လော ? မရနိုင်တော့ချေ။ ယနေ့လူသားသည် လူ့ညံ့ခေတ်၊ မလှခေတ်ကို လွန်မြောက်၍ လေယာဉ်ပျံခေတ်၊ ဒုံးပျံခေတ်သို့ ရောက်နေပြီ ဖြစ်သောကြောင့်တည်း။ ယနေ့လူသားသည် ကြားသမျှမြင်သမျှကို အရမ်းမယုံတော့ပြီ၊ စာအုပ်ကြီးတွေမှာပါတဲ့ ခြောက်လုံးနှင့် ခြောက်လုံးကြီးများကို နည်းအမျိုးမျိုးနှင့် သုံးပေမယ့် သူတို့ရဲ့စိတ်အစဉ်တွင် အမွှေ့နှင့် အကြောက်တို့ဟာ ဝေါ မလာနိုင်တော့ချေ။



အခုန်မှာ မိမိတို့ရဲ့ ဘာသာ (ဝါ) သာသနာကို ကမ္ဘာ့ါသို့ဖြန့်လိုသူ လူသားသည် အခေတ်အခုန်ဝင် ကမ္ဘာ့ပညာရှင်တို့၏ ဝေဖန်မှုကို ခံနိုင်တဲ့ သစ္စာတရားကိုသာ အသုံးပြုရပေမည်။ အကြောင်းမှုကား ယနေ့လူသားသည် အကောင်းအဆိုးနှင့် အကြောင်းအကျိုးတို့ကို တိကျမှန်ကန်စွာ ဝေဖန်နိုင်လောက်အောင် ရင့်ကျက်တဲ့ဉာဏ်ပညာများ တိုးတက်လာချေပြီဖြစ်သောကြောင့်တည်း။ မွေ့စစ်မွေ့မှန်ကို အလိုရှိသူသည် မှတ်ကျောက်လေးကို ဆောင်၍ထားရတဲ့နည်းတူ အမှန်မွေ့ကိုအလိုရှိတဲ့ လူသားသည်လည်း ဝိစာရဏ ဝီမံသ ခေါ် တဲ့မှတ်ကျောက်ရှိရပေမည်။ မှတ်ကျောက်မပါခဲ့လျှင် အလိမ်အညာခံရဖို့သေချာ၏။ အဖက်ဖက်မှ တိုးတက်နေသော ဆေးပညာ၏ အကူအညီဖြင့် လူသား၏ ခန္ဓာကိုယ်၌ကျရောက်ဖြစ်ပွားနေသော ရောဂါဝေဒနာတို့၏ အကြောင်းရင်းကို တိုးတွင်းသိမြင်နိုင်တဲ့ အမြင်၊ ထိုထိုသော ရောဂါကို နှိမ်နင်းနိုင်တဲ့ ဆေးစွမ်းကောင်းများကို ဖော်စပ်နိုင်ကြလေပြီ။ ယင်းသို့ ဖော်စပ်ကြရာ၌ စိတ်ကူးဖြင့် ယုံကြည်နေကြတဲ့ပစ္စည်းများကို အသုံးမပြုကြတော့ချေ။ အဘယ့်ကြောင့်ပါနည်း။ ၎င်းတို့သည် လူသား၏ ကိုယ်ကာယ၌ ကျရောက်နေသော ရောဂါဝေဒနာများနှင့် မည်သို့မျှ မပတ်သက်မသက်ဆိုင်သောကြောင့်တည်း။

လူသေလူဖြစ်ကျမ်း စာမျက်နှာ (၉၇) တစ်ခုလုံးသည် မွေ့ခေတ် လူသား၏ ယုံကြည်မှုကို ဖော်ထုတ်ခြင်းဖြစ်သည်။ မွေ့လူတို့သည် နတ်ဆိုး၊ နတ်ငါး၊ နတ်ဘီလူး၊ နတ်မိစ္ဆာနှင့် မှင်စာ၊ တစ္ဆေ၊ အစိမ်းသရဲ၊ ဖြေဘုတ်ဘီလူးစသည်တို့ရှိနေတယ်ဆိုတဲ့ အချက်ကိုငြင်းချက်မထုတ်ဘဲ လက်ခံခဲ့ကြကုန်၏။ ၎င်းတို့ကို မကျေနပ်မှုကြောင့် (ဝါ) ဖမ်းစားမှုကြောင့် လူသား၏ ကိုယ်ကာယတွင် အနာရောဂါဆိုးများ ပေါ်လွင်ထင်ရှားဖြစ်ပွားလာကြကုန်၏။ ထို့အပြင် ၎င်းတို့သည် သူတော်စင်တို့၏ ဓါတ်တော်မွေတော်များကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းမှ ဂုဏ်တော်ပုတီးတို့ကိုလည်းကောင်း၊ ပရိတ်ချည်၊ ပရိတ်ပန်း၊ ပရိတ်သဲတို့ကိုလည်းကောင်း၊ ခေါင်းလောင်းသံ၊ ကြေးစည်သံ၊ ခွက်လည်းသံများကိုလည်းကောင်း အလွန်တရာကြောက်၍ ထိတ်လန့်ကြသည်ဟူ၍ ယုံကြည်ခဲ့ကြကုန်၏။

ဤသို့ ယုံကြည်ခြင်းကြောင့် ထိုခေတ်က ဘုန်းတော်ကြီးများသည် အထက်ပါပစ္စည်းများကို ငါးစာအဖြစ်ဖြင့် အသုံးပြုကာ လာဘ်လာဘတည်းဟူသော ငါးကိုဖမ်းခဲ့ကြကုန်၏။ ယနေ့ လေးနက်စေရန် ကျွန်ုပ်ဆရာက နေ့သားနဲ့ရာ ဘာဖြစ်ဖြစ်ရပ်ကိုဖော်ထုတ်ခြင်းဖြင့်ချည်သည့် ရာဇဝင်တွင်ဖော်ပြ ကျူးလွန်ရာမရောက်နိုင်ပါ။

## တန်ခိုးပြာဋိဟာဆိုတာဘာလဲ

ပါဠိတော်ကို ကိုးကားရပေမည်၊ ဖော်ထုတ်ရပေမည်။

ဣဒ္ဓိ ခေါ အဟံ ကေဝဋ္ဋ ဣဒ္ဓိပါဋိဟာရိယေ
အာဒီနဝံ သမ္ပဿမာနော ဣဒ္ဓိပါဋိဟာရိယေန
အဋ္ဋိယာမိ ဟရာယာမိ ဇိဂုစ္ဆာမိ။

(ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂ၊ ကေဝဋ္ဋသုတ် (ဆဋ္ဌမူ) နံပါတ် (၂၈၇)

ဟု ကေဝဋ္ဋ ငါသည် တန်ခိုးပြာဋိဟာနှင့် စပ်သက်ရာ၌ ဤသို့သော အပြစ်ကို မြင်သောကြောင့်၊ တန်ခိုးပြာဋိဟာကို စက်ဆုပ်ရွံရှာ နှုန်းနှုန်းနေ၏။

ငှင်းဖြစ်ကြောင်း - ဝိနည်းဝိနိစ္ဆယတော်၌လည်း ဤကဲ့သို့သောတန်ခိုးပြာဋိဟာများကို စတုတ္ထပါရာဇိကအာပတ်ဖြင့် တားမြစ်တော်မူခဲ့၏။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလိုဆန္ဒတော်အားလျော်စွာ၊ ဤအခန်း၌ တန်ခိုးပြာဋိဟာနှင့် ဆိုင်ရာအဖွင့် အညွှန်းများကို ဖော်ထုတ်ခဲ့လေသည်။ ဗုဒ္ဓ၏ တန်ခိုးပြာဋိဟာကို ကြည်ညိုယုံကြည်၍ ဗုဒ္ဓဘာသာဟူသော အနည်းနာမကို ခံယူနေကြတဲ့မြန်မာ တိုင်းရင်းသားတို့ကား ဘာဒီဘုရားရှင်စက်ဆုပ်ရွံရှာမုန်းတီးတဲ့ တန်ခိုးပြာဋိဟာကို အသေ ကာလယုံကြည်၍ နေကြကုန်၏၊ အားကိုး၍ နေကြကုန်၏။ ထို့ပြင်က ဗုဒ္ဓဘာသာဝင်



ပုဂ္ဂိုလ်ရောက်နေတို့သည်လည်း ဗုဒ္ဓကိုယ်တော်တိုင်က စက်ဆုပ်ရွံရှာတဲ့ တန်ခိုးပြာဋိဟာတို့ကို နှစ်နှစ်ကာကာ မဟာမောယုံကြည်နေကြစေတော့ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာ ဝင်တို့ယုံကြည်နေကြတဲ့ တန်ခိုးပြာဋိဟာတို့ကိုလည်း အခြားဘာသာဝင်များ ယုံကြည်နေကြတဲ့ တန်ခိုးပြာဋိဟာတို့ကို အလကားအဟာအတွေပါဟု၍ ပုတ်ခတ်ပြောဆိုနေကြကုန်၏။ ဤ အချက်ကပင်တန်ခိုးပြာဋိဟာဆိုတာ ယုံကြည်ရေးသာကယ့်သဘောတရားပေပဲလဲဟုပြောင်းကို ဖော်ထုတ်လျက်နေလေသည်။

ဤအခိုင်အမာသော သာဓကတို့ကို အရှိအတိုင်း ဗမာလူသားတို့က လက်ခံလျှင်ကြ ကုန်၏။ အသေးအမွှားဟု ထင်မှတ်ကာ အရေးမထားပြုလုပ်ခဲ့ကြကုန်၏၊ တန်ခိုးပြာဋိဟာ လွမ်းမိုးသော ဗုဒ္ဓဘာသာသည် ဗုဒ္ဓ၏ ဗုဒ္ဓဘာသာနာမတော်ကို တဖြည်းဖြည်းပျက်စီး လိမ်းကွဲ၍ မှိုင်းမှုန်နေနေချေ၏။ အိန္ဒိယနိုင်ငံကြီးအတွင်း၌ တန်ခိုးပြာဋိဟာက ဗုဒ္ဓဘာသာကို လွှမ်းမိုးလာသည်နှင့် အမျှ ဗုဒ္ဓဘာသာနာ ဆုတ်ယုတ်ပျက်ပြားခြင်းသို့ ရောက်ခဲ့ရရှာတဲ့ ဖြစ်ရပ်ကို ရာဇဝင်ဆရာတို့က မှတ်တမ်းတင်ရန် မမေ့ခဲ့ကြချေ။

အလျှံ့ဝေတွေ့ဘာလုပ်သဖြင့် ရွှေတချို့သော ခေတ်သစ်မှ ဘာသာအချို့ကိုတည် ထောင်ရည် ပုဂ္ဂိုလ်တို့သည်၊ လူသားအဖြစ်ဖြင့် မွေးဖွားလာသူ ပေါ်ပေါက် ကြကုန်၏။ သူတို့သည် မလျော်သောယုံကြည်ချက်ဖြင့် ကြီးမားလှသော သနားစရာကောင်း ပြောနေလှသော ရည်မှန်းချက်၊ ထက်မြက်လှသော ဉာဏ်ပညာအားဖြင့်ဖြင့် မိမိနှင့် လောကလူသားများအတွက် ဘာသာတရားကို တည်ထောင်ခဲ့ကြလေပြီ။ ထို့နောက် နှစ်တွေကြာညောင်း၍ ခေတ်တွေပြောင်းလာသောအခါ တန်ခိုးပြာဋိဟာပါသော ဘာသာ အယူဝါဒသည် ဆားမပါသောဟင်းကဲ့သို့ ကျူးလွန်သားအတွက် ပေါ့ပျက်ပျက်ဖြစ်၍ လာ လေသည်။ ထို့ကြောင့် ဘာသာခေါင်းဆောင်တည်ထောင်သူ ပုဂ္ဂိုလ်များကို ပဉ္စသမျှတည် ပြောင်းမြင့်နိုင်မှုဖြင့် သေသည့်အချိန်ထိ တန်ခိုးတွေ ဖြည့်တပ်ဆင်ရသော ခေတ်သို့ ရောက်ရောက် လာလေသည်။

ထိုအခါ ပညာရှင်လူသားသည် သူကိုးကွယ်ရာဘုရားကို အကောင်းအတက်မှ လစ်ဆုနှင့် အဆိုးအတက်မှ တစ်ပါးဟူ၍ နှစ်တန်းခွဲခြားလိုက်လေသည်။ အကောင်း အတက်မှ တစ်ဆုကို ထာဝရဘုရားဟူ၍လည်းကောင်း၊ အဆိုးအတက်မှ တစ်ပါးကို မာန်နတ် ဟူ၍ လည်းကောင်း နာမပညတ်တပ်ဆင်ထားခဲ့လေသည်။ ထာဝရဘုရားနှင့်မာန်နတ်မပါ တို့ အာသာတား ဤကမ္ဘာမှာ ရှာမှရှားပင်ဖြစ်သည်။ ၎င်းတို့တွင် လောကလူသားကိုတရား ဓမ္မဟောပြောညွှန်ပြကာ အပါယ်တမဖြစ်စေပဲ ကောင်းကင်ဘုံနန်းသို့ ကယ်တင်ပို့ဆောင် မှုကား ထာဝရဘုရားဖြစ်၏။ လောကရှိလူသားအားလုံးကို မျက်စေ့ယည်စေ၍ လောက အာရုံကာမဂုဏ်ပျော်၌ ကာမချော်မျှော်ကာဖောဖောနှင့် အတောမသတ် ကျင်လည်နေစေကို အားမလအားမြောက်ပြုကာ နည်းပရိယာယ်မျိုးစုံတို့ဖြင့် ဖျားယောင်းသွေးဆောင်မှုကား မာန်နတ်ဆိုတဲ့ဝိုဖြစ်သည်။ လူသားပညာရှင်သည် ထာဝရဘုရားနှင့် မာန်နတ်ကို တန်ခိုး ပြာဋိဟာများ တပ်ဆင်ပေးထားခဲ့သည်။ ၎င်းတို့သည် တန်ခိုးပြာဋိဟာနှင့် ပါဝါကို အပြိုင် အဆိုင်အသုံးပြုကာ လူသားကိုလွန်ဆွဲသလိုဆွဲ၍ နေကြတုန်း၏။ ယနေ့လက်ရှိ ကမ္ဘာ့ အခြေအနေနှင့် လူသား၏ အခြေအနေကိုသက်သေခံလာ၍ အဆုံးအဖြတ်ပေးရမည် ဆိုလျှင်၊ မာန်နတ်မင်းကပင် အောင်ပွဲရနေဟန် ရှိနေပေသည်။

ယင်းသို့ ခွဲခြားလိုက်သည်နှင့် တစ်ပြိုင်နက်၊ ဘုရားအဆက် သား နတ်ဗြဟ္မာများနှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ (ဝါ) ကောင်းကင်တမန်တော်များကိုလည်းကောင်း၊ မာန်နတ်မင်း၏ အဆက်တော်သားဖြစ်ကြတဲ့ မိစ္ဆာနတ်များ၊ တစ္ဆေ မြေဘုတ်များ၊ ဘီလူး သဘက်များနှင့် ကြမ်း ပြိတ္တာမှစ၍ လူသားကို အဆက်ဖျက်မှ အနှောက်အယှက် အပျက် ယပျက်လုပ်မည့်ကောင်းဆိုးဝါး နတ်ကြမ်းနတ်ရိုင်းများကို၊ ဝေသကြမ်းဖန်ဆင်းထည် ဆောက်ရလေသည်။ ထာဝရဘုရားသည် ကောင်းကင်ဘုံဗိမာန်အထက်နန်း၏ ပိုင်ရှင်ဖြ သည့်အားလျော်စွာ ထိုကောင်းကင်ဘုံနန်းသို့ ရောက်ရာရောက်ကြောင်း ကောင်းမြတ်သော လုပ်ငန်းနှင့် လမ်းစဉ်တို့ကို တီထွင်ဖန်တီး၍ မိမိ၏ အဆက်တော်သားများကို ကယ်တင်ရန်



ကြိုးပမ်းလျက်နေချေသည်။ မာန်နတ်မင်းကမူ ထိုသို့သောဘုရား၏လုပ်ငန်းများကို အမြဲ ထာဝရပြစ်တင်ရှုံ့ချကာဖြင့်လည်းကောင်း၊ သရော်လှောင်ပြောင်၍ ဘုရားအဆက်သားများ အယောင်ယောင်အမှားများဖြစ်အောင် ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ မိမိ၏အဆက်တော် သားများကိုလည်းတယောင် ခြောက်ခြားနှင့် ဘုရားဘက်သို့ပါမသွားရအောင် အမြဲတစေ ဖျားယောင်းသွေးဆောင်လျက်နေချေသည်။ အေး . . ဘုရားနှင့် မာန်နတ်၏ အကြား ဗျာများလျက်နေသော လူသား၏ အခြေအနေကား အလွန်တရာပင်သနားဖွယ်ရာဖြစ်၍ နေချေပြီ။

လမ်းကြောနှစ်ကောင်းအခေါ်တွေပြောင်းလာငဲ့အခါ၊ လူသားသည် သူ့စွမ်းကို မျှောက်သည့်ဖြစ်၍ ကြောက်ရတဲ့အဝသို့ဆိုက်ရောက်လာခဲ့ရလေပြီ။ ဆိုလိုရင်းကား လူသား ကိုယ်တိုင်ဖန်ဆင်း၍ အသက်သွင်းပေးရသော ထာဝရဘုရားနှင့် မာန်နတ်တို့ကို လူသား ကပင် ကြောက်ရွံ့တုန်လှုပ် ဒူးတုပ်ဒိုက်ကျိုးရှိခိုးကန်တော့ရတဲ့ အခြေသို့ဆိုက်ရောက်နေပြီ ဟုဆိုသည်။ မှန်လှချေ၏။ လူသားသည် ထာဝရဘုရားနှင့် သမ္မာဒေဝဆိုတဲ့ နတ်ကောင်း နတ်မွန်များကို အစွန်းထကက်တွေနဲ့ ဖန်ဆင်းပြီးတဲ့နောက် အဲဒီဘုရားနှင့် နတ်တွေရဲ့ အကူအညီအစောင့်အရှောက်တွေ မေတ္တာကရုဏာတော်တို့ကို ခံယူနိုင်သူ သူတော်ကောင်း သည် ပတ္တနာပြုခြင်း၊ ယာဇ်ပူဇော်ခြင်း၊ ပရိတ်မန္တာန်ရွတ်ခြင်း၊ သစ္စာဆိုဓာန်ပြုခြင်း စသော အခမ်းအနားတို့ကို ပြုလုပ်ခြင်း၊ ဓာတ်နတ်စာတေးခြင်း စသောလုပ်ငန်းများကို တီထွင် ရလေသည်။

ဤသို့လုပ်ရင်းလုပ်ရင်းလူသား၏ အခြေအနေလည်းတိုးတက်လာခဲ့ရာ၊ ထိုတိုး တက်မှုသည်ပင် ဘုရားသခင်၏ မဟာကရုဏာတော်ကြောင့်ဟူ၍ ထင်မြင်မှုလိုက်ကား၊ ထိုသည်နတ်ဘုရားအား ကျေးဇူးဆပ်တဲ့ ကျေးဇူးတင်ပွဲကို လူသားတို့အဆင်နွှဲခဲ့ရလေပြီ၊ တို့မျှမက လူသားသည် ကမ္ဘာလောက၌ နေထိုင်ခြင်း၊ အစာသတ်မှုတော်ကြိုးပါ၊ ရန်ကြွေးရက်ပ်ဆိုက်ရောက်ခြင်း၊ ပုလိပ်ကပ်ရောဂါ၊ ကျောက်ရောဂါစသော ရောဂါကြင်

ဆိုးအဖျိုးမျိုးဆိုက်ရောက်ခြင်း၊ လေမုန်တိုင်းကျခြင်း၊ မြေငလျင်လှုပ်ခြင်း၊ တော်လဲခြင်း၊ စစ်မက်ဆိုတဲ့ သဘာဝနှင့်ရောက်ဆိုက်ခြင်း စသောကမ္ဘာ့ဘေးဥပါဒ်ကြီးများကား လူသား၏ ယုံကြည်မှုကည်းဟူသော အပြစ်ကြောင့် ဘုရားသခင်ကချမှတ်ပေးလိုက်တဲ့ အပြစ်ဒဏ်များသာဖြစ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။

ယင်းသို့ ယုံကြည်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ဆုတောင်းပဌနာပြုလုပ်ခြင်း၊ တောင်းပန်ချခြင်း အပြစ်ဖြေခြင်းစတဲ့ အဓိပ္ပါယ်ကင်းမဲ့သော လုပ်ငန်းများကို ဘာသာရေးအတွင်းသို့ စတင်သွတ်သွင်းခဲ့ကြလေသည်။ ထို့နောက်လူသားသည်မိမိ၏ဘဝတည်မြဲရေးအတွက် လက်ခံလည်နိုင်အောင် ခေါင်းရွက်ဖွယ်ရာကိစ္စများမအားရအောင်များပြောင်လှသောကြောင့် ထိုထိုဘာသာရေးနှင့်ဆိုင်ရာလုပ်ငန်းများတွင် မိမိတို့အစွမ်း ခေါင်ရွက်နိုင်ရန် ပုရောဟိတ်များကို အသုံးပြုလိုက်ရလေသည်။ ထိုအခါ ပုရောဟိတ်တို့သည် မိမိတို့ပြုလုပ်သော အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့တို့ကို အသက်ဝင်၍ သိန့်ပြောက်စေရန်၊ ဘုရားနှင့် တကွအားလုံးသော နတ်တို့ကိုအသုံးပြု၍လာကြလေပြီ။ မိမိရွက်ဖင်သောရွှေယ်လိုက်သော ပရိတ်များ၊ မန္တာန်များစိုင်၍ တန်ခိုးအာနိသင်ထက်မြက်စေရန် မိတ်ဆောင်ရွေးတော်၊ သံဘော်ဓာတ်၊ လက်ဝဲးကပ်ပိုင်စတော် စသည်တို့ကို တွဲဖက်၍ အသုံးပြုလာကြလေသည်။ ထိုအခါ လူသားသည် စိတ်မအေးလက်မအေး အလုပ်များခြင်းကြောင့်လည်းကောင်း၊ အကောင်းအဆိုးနှင့် အကြောင်းအကျိုးတို့ မခွဲခြားနိုင်လောက်အောင် အဖျင်းကြောချွေးခြင်းကြောင့်လည်းကောင်း၊ မိမိတို့ဝတိုင်က ဝရှည်လေလေပါ၍ကြောင့် မကြောက်ကြရလေအောင် တောက်ပုံထားတဲ့ ပုရောဟိတ်များက ထုတ်ဖော်ပြုပြင်ပြကြသော အယူအဆအားလုံးကို သိမ်းရုံးလက်ခံထားခဲ့လေသည်။ ထိုခေတ်က လူသား၏ စိတရကာဥာဏ်ကား ပုလုစေ့လေးနှမယ်လှသေးရကား . . . ပုရောဟိတ်များတင်ပြတဲ့ တန်ခိုးပြမည့်ဟာများ (၀) အကြွားနဲ့ အမှား မုသားတို့ကို အစစ်အမှန်အဖြစ် ယုံကြည်လိုက်နာခဲ့ကြလေကုန်ပြီ။



ထိုခေတ်သို့ရောက်ရှိ ယခုခေတ်မှာ စိတ်ရကာဥာဏ်ရှိလူသားကား အမှောင်ထုကို ထွင်းဖောက်လွန်မြောက်၍ အလင်းဥာဏ်ရောက်ပြီဖြစ်သောကြောင့်၊ ရှေးခေတ်ပေါက်ဖွားလူသားတို့ထံမှ အမွေရလိုက်သောအကြောက်နှင့် အမှောင်တို့ကို ငုံ့ငှကွက်ကွက် နှိမ်ချ၍မနေတော့ပဲ ရက်ရက်စက်စက်စွန့်ပစ်နိုင်လေပြီ။ ယင်းသို့ စွန့်ပစ်နိုင်ခြင်းကြောင့် တန်ခိုးပါဝါရှင်ဖြစ်သော ထာဝရဘုရားနှင့် မာရ်နတ်တို့ကား အခြားမဟုတ်၊ မှောင်အတိပြီးသော ရှေးခေတ်လူသား၏ စိတ်နာလိုက်ထုတ်တိုသာဖြစ်ခဲ့သည်ဟူ၍ သူသိမြင်ခဲ့လေပြီ၊ ထိုကဲ့သို့သော တန်ခိုးပြာဋိဟာများကမ္ဘာပေါ်၌ တကယ်စင်စစ်ဖြစ်ခဲ့ဖူးသည်ဆိုတဲ့ စကားအတွက် ထောက်ခံချက်မရှိဟူ၍လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင် ဟုဆိုအပ်သော သက်လုမ်းဓိ ကပ္ပါဝင်၌ အံ့ဩဖွယ်တန်ခိုးပြာဋိဟာများ ထင်ရှားပေါ်လွင်ခဲ့သည်ဟု ဆိုစရာသာမှ အခြေမရှိဟူ၍ လည်းကောင်း၊ သေချာစွာသိမြင်ခဲ့လေပြီ။

ဒီပံသ ဉီဝရကာ ဥာဏ်ကို လက်ကတုံးတောင်မရှုပမာ ထာဝစဉ်သုံးနေသော လူသားသည် ဘာသာရေးဆိုင်ရာ ရှေးဝေဝများ၌ ဝေနဝက်ငိုင်အဖြစ်ဖြင့် တာဝနဖြလာခဲ့သော အကြွား၊ အမှားနှင့် မုသားတို့ကို လက်ဖွယ်ကြပ်တဝ်အဝ်ခေသာချာနေရတဲ့ဟာတွေ ဖြစ်တဲ့အကြောင်းသိမြင်တဲ့ခြင်း၊ ၎င်းတို့ကို ဖော်ထုတ်ညွှင်အသက်ဝင်လာအောင် လုပ်ပေးလိုက်တဲ့ ထာဝရဘုရားသခင်နှင့် မာရ်နတ်တို့ဟာလည်း၊ အမှောင်၏သားတွေသာဖြစ်သည်ဟူ၍ တိတိကျကျသိရှိ၍ နေလေပြီ။

ရှေးခေတ်လူသားသည် ထာဝရဘုရားနှင့် မာရ်နတ်တို့ကို ငါးထောင်ရွက်ဝယ် ဟာဝအောက်ဝင်ဝင် ယုံကြည်ခဲ့ကြသည်။ သူတို့နှစ်ဦးလုံးသည် သက်ဆိုင်ရာဘာဝများအရ တန်ခိုးရှင်များဖြစ်ကြကုန်၏။ ထိုခေတ်တွင်လူသားသည် မိမိ၏ဘုရားကိုကြည်ညိုသလို မာရ်နတ်ကို ကြည်ညိုလေ့ချေ ဝင်စစ်မှာ မာရ်နတ်ကို ကြောက်၏။ ထို့ကြောင့်လူသားတိုင်းသည် မိမိဘာသာ၌ ပါဝင်နေသော မာရ်နတ်၏ ယယ်ယယ်မှလွတ်မြောက်၍ ဘုရားရှင်၏ ပြိုးမိုးကျောင်းသို့ရောက်ရန်သာ ပန်းနေရလေသည်။ ယခုခေတ်ဖွားယခုလူသားကမူ မာရ်နတ်

ကို ကျွဲချင်းခုတ်ကျူပင်မကျန် သဘောအတိုင်း မိမိတို့ကိုးကွယ်ယုံကြည်ရဲ့ ဘာသာရေး နယ်ပယ်အတွင်းမှ ဖယ်စာရင်းပါ ဖျောက်ဖျက်ပစ်လိုက်လိုသည်။ သို့ရာတွင် မာန်နတ်ကို ဖျောက်ဖျက်လိုက်လျှင် ၎င်း၏နောက်ဆီ့ကောက်ကောက်ပါအောင်လိုက်သွားမည့် ဘုရားသခင်၏အခြေကိုပါမြင်တွေ့နေရသောကြောင့် အချို့လူသားများက သက်နှေးလက်မှိုနေကြသည်ကို တွေ့မြင်ရလေသည်။

ယခုအခါ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်နှင့် မာန်နတ် တစ်ဦးဦးကို ဖယ်စာရင်းမှ ပယ်ဖျက်ပစ်လိုက်လျှင် ဘာသာအားလုံးဝရုန်းသုန်ကားဖြစ်ကာ ရပ်တည်ရာ မရဖြစ်ကုန်ကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘာသာတရားမျှသည် ထာဝရဘုရား နှင့် မာန်နတ်ကို အတိုင်အဖောက်ပြုလုပ်ကာ ရက်လုပ်ထားသော စိတ္တကာနိယန်ကြီး သာ ဖြစ်လေသောကြောင့်တည်း။

ထို့နောက် ပရောဟိတ်တို့သည် ထိုသည့်ကာနိယန်ကြီးပေါ်တွင် မိမိတို့၏ အလင်မျှဖြစ်ရဲ့ ဓာတ်ကျက်ဓာတ်လမ်းနှင့် ဓာတ်ကောင်၊ ဓာတ်ဆောင်တို့ကို ရေးခြယ်ခဲ့ကြ လေသည်။ ယင်းသို့ရေးခြယ်ထားရဲ့ ဓာတ်တွေကို တကယ့်ဖြစ်ရပ်တွေအဖြစ်ဖြင့် သက်ဆိုင်ရာက တပွဲလူထုသို့တင်ပြကြလေသည်။ ဤသို့တင်ပြရာ၌ ပရောဟိတ်တို့သည် မိမိတို့၏ အရည်အချင်းကို တင်းပြည်ကျပ်ပြည့်အသုံးပြုကာ လူထုကိုဖွေးဆောင်ဖျား ယောင်းခဲ့လေပြီး ထိုခေတ်က လူထုကား ဝဉ်းစားဉာဏ်ဝေဖန်ဉာဏ်ဆိုရဲ့ သက်နက်မဲ့ အခြေအနေ၌ပင်ရှိသေးရကား ပုရောဟိတ်များဟောသမျှ ပြောသမျှတို့ကို၊ ခေါင်း မထောက်ဘဲ လိုက်လိုက်လွဲလွဲယုံကြည်လိုက်နာကြလေပြီး လူသား၏ ဦးနှောက်ကား နုနယ်လှသေးရာ ကွန်းပေါ်မြေများလဲသို့ ပုရောဟိတ်များကြဲ၍ ချလိုက်သော မျိုးစေ့များ အားလုံး ပြန်းပိုင်းမကြာ လျှင်မြန်စွာတောက်လျှောက်အပင်ပေါက်၍ လာကြလေသည်။

သို့ရာတွင် မျိုးစေ့က မသန့်ရှင်းကြောင့် ဆောင်းခြောက်ရောဂါ၊ ဘာမျိုးဘာ ပင်ရယ်ဟူ၍ မခွဲခြားနိုင်လောက်အောင်ထူထပ်သော ကိုင်းမြက်တောကြီးပမာ ရှုပ်ထွေး



ထူပိန်းလှသော အမှိုက်တောကြီးဖြစ်ကာလာလေတော့သည်။ ယခုအခါ ထိုအမှိုက်တော ကြီးကား တနှမြှုပ်နှင့် ခြေပံ့များချုပ်ရလောက်အောင် ထူထပ်သော အခြေသို့ဆိုက်နေချေ ပြီး ကမ္ဘာ့အခြေအနေကိုတာတ်နေသည်နှင့်အမျှ လူသား၏ဘဝသဘောဖြစ်တရားသည်လည်း တိုးတက်လာခဲ့ရာ လူသားသည်မိမိ၏ခြေပေါ်တွင် ရပ်တည်၍ မိမိဦးခေါင်းကို အသုံးပြုနိုင် သော အရည်အချင်းနှင့် ပြည့်စုံလာလေပြီ။ ထိုအခါ ကမ္ဘာ၏ ဥပါဒါန် အစွဲကား ဖြိုခွဲ၍မရ နိုင်လောက်အောင် ခိုင်မာ၍နေသောအချက်နှင့် ရင်ဆိုင်၍ နေရလေပြီ။ လူသားသည် ဥပါဒါန်အစွဲတောမှ အတင်းတိုးထွက်ရန်အားထုတ်၏။ ခေါင်းဆောင်ဖြစ်သည့် ပရောဟိတ် တို့ကမူ ထိုသို့သော ခုန်ထွက်မှုကို အခွင့်မပေးနိုင်ချေ။

ဤသို့အားဖြင့် ဘာသာနှင့် ဆရာတို့အကြား၌ ရုန်းကန်မှုများဖြစ်လာလေတော့ သည်။ နောက်ဆုံး၌ လူသားနိုးနိုးစုဝိုးတို့ ဘာသာများပေါ်ပေါက်ထွန်းကားခဲ့ရာ၊ ယခု အခါဘာသာမဲ့ အစည်းအရုံးကြီးပင် ကမ္ဘာတွင် ထင်ရှားပေါ်လွင်၍ နေချေပြီ၊ မှန်လှ၏။ လူသားသည် သဘာဝအားဖြင့် အမြဲတစေရှေ့ရှင်ကို ကူးနေသူများဖြစ်လေရာ၊ မိမိ၏ဘဝ တည်မြဲရေးအတွက် အမြဲတမ်းကူးခတ်၍ နေရမည်။ ယက်ကန်လှုပ်ရှား၍ နေရမည်။ မိမိ၏ ခြေလက်အင်္ဂါတို့ကို နားကျက်ရော အားကျတ်ပါမပေးလိမ့်မည်မဟုတ်ချေ။ ယင်းသို့ ကြိုးပမ်းအားထုတ်မှုအမြဲထာဝစဉ်လှုပ်ရှားမှုများကြောင့် လူသား၏အခြေအနေသည် တိုကြ တနင်းကြက် သီးဖြန်းဖြန်းသန်းသလောက်အောင်တိုးတက်လာခဲ့လေသည်။ ယင်းသို့ တိုးတက် လာရုံနှင့် ကျေနပ်နှစ်သက်၍မနေပဲ လူသားသည် မိမိတိုးတက်လာခဲ့သော လမ်းစဉ်ကို ပြန်လည်သုံးသပ်ခဲ့လေပြီ။ ထိုသို့ပြန်လည်သုံးသပ်ခဲ့ရဲ့အခါမှာ ဥပါဒါန်ဆိုရဲ့ အစွဲတစ်ခု မြဲတိုင်းမြဲကြက်တိုင်း ရှေ့သို့တစ်လှမ်းတိုးတက်လာခဲ့သောဖြစ်ရပ်ကို တပ်အပ်ထင်ထင် လူသားသိမြင်ခဲ့လေပြီ။

ထို့ကြောင့်လည်း ဥပါဒါန်စည်းပိုင်းအတွင်းမှာ အစွဲအလမ်းတွေတန်းလန်းကြီးနှင့် နေရစ်သူများနှင့် တိုးတက်သော လူသားတို့လမ်းခွဲကြရမည့် အခြေသို့ဆိုက်ရောက်လာခဲ့

လေပြီ၊ စုံစမ်းစစ်ဆေးမှု ပေဖန်သုံးသပ်မှုတို့သည် အစွဲဥပါဒါန်နှင့် ဓမ္မသဘောကဖြစ်ကြစေကာ လူသား၏တိုးတက်ရေး၌ အဓိကအားပေးတန်များဖြစ်လာကြလေပြီ။ ထို့ပြင် ဥပါဒါန်အစွဲသည် လူသား၏ လွတ်လပ်ရေးလမ်းစဉ်၌ ခရောတိုးမိုးကြိုးဖြစ်လာလေသည်။ ထို့ကြောင့် ယနေ့လူသားသည် ဥပါဒါန်အစွဲဟူသမျှကို တစ်စမကျန်တော်လှန်တွန်းထုတ်၍ သဲသဲမဲမဲ လှုပ်ရှားရန်ကြိုးပမ်းလျက်နေချေပြီ။ အစွဲဥပါဒါန်အငုတ်မကျန်စေအောင် ပြုတ်ထွက်သွားတဲ့အခါ၊ ၎င်း၏မွေးဖက်တော်များဖြစ်တဲ့ နတ်သိကြားနှင့် ကောင်းကင်တမန်တော်များအားလုံးသည်လည်းကောင်း၊ မာရ်နတ်မင်းနှင့်အပေါင်းပါနတ်မိစ္ဆာများသည်လည်းကောင်း၊ အစိမ်းသရဲနှင့် စုန်းကဝေတစ္ဆေတို့သည်လည်းကောင်း၊ နေရောင်ခြည်ကြောက် သည့်နှင်းရည်ပေါက်ကဲ့သို့ ဖြစ်သွားလေပြီ။ အဆုံးမှာ ၎င်းဥပါဒါန်ကတည်ဆောက် ထားခဲ့တဲ့အမျိုးမျိုးတို့လဲ ဖရိုဖရဲပြိုကွဲပြန့်ကြဲလွင့်စင်ပြာပုံအသွင့် ဝင်ရောက်ကြရလေသတည်း။

ထို့မှတစ်ပါး ဥပါဒါန်အစွဲ၏ သားတော်ကြီးများဖြစ်ကြကုန်သော စရည်းတဆောင်ဆရာ၊ ဟူးရားဗေဒင်ဆရာ၊ အနာဂတ်ဟောင်ဆရာ၊ မှော်ဆရာ၊ အင်းဆရာ၊ ထီးကွင်းမှင်ကြောင်ဆရာ၊ ကိုးဆူဆရာ၊ ပုဏ္ဏားဖြူ ပုဏ္ဏားညိုဆရာများနှင့် တကွ အားလုံးကုန်သော နတ်ဝင်နတ်ထိန်းတို့သည် တဖြည်းဖြည်းတစ်စတစ်စ ဆုတ်ကပ်လမ်းသို့ နိုင်ငံ၍ သွားကြလေကုန်ပြီ။

တဖန်လူ့ဆေးလှုပ်ကျွမ်း တရျက်နှာ (၁၃၁) ၌ ထိုသည့်အစွဲ ဥပါဒါန်သည် အစချီသည့်ဝါကျကို အနည်းငယ်ရှင်းပြဦးမည်။ အစွဲဥပါဒါန်သည် ရဟန်းမင်းများကို ဖန်ဆင်းရာ၌ မခေါနလက်သည် ဖြစ်ခဲ့ပေသည်။ အစွဲဥပါဒါန်သည်ဆိုတာက ကတ္တားပုဒ်ဖြစ်သည်၊ မခေါနလက်သည်ဖြစ်သည်ဆိုတာကတော့ ကြိယာဖြစ်သည်၊ ရဟန်းမင်းများကို ဖန်ဆင်းရာ၌ ဆိုတဲ့ပုဒ်များကတော့ ကာလကြိယာဝိသေသနပုဒ်ဖြစ်သည်။

ရဟန်းမင်းဆိုတဲ့ ပုဒ်ကားနာမပုဒ်ဖြစ်၏၊ သက်ဆိုင်ရာ အသားဝင်တို့အတွက် အထွတ်အမြတ်ဆုံး သရုပ်ဖြစ်၏။ ထိုသရုပ်ကို ဆောင်းလို၍ ခမ္မာ်ရှန်းသူတို့၏



အရေအတွက်သန့်ရာကား နည်းလှချည်ပဟုတ်ချေ၊ ထိုမျှများပြားလှသော လူတုအနက်မှ တစ်ဦးတစ်ယောက်သည် ထိုသရုပ်ကြီးကိုဆောင်းရန် အာသာဆန္ဒအလွန်ပြင်းထန်လှ၍ နေပေရာ၊ ထိုအစွဲဥပါဒါန်ကသန့်စွာရှိနေခြင်းကြောင့် ထိုသူသည် မနည်းမလစ် တရစပ်ပင် ထိုသရုပ်ကိုရရှိရေးအတွက် ကြိုးပမ်းတကုတ်အားထုတ်၍သာ နေပေလိမ့်မည်။

ထိုသရုပ်ရရှိနိုင်ရေးအတွက် အသက်ကိုပင်စွန့်စွန့်ရန်ရည်တဲ့သဘောဖြင့် ရဟန်းမင်းဖြစ်ရန် ပါရမီကို ဖြည့်တင်း၍နေပေလိမ့်မည်။ နောက်ဆုံး ထိုသူသည် ထိုမျှသဲသဲမဲမဲ စွဲမြဲလှသော ဥပါဒါန်အစွဲဖြင့် ရဟန်းမင်းဖြစ်ရေးအတွက် လိုအပ်သော အရည်အချင်း အကျင့်စာရိတ္တတို့နှင့် ပြည့်စုံလှပေလာက်အောင် အားထုတ်ခြင်းကြိုးပမ်းခြင်းကြောင့် လူ့စွဲလန်းတပ်မက်လှတဲ့ ရဟန်းမင်းအဖြစ်သို့ ဆိုက်ရောက်၍သွားပေရာ၏။ ထိုသူသည် ထိုမျှစွဲမြဲသော ရဟန်းမင်းအဖြစ်သို့ ရောက်လိုတဲ့ ဥပါဒါန်သာမရှိခဲ့လျှင်၊ ထိုမျှပြင်းထန်စွာ အားမထုတ်ပေ။ ထိုသို့အားမထုတ်ခြင်းကြောင့် ရဟန်းမင်းဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးကိုလည်း ရွတ်နိုင်မည် မဟုတ်ပေရာ။ ထို့ကြောင့် ဥပါဒါန်သည် သာသနာ့ဝိုင်များကို ဖန်ဆင်းရာ၌ မခေါနလက်သည်ဖြစ်ခဲ့လေသည်။ အစွဲဥပါဒါန်သည် မဟာရဟန္တာများကို ဖန်ဆင်းရာ၌ မခေါနလက်သည်ဖြစ်ခဲ့လေသည်။ စသည်ဖြင့် ဝါကျငယ်ပေါင်းမြောက်များစွာ တည်ဆောက်နိုင်သည်။ ထို့ကြောင့် မည်သူ မည်ဝါ မည်သည့် ဘာသာကိုမျှ ဖြစ်တင်ရှုံ့ချသည် (ဝါ) စော်ကားရန်စသည် (ဝါ) ရည်ရွယ်ဖြစ်အောင် ရှုံ့ချပေးသည်ဟူ၍ ကောက်ချက်ချ ဆို၍ မဖြစ်နိုင်ပါချေ။

ထို့ကြောင့်လူသားသည် ကောင်းမှုကောင်းတာကိုပင်ဖြစ်စေ၊ သို့မဟုတ် မကောင်းမှု မကောင်းတာကိုပင်ဖြစ်စေ လုပ်ကိုင်ကျူးလွန်ရာ၌ ဥပါဒါန်ဦးစီးဖြစ်သည်။ သို့ဖြစ်ရာ လူသားသည် တိရိစ္ဆာန်များကိုလည်းကောင်း၊ သစ်ပင်များကိုလည်းကောင်း၊ မိုးပျံကြော်နိုး မှီးပူဇော်တဲ့အခြေသို့ ဆိုက်ရောက်ခဲ့လေပြီ။ ယင်းသို့ လူသားကို ထိုထိုအခြေသို့ ဆိုက်ရောက်အောင်ပို့ဆောင်သည့်လက်သည်ကား အစွဲဥပါဒါန်ပင်ဖြစ်သည်။ ထို့ကြောင့်ပင်

အစရှိသော ဝါကျတို့ ကျွမ်းမြူးရာက ဆက်လက်ရေးသားခဲ့သည်။ ထိုသည့် အစွဲဥပါဒါန်ကြောင့် မြွေနဂါးများ၊ နွားနှင့် မြေဇာမြက်များကို နိုးသဖြတ်နိုး ကိုးကွယ်နေကြသော လူသားများတို့လည်းကောင်း၊ ပင်စိမ်းပင်နှင့်တကွ အချို့အချို့သောတောင်ထိုး သစ်ပင်ကြီးများ၊ တို့မြင့် ထူးဆန်းစွာတည်ရှိနေသည့် ကျောက်တုံးကျောက်များများကို ပွဲပေးပသနေကြသည့် လူသားများကိုလည်းကောင်း အရပ်တိုင်း၌ ကျွန်ုပ်တို့ တွေ့မြင်နေကြရသည်မဟုတ်တုံလော။

အကြင်အခါ၌ ဥပါဒါန်သည် လူသား၏ဦးနှောက်ရာပလ္လင်ကို သိမ်းပိုက်၏။ ထိုအခါလူသားစိတ်ကို အမှောင်နှင့် အကြောက်လွှမ်းမိုးကြီး၍လာလေတော့သည်။ ထိုသို့လွှမ်းမိုးလာသည်နှင့် တစ်ပြိုင်နက် လူသားသည် မိမိအမှောင်ပြည့်၍ အကြောက်ပြေရန်အလို့ငှာ နည်းလမ်းတို့ကို ဆုံးစမ်းရှာဖွေကာဖြစ်နေလုပ်ကိုင်လေတော့သည်။ ထိုမှာက မိမိ၏အမှောင်နှင့် အကြောက်တို့ ပြေပျောက်ပေးနိုင်မည့် စွမ်းရည်သတ္တိ တန်ခိုးတော်နှင့် ပြည့်စုံတဲ့နတ်များ၊ ဘုရားများကို ဖန်ဆင်းပြီး၊ ကိုးကွယ်လေတော့သည်။ ထိုသို့ ဖန်ဆင်းပြီးနောက်ပိုင်းသဏ္ဌာန်မဲ့ "နိရာကာရ" ဘုရားများနှင့် ပုံသဏ္ဌာန်နှင့် တကွသော "သာကာရ" နတ်ဘုရားများဟူ၍ ခွဲခြားလိုက်လေပြီ၊ ထိုအခါ လူသားသည် သာကာရနတ်ဘုရားနှင့် နိရာကာရနတ်ဘုရားများကို မိမိ၏အမှောင်နှင့် အကြောက်ပပျောက်ရေးအတွက်၊ ပူဇော်ပသရွေးသည်တို့မြင့် နှစ်သိမ့်ကျေနပ်မှုရစေရန် ဖန်တီးရလေတော့သည်။

နှစ်ရှည်လများ ကာလတွေစားလာသောအခါ လူသား၏အမှောင်ပြည့်စုံရေး အကြောက်ပပျောက်ရေးတို့သည် ဘာသာရေးနှင့် ဆိုင်ရာပဟာဏ်စွဲတွေဖြစ်၍ လာကြလေပြီ၊ လူသားသည် ထိုဖော်ပြခဲ့ပြီးသော သာကာရနတ်ဘုရားနှင့် နိရာကာရနတ်ဘုရားတို့ကို ရည်ရွယ်၍ နတ်ကွန်းနတ်နန်းများကို ဆောက်လုပ်ကာ ၎င်းတို့အား အစဉ်ပူဇော်ပသရလေတော့သည်။ အားလုံး သိမ်းကျုံး၍ ဆိုရလျှင် ဘာသာရေးဆိုင်ရာရုပ်တုနှင့် ဓရုပ်တန်ဆောင်းကျောင်းပြသာဒ်စသည်တို့သည် လူသား၏ဥပါဒါန်ကို အခြေခံ၍ ဖြစ်ပေါ်လာသောအကျိုးတရားများသာ ဖြစ်ကြကုန်၏။



ဤသို့အားဖြင့် လူသေလူဖြစ်ကျမ်း စာမျက်နှာ (၁၃၀) မှ (၁၅၅) တိုင်အောင်သော စာသားတို့တွင်၊ ဥပါဒါန်အစွဲကို ပြိုလဲသွားစေရန် ရည်သန်ချက်ဖြင့် ကမ္ဘာ့စာရေးသတိထဲသို့ တင်ပြချက်သာဖြစ်ပါသည်၊ ၎င်းတို့ကို သေချာစွာ ဖတ်ရှုပါက ဥပါဒါန်အစွဲ၏ အာဒီနဝကို တိကျစွာမြင်၍ လာပါလိမ့်မည်။ ထိုမှသာလျှင် ဥပါဒါန်သည် ကမ္ဘာလူသားတို့၏ အမျိုးမျိုးသော တိုးတက်မှုများကို အကြီးအစ ကမျက်၊ ယဖျက်လုပ်နေသည်ဟူ၍ ပညာရှင်လူသားကိုယ်တိုင်သိမြင်၍ လာပေလိမ့်မည်။ ထိုအခါ လူသားသည် ထိုမျှကြီးလေးသော အပြစ်တို့ဆောင်တဲ့ ဥပါဒါန်ကိုနှုတ်ဖြော၍ရှိဘဲ ရှုနိုးပစ်ပေလိမ့်မည်။ သို့ရှုနိုးပစ်လျှင်ရှုနိုးပစ်ခြင်းလူသား၏ ဦးနှောက်အတွင်းသို့ အလင်းရောင်းတိုးဝင်၍ လာပေလိမ့်မည်။ အလင်းဉာဏ်ရှိပြီးဖြစ်သော လူသားသည် ကမ္ဘာ့ရာဇဝင်ကို လေ့လာဖတ်ရှုသောအခါ ရောမနိုင်ငံတော်ကြီးနှင့် မွေးစိန္နိယနိုင်ငံတော်ကြီးတို့သည်ဖြင့် ကမ္ဘာ၏အရှေ့ပိုင်း၊ နှင့် အနောက်ပိုင်းတို့သည် တံခွန်စိုက်ကြီးပွားတိုးတက်၍ တန်ခိုးထွက်ခဲ့ကြကုန်သော နိုင်ငံတော်ကြီးများသည် ဥပါဒါန်အစွဲကြောင့် တဖြည်းဖြည်းတစ်စတစ်စနှိမ့်လျော့ကျဆင်း၍သွားခဲ့ကြသည့်ဖြစ်စဉ်ကို ဘပ်အပ်ထင်ထင်တွေ့မြင်ရပေလိမ့်မည်။

ထိုသို့ ကျဆင်းသွားသော နိုင်ငံတော်ကြီးများကို အနီးမြင်၍ ကယ်တင်လိုက်သော ပုဂ္ဂိုလ်ကြီးတွေကို ကြည့်ပါဦးလော့။ ၎င်းတို့သည်ဥပါဒါန်အစွဲသမားတွေလော ? မဟုတ်ကြပါ။ သူတို့ကား ဥပါဒါန်အစွဲကို အစပျောက်ဖြိုခွဲလိုသူများဖြစ်ကြကုန်၏။ ယနေ့ကမ္ဘာနှင့် ယနေ့လူသား၏ ရာဇဝင်ကို လေ့လာသုံးသပ်တဲ့အခါမှာလည်း အစွဲဥပါဒါန်တို့ အရင်းအမြစ်မကျန်အောင် တော်လှန်နိုင်သောလူမျိုးသည် ကမ္ဘာ၏ အထွဋ်အထိပ်သို့ ရောက်ရှိနေသည်ကို တွေ့မြင်ရပေမည်။ အစွဲဥပါဒါန်ကို မတော်လှန်နိုင်တဲ့ လူမျိုးတို့ကား တုံးအောက်ကာကားတဲ့သို့ နှင်းမြူးတွေအဖြစ်ဖြင့်သော ကျေနပ်နေကြကုန်၏။ လူသားသုတရှင်လုံးရဲ့ တိုးတက်မှုတား အမှန်ကိုဆိုရလျှင် အစွဲဥပါဒါန်ကွာကျမှုကို အမြဲဖြုတ်ချက်နေရေသည်။ အစွဲဥပါဒါန်အတွက်ဖြစ်နေသလောက်၊ ထိုလူမျိုး၏ တိုးတက်မှုအရှိန်အဟုန်သည်

မြန်၏။ မှန်လှ၏။ လောကုတ်နှင့် လောကီဟူ၍ ဆိုအပ်သော လူသား၏ ကိစ္စရပ်လုံးတွင် ဥပါဒါန်ကတိုက်ရိုက်ဝင်နိုင်ခွင့်ရှိနေလေသည်။ လောကုတ်နယ်နှင့်လောကီနယ်နှစ်ခုတို့ဆက်ကြား၌ တည်ရှိသောစပ်ကြားနယ်မြေတွင် အစွဲဥပါဒါန်အများဆုံးတွေ့မြင်နိုင်ပေသည်။ အမှန်မှာ ဥပါဒါန်အစွဲကို အများဆုံးခွာနိုင်တဲ့ လောကီနယ်သားသည် သူ့အလိုရှိသော သုခကိုရရှိမြဲဖြစ်၏။ ထို့အပြင် လောကုတ်နယ်သားသည်လည်း သူ့မှာကျန်ရှိနေသေးသော ဥပါဒါန်ကို တစ်စုမကျန် အကုန်လုံးခွာ၍ ပစ်နိုင်မှသာလျှင် အမြင့်ဆုံးသောသုခချမ်းသာကို ရရှိပေလိမ့်မည်။

ယနေ့ကမ္ဘာတွင် သန်းနှင့် ကုဋေနှင့် ချီ၍နောက်လိုက်နောက်ပါလူဦးရေများစွာရှိကြသော ဘာသာကြီးများထင်ရှားရှိကြကုန်၏။ ၎င်းတို့တွင် အစွဲဥပါဒါန်ကိုအားပေး၍ အလေးပြုတဲ့ဘာသာ ပိုမိုများပြားလေသည်။ ဗုဒ္ဓဘုရားရှင်တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာမှာသာလျှင် ဥပါဒါန်ဖြုတ်ပယ်ရေးကို အားပေးခဲ့သည်။ ဘာသာကြီးလေးရပ်တို့မှာလည်း မိမိတို့ ဘာသာဆိုင်ရာသာ အမှန်ဖြစ်သည်ဟူ၍ ယုံကြည်ကြကုန်၏။ ဤသို့ယုံကြည်သူတို့သည်သာလျှင် သမ္မာဒိဋ္ဌိများဖြစ်ကြကုန်၏။ ထို့ကြောင့် ဘာသာကြီးလေးရပ်၏ ရှုဒေါင့်မှ စေ့စပ်ကြည့်ခဲ့လျှင် ကမ္ဘာ၏ လေးပုံသုံးပုံသော လူဦးရေတို့သည် အမြဲတစေ မိစ္ဆာဒိဋ္ဌိများဖြစ်လျက်နေချေသည်။ ဥပမာ ခရစ်ယာန်ဘာသာဝင်တို့သည် မုခပါဌ်တော် အစစ်ဟူ၍ မိမိတို့တလေးချယုံကြည်နေတဲ့ ဓမ္မဟောင်းဓမ္မသစ်ကျမ်းတို့၌ပါဝင်သောတန်ခိုး ပြာဋိဟာများကိုသာ တကယ်မှန်သည်ဟု ယုံကြည်ကြကုန်၏။ အခြားဘာသာများ၌ ပါဝင်သောအလားတူ တန်ခိုးပြာဋိဟာများကိုမူ အမှန်သဘောဖြစ်သည်ဟု မယုံကြည်နိုင်ကြချေ။ အပေါက်ဆုံးပြောရလျှင် ခရစ်ယာန်ဘာသာဝင်တို့သည် အခြားဘာသာဆိုင်ရာ မုခပါဌ်တော်များ၌ အကျုံးဝင်သော ငရဲဘုံတို့ကို တကယ်ရှိတယ်လို့ ယုံကြည်လဲ မယုံကြည်တဲ့အပြင်၊ ကြောက်လဲမကြောက်ကြချေ။



သို့ရာတွင် ခရစ်ယာန်တို့ကမူ ထိုသုံးဘာသာဝင်လူသားတို့ကို သူတို့ယုံကြည်တဲ့ ငရဲသို့သာ ပို့ကြပေလိမ့်မည်။ ပို့ချင်လဲ ပို့ပေါ့။ သူတို့က ယုံလဲမယုံ၊ ကြောက်လဲမကြောက်တော့ ဘာထူးအုံးမှာတုံး။ ဒီတော့ကာ ခရစ်ယာန်အတွက် အခြားဘာသာကြီးသုံးရပ်ဆိုင်ရာ မုခပါဌ်တော်များ၌ပါဝင်၍၊ အလွန်ကြောက်မက်ဖွယ်ကောင်းတယ်ဆိုတဲ့ငရဲကြီးတွေဟာ နိုဗေရာကြီးတွေ (ဝါ) အလကားဟာတွေဖြစ်လျက်နေချေပြီ။ အခြားဘာသာဝင်တို့ကလည်း ထိုနည်းအတူ မှတ်ယူရာ၏။ သို့ဖြစ်၍ လိုရင်းချုပ်ရလျှင် ဗုဒ္ဓဘာသာဝင်တို့အတွက် အခြားဘာသာဝင်သုံးရပ်တို့ ယုံကြည်တဲ့ ငရဲဟာမရှိ။ ဟိန္ဒူအတွက် အခြားသုံးဘာသာရဲ့ ငရဲမရှိ။ မွတ်စလင်ဘာသာဝင်အတွက်လည်း အခြားဘာသာဆိုင်ရာငရဲများဟာ အဓိပ္ပါယ်မရှိ။ ထိုအတိုင်းမှန်ခဲ့လျှင် ဘာသာကြီးလေးရပ်အလိုအားလျော်စွာ ငရဲဆိုတာရှာ၍ မတွေ့နိုင်တဲ့အကြောင်း ထင်ရှားနေချေပြီ။ ထို့ပြင်တဝ အထက်ကောင်းကင်ဝဲ့ဘုံမြင့်တို့ ဖုံးလွှမ်းထားတဲ့ ကဏ္ဍပါကားစီးကြီးကို ဆွဲချလိုက်ကြပါစို့။ ကမ္ဘာ့ဘာသာကြီးလေးရပ်တို့မှာ သုခရိပ်မြုံချမ်းသာစုံတဲ့ ကောင်းကင်ဘုံနန်းများလည်း တခမ်းတနားရှိကြကုန်၏။ သို့ရာတွင် ၎င်းတို့သည် ငရဲဘုံများကဲ့သို့ပင် သံသယ အငြင်းဆိုင်မှုတ်ကြဲ ပဋိပက္ခ တစ်ဦးတည်းပိုင်များဖြစ်ကြကုန်၏။ အဓိပ္ပါယ်မှာ ဗုဒ္ဓဘာသာဝင်သည် ခရစ်ယာန်ကောင်းကင်ဘုံနန်းသို့ တက်လှမ်းဝင်ရောက်နိုင်ချေ မရှိလှ၏။ ခရစ်ယာန်ဘာသာဝင်တို့သည် အခြားဘာသာသုံးရပ်ဆိုင်ရာ မုခပါဌ်တော်များ၌ပါဝင်သော ကောင်းကင်ဘုံနန်းသည်လည်းကောင်း၊ မဟာမေဒင်ဘာသာဝင်တို့သည် ၎င်းတို့ယုံကြည်ရာ ဘာသာမှတစ်ပါး အခြားဘာသာသုံးရပ်တို့၌ပါဝင်သော သုဂတိဘုံဘဝဆိုတဲ့ ကောင်းကင်ဘုံနန်းသို့လည်းကောင်း၊ ထို့ပြင်ဟိန္ဒူဘာသာဝင်တို့ကလည်း အခြားသော ခရစ်ယာန်၊ အစ္စလာမ်၊ ဗုဒ္ဓဘာသာဆိုင်ရာ ကောင်းကင်ဘုံနန်းသုခစခန်းများကိုလည်းကောင်း ထင်ရှားရှိသည်ဟူ၍ပင် အသိအမှတ်မပြုကြချေ။ စိတ်တွင် ရော်ရမ်း၍ မျှော်မှန်းတမ်းတမှု ဆုတောင်းပတ္ထနာပြုမှုတို့ကို အဘယ်မှာလျှင်ပြုချေတော့အံ့နည်း။

ခရစ်ယာန်ကောင်းကင်ဘုံနန်းသည် ခရစ်ယာန်ဘာသာဝင်ပုဂ္ဂိုလ်တို့အတွက် ရက်ရက်စက်စက်ဖက်မောစရာ၊ တွယ်တာစရာ အာသာငန်းငန်းနှင့် မျှော်မှန်းစရာဖြစ်မယ့် အခြားဘာသာဝင်တို့ရဲ့ အမြဲရခက်တဲ့ ဆေးခါးကြီးလိုဖြစ်၍ နေချေပြီ။ ခပ်ရှင်းရှင်းပြောရလျှင် ခရစ်ယာန်ဘာသာဝင်တို့ရဲ့ မျှော်မှန်းတဲ့ ကောင်းကင်ဘုံနန်းတော အခြားဘာသာဝင်ဖြစ်တဲ့ ဟိန္ဒူ၊ ပသီ၊ ဗုဒ္ဓဘာသာများအတွက် ရယ်စရာတွေ (ဝါ) ကလေးကစားစရာတွေသာ ဖြစ်၍နေချေပြီ။ ဟုတ်လှ၏။ ဘာသာကြီးလေးရပ်တို့သည် ၎င်းတို့နှင့် သက်ဆိုင်ရာ ကောင်းကင်ဘုံနန်းကို ပုံသွင်း (ဝါ) တစ်ဦးတည်းပိုင်ပြုလုပ်၍ ထားကြရာ သက်ဆိုင်ရာဘာသာဝင်တို့သာလျှင် ထိုဘာသာဝင်တို့၏ ကောင်းကင်ဘုံနန်းသို့ ဝင်လို့ ရရှိနိုင်လေသည်။ ငရဲကိုမူကား သဘော (ဝါ) အများပိုင်ဘုံဆိုင်ပြုလုပ်ထားကြခြင်းကြောင့် ဘာသာဝင်အားလုံးကျရောက်ဖို့ ဖြစ်နေလေသည်။

ဘို့ရာတွင် ဘာသာတစ်ခုဆိုင်ရာကောင်းကင်ဘုံနန်းနှင့် ငရဲနန်းတို့ကို အခြား ဘာသာဝင်တို့က ထာဝယ်တိတိပပဖော်ထုတ်နိုင်ခြင်းမရှိသည်ဟူ၍ အသိအမှတ်ပြုနိုင် (ဝါ) မယုံကြည်နိုင်ခြင်းကြောင့်၊ ၎င်းတို့ကို မျှော်လဲမမျှော်၊ ကြောက်လဲမကြောက်ကြတော့ ချေ။ သို့ဖြစ်ရာ ဘာသာကြီးလေးရပ်တို့၏ အလိုအားဖြင့် ဆုံးဖြတ်လျှင်၊ ဤကမ္ဘာလောက လူသားအားလုံးတို့သည် မိစ္ဆာဒိဋ္ဌိတွေချည်းသာဖြစ်ကြကုန်၏။ ကြောက်စရာငရဲနှင့် မျှော်စရာကောင်းကင်ဘုံနန်းတို့ဆိုတာတွေလဲ ထာဝယ်ရှိတာမဟုတ်ပဲ စိတ်ကူးတို့သာဖြစ် ကြကုန်၏ဟူသော ဆုံးဖြတ်ချက်နှစ်ချက်ကိုသာ တိကျစွာချနိုင်လေတော့သည်။

ဤသို့လျှင် ဥပါဒါန်ကင်းကင်းနှင့် ခပ်ရှင်းရှင်းဖော်ပြခဲ့သော် ဝိစာရဏာ ဉာဏ်ရှိ လူသားအတွက် မေးခွန်းတစ်ခုပေါ်ထွက်လာနေသည်။ ၎င်းကား အခြားမဟုတ် လူသား သည် ဘာသာရှင်အသီးသီးတို့၏ ဝေါဟာရအတိုင်း ဘဝမှိုင်း (ဝါ) အလွမ်းသူဖြစ်စေ (သို့မဟုတ်) မိစ္ဆာဒိဋ္ဌိ (ဝါ) အယူမှားသူဖြစ်စေ၊ မျှော်မှန်းစရာ ကောင်းကင်ဘုံနန်းနှင့် ကြောက်လန့်ဖွယ်ရာ ငရဲနန်းတို့ဟာ သဘာဝအားဖြင့် ထာဝယ်မရှိတော့ပြီဖြစ်တဲ့အတွက်



အသက်နှင့် အကျဉ်းတို့ကို ပေးစရာမလိုတော့ဘဲအချက်ပင် ဖြစ်သည်။ ငရဲနန်းနှင့် ကောင်းကင်ဘုံနန်းတို့ကို အသက်ပါအတိုင်း ဝေဖန်ဉာဏ်ဖြင့် ဆန်းစစ်ဝေဖန်လိုက်သည်မှာသော် ငရဲကြီးတွေပျောက်အထက်ကောင်းကင်မှာရှိတယ်ဆိုတဲ့ ဘုံနန်းပြသာဒ်တွေလဲ ဖွင်းထိုး ပျောက်ခုန်တပြုံးပြုံးကျလာပေလိမ့်မည်။ ထိုအခါ ထင်ရှားရှိတဲ့လူသားသည် လူသားမှ တစ်ပါး အခြားဘာမှဖြစ်စရာမရှိကြောင်းကိုလည်း လေယံတွင်းထဲဆင်းဆင်းသလို အထင်း သားဖြစ်လာပေလိမ့်မည်။

ခရစ်ယာန်တို့အလိုအားဖြင့် သမ္မာကျမ်းစာ၌ပါဝင်တဲ့ တန်ခိုးကြီးရှင်ဘုရားတို့ကို မယုံကြည်တဲ့ ဗုဒ္ဓ ဟိန္ဒူ မူဆလင်ဘာသာဝင်တို့ကား ခရူဆိတ်စားရှင်းဝင်များဖြစ်ကြကုန် ၍ အနန္တငရဲဘက်ကို ထာဝစဉ်ခံကြရပေလိမ့်မည်။ ထို့နည်းအတူပင် အခြားဘာသာကြီး သုံးခုတို့ကိုလည်း စက်လှည့်ကြည့်ရာ၏။ ဗုဒ္ဓ ဟိန္ဒူ မူဆလင်ဆိုတဲ့ ဘာသာဝင်တို့သည် ခရစ်ယာန်တို့၏ ငရဲနှင့် ကောင်းကင်ဘုံနန်းတို့ကို ကြောက်ရွံ့သူနှင့် မျှော်မှန်းတမ်းတ သူများမဟုတ်ကြခြင်းကြောင့် ခရစ်ယာန်တို့သည် ထိုထိုဘာသာဝင်တို့ကို မိမိတို့နှင့် အကြောက်တူအမျှော်တူများဖြစ်လာစေရန် အမြဲတစေကြိုးပမ်းလျက်နေကြကုန်၏။ ၎င်းတို့ သူတို့ရဲ့ယဉ်ကျေးတဲ့ ဝေါဟာရအားဖြင့် သာသနာပြုလုပ်ငန်းဟူ၍ ခေါ်ဆိုသမုတ်ကြလေ သည်။ အခြားဘာသာကြီးသုံးရပ်ကလဲ ဤနည်းတိုင်ပင် အသုံးပြုလျက်နေကြကုန်ရာကမ္ဘာ့ ဘာသာရေးဆိုင်ရာ ပဋိပက္ခများ မကြာခဏပေါ်ထွက်လာခဲ့ရပေသည်။ ခေတ်ဦးလတ် (ဝါ) ခေတ်လယ်ဥရောပရာဇဝင်မှ ခရူဆိတ်ခေါ် ဘာသာရေးစစ်ပွဲများကို သာဓကအဖြစ် ဖြင့် ထုတ်ဖော်ရာ၏။ ထိုခေတ်က လူသား၏ အခြေအနေကား သနားစရာပင် သူ၏ ကိုယ်ရေးစိတ်ပါ လွတ်လပ်မှုမလာဖြစ်ခဲ့ပြီ။ မုဆိုးဖိုတော်ဟူ၍ နာမည်ပျက်တစ်ဆင့် ထားတဲ့ ထိုဘာသာရေးကျမ်းစာများကို ဝေဖန်လိုသော စိတ်နှင့် (ဝါ) မယုံကြည်သော စိတ်နှင့် ဖတ်ရှုလျက်နေသော ထိုလူသားသည် အနန္တငရဲဘက်မှ မလွတ်ချေ။

တို့ကြောင့်လူသားသည် ဝေဖန်လိုတဲ့စိတ်ကို ချိုးသိပ်ရတဲ့အခြေသို့ ရောက်ခဲ့လေပြီ။ လူသား၏ တိုးတက်မှုသည် အများကြီးဖင့်နှေး၍ သွားခဲ့ရလေပြီ။ ဝေဖန်ဉာဏ်သည် ဘာသာအယူဝါဒတို့၏ ရန်သူအစစ်အကယ်ပဲဖြစ်စေကာ လူသားတိုးတက်ရေးအတွက်ကား တန်ဖိုးမဖြတ်နိုင်သော အကျိုးပြုမဟာမိတ်ကြီးဖြစ်ခဲ့လေပြီ။ မှန်လှ၏။ ဥရောပ ရာဇဝင်၌ ဘာသာရေးအာဏာပိုင်ကြီးစိုး၍ တန်ခိုးအလွန်ထွားသော ခေတ်ကိုရာဇဝင် ဆရာတို့က အမှောင်ခေတ်ဟူ၍ပင် တင်ပြခဲ့ကြကုန်ပြီ။ ဘာသာရေးမှော်အောက်၌ မိမိတို့ဘာသာတရား တိုးတက်ကြီးထွားရေးအတွက် ရက်စက်ကြမ်းကြုတ်တဲ့အပြစ်ဒဏ် အမျိုးမျိုးကို ကျူးလွန်ခဲ့ကြကုန်ပြီ။ ယခုခေတ်လူသားသည် ကြက်သီးမွေးညှင်းထပဲ ထို အမှောင်ခေတ်၏ ရာဇဝင်ကို ဖတ်နိုင်ကြတော့နော။

ထိုထိုဘာသာကြီးများဆိုင်ရာ ဘုန်းတော်ကြီးများရဲ့ အလိုအားဖြင့် လူသား၏ တစ်ခုတည်းသောတာဝန်ကား အမှားအမှန်ညှိနှိုင်းတန်ကို ဝေဖန်စစ်ဆေးခြင်းမပြုပဲ ဖျောင်းဖျဆိုက်၍ ယုံကြည်ကြရန်သာ ဖြစ်သည်။ ထိုထိုဘာသာကြီးတို့၌ပါဝင်သော အကြွင်းအမှားနှင့် ပုသာချိုးတဲ့ တန်ခိုးပြာဋိဟာများကို လူတုယုံကြည်လာစေရန် ဘုန်းတော်ကြီးတို့သည် ထိုထိုကျမ်းပိုဒ်တော်များရဲ့ အဖွင့်သံဝဏ္ဏနာများကို ရေးသားစီရင်ကြလေပြီ။ ဘာသာရေးတရားပွဲတွေကို နေ့ရာလပ်ဆင်ယင်ကျင်းပပြီးလျှင် ထိုအချက်လေးခုကို နိုင်မြဲစေရန် ဟောကိန်းခဲ့တဲ့တရားတွေကို ဖတ်ဖတ်မောအောင် တရစပ်ဟောပြော၍နေကြလေပြီ။ ယင်းသို့ အခုနည်းနှင့် မရခဲ့သော် ဘုန်းတော်ကြီးတို့သည် လူသား၏ ကိုယ်ကာယကို နှိပ်စက်ညှဉ်းပန်း ရန်အလို့ငှာ လက်နက်ကိရိယာအမျိုးမျိုးကို တီထွင်၍ လူသားကိုညှဉ်းပန်း၍ အတင်း ဝလကြမ်း သာသနာပြုခဲ့ကြလေပြီ။ လူသား၏ စိတ်ဓါတ်အတွင်းသို့ အကြောက်နှင့် အလျော့ကို အတင်းအဓမ္မထိုးသွင်း၍ ပေးခဲ့ကြကုန်၏။ ထိုအခါလူသားသည် ဝိစာရဏာဆို တဲ့ ဝေဖန်ပိုင်းခြားတဲ့ ဉာဏ်ခုကင်းကွာမှုတို့ကြောင့် အရေးကာရော ဆင်ကန်းတောတိုး ဘဝမျိုးသို့ ဆိုက်ရောက်သွားလေသတည်း။



ထို့ကြောင့် ဘာသာရေးဆိုင်ရာ ဓမ္မကျမ်းစာတို့သည် အကြွင်းမဲ့ယောက်သော ကာလပတ်လုံး မှကွပါဠိတော်အဖြစ်၌ တည်ရှိကြကုန်၏။ ထိုမှုယောက်သော ကာလပတ် လုံး ရှင်းတို့သည် ကမ္ဘာ၏အကြီးဆုံးသော တော့ကြောလန်တို့သာဖြစ်၍နေပေလိမ့်မည် ဆိုတဲ့ငါကျကလေး၏ မိုးနိုးစင်းစင်းအနက်အဓိပ္ပါယ်ကို ရှင်းပြရန်လို၍လာလေသည်။

## မှကွပါဠိတော်ဆိုသည်ကားအဘယ်နည်း

မှကွပါဠိတော်ဆိုသည်ကား အခြားမဟုတ်၊ အများနယ်တိုကျော်လွန်နေသော (၁) တစ်နည်းသော်ကား အပြုအစေတော်ဝရသဘောအားဖြင့် ထာဝစဉ်မှန်၍နေသော စာပေဟုဆိုလိုသည်။ ထိုစကားသည် သက်ဆိုင်ရာဘုရားတို့၏ နှုတ်တော်ထွက်ဖြစ်သည်။ ထိုဘုရားကား အနန္တဉာဏ်တော်ရှင်ဖြစ်သည်။ ထို့ကြောင့် ထိုဘုရား၏စကားတော်သည် အများနယ်မှ လွန်မြောက်နေသောတရားတော်ဖြစ်ရမည်ဟူ၍ ယောကြောယုံကြည်နေကြ ကုန်၏။ ဆိုရာတွင်ဤသို့သောအဆိုအခင်းခြေတိုသနံဝစ်ရန်လိုပေသည်။ ထိုထိုဘုရားတို့မွန် ပေါ်ကြသော ခေတ်တို့၌ ကမ္ဘာဝင်တွင် စာရေးရန်အက္ခရာများဖြစ်ထွန်းခဲ့ပြီလော ? . . . . . စာရေးစာဖတ်တတ်ငါးမှုမျှားရှိပြီလော ? . . . . . ထိုပြင်ထိုခေတ်ထိုဘာမယများ၌ ဖြစ်နိုင်ရန် စာရေးကိရိယာတန်ဆာပလာများကို အပြည့်အစုံတွင်၍ ရှိပြီးလော ? ယခုခေတ်ပေါ် ရာဇဝင်ဆရာတို့၏ အဆိုအားဖြင့် ယခုအခါမှင်ရှာ၍ မွေ့ဂျာနေသာဘုရား များပွင့်တော်မူပြီးနောက် ရာစုနှစ်ပေါင်းအတော်ကြာညောင်းမှ စာရေးစာဖတ်ပညာတတ္တ၍ တင်ပေါ်ပေါက်ကြောင်းကို လျှင်းပိတ်တွေ့သိရှိရပေသည်။

ထူးပေါ်ရေးရာနှင့် ကျောက်စာရာနဆိုင်ရာပညာရှင်တို့၏ အလိုအရဆိုလျှင်၊ ခရစ်သက္ကရာဇ်မပေါ်မီ (၄) ရာစုနှစ်လောက်မှာ စာလုံးရေး စာရေးပညာပါ တင်ဖြစ်

ပေါ်လာခဲ့သည်။ ဤသို့ကပ္ပါရာဇဝင်၏ ဖြစ်စဉ်ကို သုံးသပ်ခဲ့သော် ထိုခေတ်က ဘုရားတို့သည် ရှင်တို့ရဲ့တရားမွေများကို နှုတ်ဖြင့်သာဟောခဲ့ပြောခဲ့ကြရကုန်၏။ ရှင်တို့၏အပါးနေတပည့်တော်ကြီးတို့သည်လည်း ဘုရားရှင်တို့၏ နှုတ်တော်မှဖြစ်သည့် မွေစကားတို့ကို နှုတ်တိုက်အာဂုံသာဆောင်ခဲ့ကြရကုန်၏။ နှစ်ပေါင်းသုံးလေးရာတိုင် အာဂုံဆောင်လာခဲ့ကြပြီးနောက်၌ ထိုထိုဘာသာဆိုင်ရာ ဘာသာဝန်ဆောင်ပုဂ္ဂိုလ်ကြီးတို့သည် အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြပြီးလျှင်၊ မိမိတို့၏ နှုတ်တိုက်အာဂုံဆောင်လာခဲ့ကြသော မွေကျမ်းစာများကို ပေထက်အက္ခရာတင်ခဲ့ကြကုန်၏။ (ဝါ) လက်ရေးစာလုံးဖြင့် ရေးကူးမှတ်သားကြကုန်၏။ ယင်းဖြစ်စဉ်ကို သုံးသပ်ဆင်ခြင်ခဲ့လျှင် ဘုရားရှင်တို့၏ နှုတ်ထွက်မုက္ခပါဌ်တော်များကို၊ ထိုကဲ့သို့နှစ်ပေါင်းများစွာ နှုတ်တိုက်အာဂုံဆောင်လာခဲ့ကြောင်းထင်ရှားသည်။ ဤသို့သောနည်းများဖြင့် ဆရာစဉ်တပည့်ဆက် နှုတ်တိုက်ဆောင်လာကြရာတွင် အကျအပျောက်အလောက်အယှ၊ မှုအချို့ ရှိမြဲကွဲပြောင်းမှုဟူ၍ မည်သူမည်ပါက ထပ်တိုင်းတမ တာဝန်ခံနိုင်ကြမည် မည်။

ယခုနေ ထိုထို မုက္ခပါဌ်တော်တို့ကို ပေထက်အက္ခရာတင်ကြသောအခါ၌လည်း ရှင်တို့ကို ဟောပြောခဲ့တဲ့ဘုရားရှင်များနဲ့အတူနေ အတူသွားအတူစားကာ နားနှင့်ဆတ်ဆတ်ကြားနာလိုက်ရတဲ့ တပည့်တော်ကြီးများလည်းမရှိတော့ဖြစ်ရာ တဆင့်ကြားတပည့်ဘော်အဆက်အနွယ်တို့သာပေထက်အက္ခရာတင်ကြရ၍ ဦးဆောင်ခဲ့ကြပြီဖြစ်သောကြောင့် သဲလဲစင်ပြောက်ပစ်ကင်းသော သန့်ရှင်းတိကျမှုအကန်မှန်ပါသည်ဟူ၍ ဝန်ခံနိုင်ရန် အလွန်မတန်ခက်ခဲသော ကိစ္စကြီးတစ်ရပ်ဖြစ်လေသည်။

ထို့ကြောင့် အများနယ်ကို လွှမ်းခြောက်နေသော မုက္ခပါဌ်တော်ဟူ၍ အသိအမှတ်ပြုရန် ယခုခေတ်၌ ကွယ်တော့မှ ဘာဖြစ်ရကား လူသားသည် မုက္ခပါဌ်တော်ဆိုကာ မကြွနှင့် လည်းကောင်း၊ သို့မဟုတ် မုက္ခပါဌ်တော်ထဲတွင် ပါရှိသည်ဟူ၍ ဆောက်ပြကာမျှဖြင့်လည်းကောင်း၊ အမှန်စွမ်းများဖြစ်သည်ဟူ၍ မယုံကြည်နိုင်တော့ပါ၊ အရှုတ္တရန်



ကာယ်၊ ကာလဒေသခွန်တို့၌ ဝီပ်သဥ္စာဏ်တို့ကို အသုံးပြုကာ စစ်ဆေးဝေဖန်ရလေတော့မည်။ မည်သည့်တရား မည်သည့်စကားတို့ပဲဆို မှတ်တင်ကြည့်ရလေတော့သည်။ ဗုဒ္ဓကိုယ်တော်တိုင်က အမွေပေးခဲ့သော ဝိမံသ - ဝိစာရဏ ဖွတ်ကျောက်ကို ယက်တိုင်ထားတဲ့လူသားအတွက် အများနယ်ကို ကျော်လွှမ်းနေတဲ့မုက္ခပါဌ်တော်ဟူ၍ မရှိနိုင်တော့ပြီ။ အကယ်တစေမရှိနေရာဆိုက အတင်းအပေါက်ကာလအသိအမှတ်ပြုရမည်ဟု အမိန့်ထုတ်ပြန်သဖြင့် မုက္ခပါဌ်တော်ဟု အသိအမှတ်ပြုရပါလျှင် ရှင်းသည် ကပ္ပါ၏ (ဝါ) တိုးတက်နေသော ကပ္ပါလူ့သား၏ အကြီးအကျယ်ဆုံးသော ဖော့ကြောသန် (ဝါ) ချုံအ (ဝါ) ချေစင်မှုဝ်သက်ဘူတို့သာလျှင် ဖြစ်၍နေကြပေလိမ့်မည် ဟူသောအနက်ကို ကောက်ယူရလျှင် အဖြစ်ကောင်းစင်ပါလိမ့်မည်။ "တာသရဘုရားသခင်ရော အားလုံးသော နတ်ဖြူဗွာအပေါင်းတို့က အလွန်ထောကျာသာ၍ ရှေ့ကျသော အတိတ်ကာလ၌ လူမိုက်များ ထုလုပ်ပိုသွင်းခဲ့သော ရုပ်တို့သာလျှင်ဖြစ်ခဲ့ကြကုန်ပြီ" ဆိုတဲ့ ငါကျောကလေးကား ခရစ်ယာန်ဘက်ခေဖြစ်တဲ့ ရက်ပရိုင်တွန်းရှေ့၏ ဝေဘက်ကွက်ကလေးသာဖြစ်သည်။

ဤနေရာ၌ ကျွန်ုပ်တို့သည် ကပ္ပါရာဇဝင်တွင် လေ့လာအုံးသင်ရန် ရက်ဖရှင်တွန်းရှေ့အား ကောင်းပန်လိုပါသည်။ ကပ္ပါရာဇဝင်ကို ရေးသားကြတဲ့ အရာအသီးသီးတို့သည် (၁) ပဝေသဏီခေတ်၊ (၂) အမှောင်ခေတ်၊ (၃) ကလင်းခေတ်ဟူ၍ ကပ္ပါခေတ်အစဉ်ကို သုံးပိုင်းခွဲခဲ့ကြကုန်ပြီ။ ပဝေသဏီခေတ်ကား တာမပေါ်မီခေတ်ဖြစ်သည်။ ထိုခေတ်၌ ကပ္ပါဘုရားဘွဲ့ခံပုဂ္ဂိုလ်ထူးတို့ အများအားဖြင့် ပေါ်ပေါက်ခဲ့ကြကုန်ပြီ အမိဇခေတ်သုံးမျိုးကို ခွဲခြားတဲ့လက်ဘာသည်ကား လူသားပင်ဖြစ်သည်။ ထိုခေတ်၌ ပွင့်ပေါ်ခဲ့သော ဘုရားတို့သည်လည်း လူသားက တင်မြှောက်လိုက်သော (ဝါ) ဖန်တင်း၍ အသက်သွင်း ပေးလိုက်သော သူတို့သာလျှင်ဖြစ်ကုန်၏။ ထိုပဝေသဏီခေတ်ဘုရားများကို ရာဇဝင်ဆရာတို့ကလူမိုက်ယု တင်ပွန်းတင်လိုက်ကြကုန်၏။ အဘယ်ကြောင့်နည်း၊

. . . (၁) လူသားယဉ်ကျေးမှုတွင် အရေးအပါ ခုံးအခန်းမှာ ဖော်ဒိုက်ရှင်ရည် တစေ

အကျွရာပေါ်ပေါ်လေးခြင်း၊ (၂) ကမ္ဘာကြီးတတ်ရေ့နှင့် ပဓာနတာဝန်လိုက်ဖြစ်သော မီး၏ အသုံးကိုပင် မသိသေး၍ သားစိမ်းငါးစိမ်းစားဘဝ၌ တည်ရှိနေသေးခြင်း၊ (၃) အဝတ် တန်ဆာပလာနှင့် အမေအဖေဆိုတဲ့နာမပညတ်များပင် မပေါ်မပေါက်ကာစဖြစ်ခြင်းစသော အကြောင်းများကြောင့် ထိုခေတ်ကလူတို့ကို လူရိုင်းဟူ၍ ခေါ်ဆိုသမုတ်ခဲ့ကြကုန်၏။

ယခုအလင်းခေတ်မှာတိုးတက်နေသော လူသားတို့၏ ယဉ်ကျေးမှုပေတံဖြင့် ထိုခေတ်ကလူသားတို့ တိုင်းတာ၍ကြည့်ခဲ့လျှင်၊ အဖက်ဖက်၌ ပေမမီသောအဖြစ်ကို တွေ့ရပေလိမ့်မည်ပင်ဖြစ်စေကာ ထိုခေတ်ကလူသားသည် စိတ်အားလက်အားမနေခဲ့ချေ။ (ဝါ) သူ့ရဲ့အချိန်ကို အလဟဿဖြုန်းတီးခဲ့ချေ။ သူသည်အမြဲတစေကြံစည်တွေးတော၍ နေခဲ့ပေရာ၏။ ယင်းသို့ကြံစည်တွေးတောဆင်ခြင်စဉ်းစားခြင်းတို့ကြောင့် သူ၏မနေ့တွင်ခါ တွင် ထူးထူးခြားခြားဆန်းသစ်သောနမူနာဖြစ်ပေါ်လာသော အာရုံများကို နိုးဆော်ရာလူသားတို့အား ငိုင်းဖွဲ့တားဆီးကြားလေ့ရှိခဲ့လေသည်။ အခြားသူတို့ကလည်း အားလပ်တဲ့အချိန်များတွင် ထိုသူပြောပြသော ရှေးဟောင်းဖြစ်သဖြင့်ပေါ်သော အကြောင်းအရာတို့ကို စိတ်ပါဝင်စားစွာ နားထောင်သောကြောင့်လျှင် အခြားရောက်လေရာရာဒေသများ၌တဆင့် ဖောက်သည်ချ ခဲ့ကြကုန်၏။ ထာဝရဘုရားသခင်နှင့် တကွ နတ်ဘုရားအများတို့အား တိုပပေသတ် ခေတ်များတို့သာဖြစ်ခြင်းကြောင့်၊ ယဉ်ကျေးမှုအဆင့်အတန်းမဲ့သော ရှေးလူရိုင်းတို့၏ မနေ့ခါရတ်ဝတ်ဆုတ် (ဝါ) စိတ်ကူးအရှုပ်တို့သာ ဖြစ်သည်ဟူ၍ ဤပဒါကျကလေးက ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ဂုဏ်ထား ရာဇဝင်၏ အမှန်ဖြစ်စဉ်ကို အမှန်အတိုင်းထုတ်ဖော်ခွင့်ပြုခြင်းဖြစ်၍ ညေသည့်ဘုရားနှင့် မည်သူ့အားမျှ ထိပါးခြင်းမှတ်ခတ်ခြင်းမဖြစ်ပါ။

လူ့သေလျှိုဖြစ်ကျွမ်း စာမျက်နှာ (၁၄၁) ခုတိယပိုဒ်စာကြောင်းရေ (၄) မှ စသော "မှုကွပါဒ်တော်ကျမ်းစာကို ယုံကြည်သူဟူသမျှ ဇိစာရေးအာဉာဏ်ကို မောင်းနှဲ့တုတ်ပြီးသူ့ တစ်ပါးပြောတိုင်းလုပ်နေရသော ကျွန်သားပေါက်သာဖြစ်သည်" ဆိုတဲ့ပါကျကလေးကို



အချို့သော ဘာသာဝင်သက်သေတို့က မျက်ခုန်းကျိုးကြလေသည်။ အရှမ်းကာရောလဲ မျက်ခုန်းမကျိုးကြပါနှင့်ဦး။ သေသေချာချာလဲဖတ်ကြပါဦး၊ ဟူ၍တောင်းပန်ပါရစေ။

မှုကွပါဒ်တော်ဆိုတာ အမှားနည်းတိုကွန်ပြောက်နေတဲ့ (ဝါ) အမှားဟူက ပြုနိုင် ပေါ်နိုင်တဲ့စာကိုဆိုလိုတယ်။ မည်သည့်အချုပ်ခေသမှ မည်သို့သော စာပေကိုမဆို မှုကွပါဒ် တော်စာရင်းဝင်ဖြစ်တဲ့နေ့မှစ၍ အမှားမပေါင်ဟုဆိုရသည်။ ထိုကြောင့်ထိုသို့သော စာပေကိုပေတန်စမ်းသေးရန် လူသားမှာ ဝတ္တရားမရှိဖြစ်ခဲ့ပြီ။ ဤသို့မည်သူ၏ အဓေမန်ကို မျှအံ့သော မှုကွပါဒ်တော်ဆိုတဲ့ စာပေ၌ရှိသေးသည်ဟူ၍ ယုံကြည်သောသူသည် မိမိ၏ စဉ်းစားညာဏ်မေမန်ဉာဏ်တို့ကို မောင်းတုတ်ပြီးလျှင် နားခေါင်းကြိုးနှင့် အသက်ရှုနေသူ သာဖြစ်သည်ဟူ၍ ဆိုလိုသည်။

ဥဒေရာပတိုက်၏ ရာဇဝင်ကို သေချာစွာကြည့်ရှုခဲ့လျှင် ခေတ်နှုတ်အခါ၌ ဘာသာရေး အထွန်းကားဆုံးဖြစ်ခဲ့သည်။ ထိုခေတ်ကို ရာဇဝင်ဆရာတို့က အမှောင်ခေတ် ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြကုန်ပြီ၊ အကြောင်းမူကား ဘာသာရေးတိုးတက်ကြီးပွား၍ တန်ခိုးထွားလေလေ လူသား၏အသိဉာဏ်ကျွမ်းပြန့်ဖို့ပြီးမှု ညှိုးငယ်လေလေပင်ဖြစ် သည်။ ဘာသာအမျိုးမျိုးဆိုင် ဘာသာဝန်ဆောင်ပုဂ္ဂိုလ်ကြီးတို့သည် ကမ္ဘာကြီးတစ်ခုလုံးကို တစ်စိတ်တည်းတစ်ပါးတည်း တစ်ဘုရားတည်းဖြစ်အောင် ကြိုးပမ်းလှုပ်ရှားကြကုန်၏။ ယင်းသို့ ဘာသာတိုင်းက ကြိုးပမ်းကြရာ ဤကမ္ဘာ၌ မသာမာသော တွေ့ဆောင်မှု ညှဉ်းပန်း နှိပ်စက်မှု၊ ပဋိပက္ခဖြစ်ဆောင်မှုများထွန်းကား၍ လာလေတော့သည်။ ကမ္ဘာ့ရာဇဝင်၌ ဖော်ဆုတ်ခွဲယ်ဖေကာင်းလှသော ဘာသာရေးစစ်ပွဲများနှင့် ပဋိပက္ခများသည် ဤသို့သော ကြိုးပမ်းမှုကို အခြေခံ၍ဖြစ်ပေါ်လာကြကုန်သော အချက်အရာတာရေးဖြစ်သော သခင်ဘာ သားကား ဖုံးဖိ၍မထားနိုင်လောက်အောင် ထင်ရှားခဲ့လေပြီ။

ယင်းသို့ ဖြစ်နေစဉ်မှာပင် ကမ္ဘာ၏ ကံကြမ္မာသည် တောက်ပြောင်၍ လာခဲ့လေ သည်။ ထိုဒီ ကမ္ဘာ၏ ကံဆိုးဖိုးမှောင်ပျောက်ပြီး အလင်းရောင်တောက်ပြောင်လာခြင်းက

တော့ ရဲရင့်သော (ဝါ) အသက်နှင့် စည်းစိမ်ကို တချိန်တည်း စွန့်ရဲသော ကဗျာသား ကောင်းတချို့ပေါ်ထွန်းလာသောကြောင့်တည်း။ သူတို့သည် ဘာသာတိုင်း၏ အသိုင်းအဝိုင်းကြီးမှာမြင့် ဖြောက်လှန့်ထားသော အနုတ္တရဲကိုလည်းကောင်း၊ ရရှိခံစားရသည့် မင်းပြစ်ခင်းဒဏ်ကိုလည်း မမှု ဘာသာတိုင်းက ခန့်ခံထားတဲ့ ကောင်းကင်ဘုံနန်းဆိုင်ရာ ရွှင်မြူးဝေချမ်းသာကိုလည်း မမျှော်လင့်ပဲ စဉ်းစားဝေဖန်မှု တွေးတောကြံစည်မှုတို့ကို မြှင့်ကြပြီ။ ဤသို့အကြောက်နှင့် အမျှော်လင့်တင်းနှင့် အလင်းကိုသာလိုလားတဲ့ ရဲရင့်သော လူသားတို့သည် စဉ်းစားဝေဖန်ကြံစည်မှုတို့ဖြင့် ဓါတ်ဒိုးဂိန်းလော့ဝ်ကို ဖြတ်လိုက်ရာ တစ်ကမ္ဘာလုံး အမှောင်ခွင်း၍ အလင်းရောင်လွှမ်းမိုးသွားလေပြီ။ ထိုအခါအမှောင်၏ သားသမီးများဖြစ်၍ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့၏ လက်ပါးစေများဖြစ်ကြကုန်သော ဥပါဒါန်အဖွဲ့တို့သည် အမှောင်သို့ပင်ခြေလှမ်းကြကြကြီးနှင့် အတင်းတိုးဝင်၍ သွားကြလေပြီ။

ဤသို့သော လူသား၏ တိုးတက်မှုလမ်းစဉ်ကို စာမျက်နှာ (၁၃၄) ဒုတိယအပိုဒ်မှစ၍ (၁၅၃) အထိစာသားတို့တွင် ပေါ်လွင်အောင်ဖော်ထုတ်ခဲ့လေပြီ။ ဝိစာရဏာဉာဏ်ရှင်လူသားသည် ဘာသာရေးဆရာ၏ အနှောင့်အယှက်အတားအဆီးများကို လုံးဝရှုပြ လောက၏ တိုးတက်မှုကိုသာ ရှေ့ရှုမျှော် လှသုံးပစ္စည်းများကို တီထွင်ခဲ့လေပြီ။ ထိုပစ္စည်းတို့ကို အကျိုးရှိရှိလိုက်လျှင် ၎င်းတို့သည် လူသား၏ သင်းရှိုးသက်သာရေး (ဝါ) တတ်နိုင်ပါက ပျော်ရွှင်ရေးနှင့် ဝိစာရဏာဉာဏ်ရှင်လူသား၏ ကြံ့ခိုင်ရေးမွေ့မြူကြံစည်တီထွင်မှုတို့အား လောကလူသားအားလုံး၏ တိုးတက်ကြီးပွားချမ်းသာရေး ကျန်းမာပျော်ရွှင်ရေးတို့အတွက်ဖြစ်ရာ ဘာသာရေးတသူသန့်တို့၏ အစစ်အမှန်ဖြစ်သော လုပ်ငန်းတော ဘီးလှည့်ခေတ်သို့ရောက်အောင် လူသားအားလုံးကို ပြန်လည်ပို့ဆောင်ရန်ဖြစ်သည်။ စာမျက်နှာ (၁၄၇) ပထမအပိုဒ်အဆုံးနားရှိ ခေတ်ပေါ်အိန္ဒိယရေးနှင့် ဒိဋ္ဌကျွန်ကို ရှိုင်းလှည့်၍ပြပါ အတွက် "နတော ပုဂ္ဂိုလ်ရှုသက်သော" စတဲ့ ဥပမာဝါကျရှိုက်ကို တိုးကားခြင်းဖြင့် ပြောလည်စေနိုင်တယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာနှင့် တကွ ထက်ကယ်လွတ်လပ်သော နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံတော်သားအားလုံးတို့သည် အခြေခံဥပဒေက ပေးထားသော လွတ်လပ်မှုအားလုံးကို လွတ်လပ်စွာ အသုံးပြုနိုင်သည် ဟူ၍ ဤကျမ်းစာရေးသားသူကမိမိသားစွာယုံကြည်ပါသည်။ ထို့ကြောင့် တော်ရဘုရားသခင်နှင့် တကွ အပေါင်းအပါနွားနတ်များရှိကြကုန်သည် . . ဟူသော အဆိုစကားများမှာလည်း အထောက်အထားသာဓကမရှိချေ။ ထိုပြင်ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းများရှိသည်ဟူသော ယုံကြည်ချက်အတွက်လည်း သက်သေသာဓကမှာမရှိခဲ့လေပြီ။ အမှန်မှာ ဆိုအပ်ခဲ့ပြီးသော ယုံကြည်မှု ဥပါဒါန်အဖွဲ့တို့သည် လူသား၏ ဓါဝ်ဖက်၌ အခြေစိုက်ရောက်ရှိတည်ရှိကြကုန်၏။ ဟူ၍ လူသေလူဖြစ်ကျမ်းစာ စာမျက်နှာ (၁၄၈/၁၄၉)၌ရေးသားဖော်ထုတ်ပြခဲ့လေပြီ။ ဤ၌လည်း မည်သူမည်ဝါမည်သည့် ဘာသာသာသနာကိုမှာ စော်ကားခြင်းမရှိပါ။ ထိုသို့သော ယုံကြည်ယူဆချက်များမှာ နိုင်မာတော့်အင်းတဲ့ သက်သေသာဓက မရှိသဖြင့် မရှိပါဘူးဟူ၍ အတိအလင်းရေးသားခြင်းပင်ဖြစ်သည်။ အကယ်တစေနိုင်လုံသော ပုဂ္ဂိုအကြောင်းရှိခဲ့လျှင် ၎င်းတို့ ထုတ်ဖော်တင်ပြရန်မှာ ၎င်းတို့တွေ့ရှိသူတို့ရဲ့ ဝတ္တရားပင်ဖြစ်သည်။

ဆိုအပ်ခဲ့ပြီးသော ဥပါဒါန်အဖွဲ့တို့သည် သူမှု၏ ဓါဝ်ဖက်၌သာလျှင် အခြေစိုက်ရောက်တည်ရှိကြကုန်၏ ဟူသော ဝါကျ၌ သူမှု၏ဓါဝ်ဖက်၌ ဟူသောစကားကလေးကို မှတ်ယူနိုင်ကြိုးပွဲရလေသည်။ သူမှု၏ဓါဝ်ဖက်၌ဆိုသော ဥပမာစကားလေးဖြစ်သည်။ မခိုင်မာသော အချက်၌ (ဝါ) ထောက်တီးထောက်တဲ့အချက်၌ အခြေစိုက်ရောက်တည်ရှိကြကုန်၏ဟူ၍သာ မှုသားစွာအနက်ကောက်ယူနိုင်ပါသည်။

တမန်လူသေလူဖြစ်ကျမ်း စာမျက်နှာ (၁၅၀) ကြောင်းရေ (၁၆) - မှစသော ကျွန်ုပ်တို့သည် အနည်းအကျဉ်းမျှသော အချက်အလက်များနှင့် မပြေပလောက်သော အထိုအစများကိုသာ သိကြကုန်၏ ဟူသော ဒီဝါကျလေးရဲ့အဓိပ္ပါယ်ကတော့ ပြကာသ

လောက၊ သင်္ခါရလောက၊ သတ္တလောကဆိုတဲ့ လောကသုံးခွင်၌ ကျွန်ုပ်တို့သိပြီးနှင့် မသိသေးသောအရာများကို နှိုင်းယှဉ်လိုက်လျှင်၊ မြေပုံတလေးတစ်ခုနှင့် မြင့်မိုရ်တောင်လို ဖြစ်နေကြောင်းကို ဖော်ထုတ်ခဲ့သည်။ ဤသက်င့်၌ ထင်ရှားစေလိုလျှင် ကျွန်ုပ်တို့ ကိုယ်တိုင်သိတဲ့ သစ်ပင်များ။ တောအတွင်းမှာ ဘယ်လောက်များရှိပါသလဲ၊ ထို့ပြင် ပထဝီစရ (ဝါ) မြေ၌သွားသော၊ ဥဒကစရ (ဝါ) ရေ၌သွားသော၊ အာကာသစရ (ဝါ) ကောင်းကင်၌သွားသော သတ္တဝါအာကာဆိုတဲ့ သက်ရှိသတ္တဝါတို့တွင် ကျွန်ုပ်တို့ နာမည်ပေးတတ် တပ်ဆင်ပြီးကြနိုင်တဲ့ သတ္တဝါမည်မျှရှိသလဲဟု ကျွန်ုပ်ကိုယ်တိုင် မေးမြန်းကြည့်ရမှန် ညွှန်ပြလိုခြင်းသာ ဖြစ်ပါသည်။

ယနေ့ခေတ် လူသားတကား ဂူလေးမှ ခုံးရဲ့အသီတိုးတက်လာခဲ့သူဖြစ်ရာ အကြောင်းတစ်မျိုးအကျိုးတမျိုးဖြစ်တဲ့ဓါတ်များကို မြင်၍မချိုင်တော့ချေ။ ထို့ကြောင့် ကျမ်းပြုသူရသည် စာမျက်နှာ (၁၅၀) ပထမကိုင်ဆုံးဝါကျလေးကို ရေးသား၍ ထပ်ပြခဲ့သည်။ ထိုစာပိုဒ်၌ "ကျွန်ုပ်တို့သည် မွေးနိုင်သောအစဉ်ကိုသာ လေးစားယုံကြည်နိုင်တော့သည်။" ဆိုတဲ့ဝါကျသား ပေါ်နေဖြစ်သည်။ ဆိုလိုရင်းမှာ နိယာမစာရင်းသို့ပြောင်းနိုင်တဲ့ ဖြစ်စဉ်ကြောင်းများကို ကျွန်ုပ်တို့မယုံကြည်နိုင်တော့ပြီဟု ဆိုလိုခြင်းဖြစ်၏။ ဥပါဒ်ချက် ပုံဆောင်၍ပြရန်အလို့ငှာ ကျမ်းဆရာသည် ဆီမီးအနိုင်တိုင်တွန်းညွှန်ပုံဖော်ပြီး၊ ဂူလောက်မိုက်နှိုင့်နိုင်ဖြင့်၊ ကြေးရည်ခန်းလောင်းတိုင်ဖြင့်၊ မွေ့သီနှင့်ကျူမှုန့်ခြင်းဖြင့် ချော်ကပ်ရမသောနတ်တို့ဘုရားတို့ကို ကျွန်ုပ်တို့ယုံကြည်မှန် မဖြစ်နိုင်တော့ချေ ဟူသော ဝါကျကို ရေးသား ဖော်ပြခဲ့သည်။ ဤဝါကျဖြင့် နတ်အမျိုးမျိုးနှင့် တန်ခိုးရှင် ဘုရားအစားစားရှိကြောင်းကို ပယ်ပြသည်။

တတ်လှပေသည်။ အထက်ဝဋ္ဋာတစ္စင်တောင်းကျင်ငြိမ်၌ ကျင့်လည်ကျက်စား သွားလာနေတို့ငြိကြသည်ဟု ယုံကြည်နေတဲ့ မရေမတွက်နိုင်လောက်အောင် များပြားလှသော နတ်တို့အပြင်၊ ကျွန်ုပ်တို့လူသားများ နေထိုင်ရာမြေပြင်နှင့် တစ်ဆပ်တည်းနေထိုင်



ကြတဲ့ အတွင်း (၃၇) မင်းနတ်များ၊ ကိုယ်စောင့်နတ်များ၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ဝင်းစောင့်နတ်၊ တောတောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ အသေးဆုံးမြက်ပင်မှအစ အကြီးဆုံးတောဆိုးသစ်ပင်ကြီးအထိရှိနိုင်သောကြောင့် တစ်ကမ္ဘာလုံးရှိသစ်ပင်တို့၏အရေအတွက် အတိုင်းသိုးမရလျှင် အသင်္ချေအနန္တရဲ့နတ်ဆလောက်ပင်ရှိနေပေလိမ့်မည်။ ထို့ပြင် ရေစိုင်ဦးရှင်ကြီးနှင့် မြင်းဖြူရှင် မင်းကြီးမင်းကလေးအစရှိတဲ့ ဒေသန္တရပိုင်ရှင်နတ်များနှင့် တကွ နတ်စာရင်းသို့ ဝင်နိုင်စေကာမူ အတော်အဆင့်အတန်းတန်ခိုးပါရှိသည်ဟု ယုံကြည်နေတဲ့ ကြွက်၊ တစ္ဆေ၊ ပြိတ္တာဘီလူးစသည်တို့လည်း အများအပြားရှိကြကုန်၏။ ထို့မှတစ်ပါး မြောက်မကျိုးရှင်၊ တောင်ဖက်ရှင်၊ ပုပ္ပါးမယ်တော်နှင့် တကွ ကျားသေနင်းတဲ့ အနောက်ဖယ်တော်ကြီး အစရှိသော အမျိုးကြီးနတ်များလည်းရှိကြကုန်သေးသည်။ သို့ရာတွင် ယနေ့မြန်မာနိုင်ငံ၌ နတ်တို့၏ တန်ခိုးသာကာအတော်မှေးမှိန်၍သွားခဲ့ရာ နတ်ဆိုင်ပွဲနှင့် တောင်ရေးကိုင်ဆရာဟု ဆိုအပ်သော စီးပွားကိုင်ဝင်များရေပန်းစား၍လာကြပေပြီ။ ဤသို့ဖော်ထုတ်ခဲ့သောနတ်နှင့် နတ်တော့အား မြန်မာနိုင်ငံတော်သား ဗုဒ္ဓဘာသာဝင်သားတို့သည် ယုံကြည်ကိုးကွယ်နေကြတဲ့ ကိုးကွယ်ရာများဖြစ်၍နေပေပြီ။ နတ်ကို ယုံကြည်တဲ့ လူအများတို့သည် မိမိတို့ယုံကြည်သော နတ်များကို အဘယ်သို့ချဉ်းကပ်ကြကုန်သနည်း။ အချို့သော နတ်တို့သည် ဆီမီးတိုင်၊ အမွှေးတိုင်၊ အမွှေးရေတို့ဖြင့် ချဉ်းကပ်မှုကို အလွန်အလိုရှိလိုလားနှစ်သက်ကြကုန်၏။ အချို့သောနတ်တို့သည် သားစိမ်း ငါးစိမ်းတို့ကို သွားရည်ယိုကြကုန်၏။ အချို့သောနတ်တို့ကမူ မူးယစ်စေတတ်သော အရက်သေစာများကိုလိုလားကြကုန်၏။ အချို့သောနတ်များကား ငါးပိဖုတ်ဖြင့် ချဉ်းကပ်ရကုန်၏။ အချို့ သော နတ်ထီးနတ်မတို့ကား အတီးအမှုတ်အဆိုအကဆိုတဲ့ အနုပညာကို သဘောကျကြကုန်၏။ အချို့သောနတ်များသည်ကား ငှက်ပျောသီးခိုင်နှင့် ဘုန်းကြီးပဲကိုအင်မတန်ကြိုက်နှစ်သက်ကြကုန်၏။ သို့ရာတွင် မြန်မာနိုင်ငံသားနတ်အများဆုံး၏ အကြိုက်ဆုံး အစာကား အားမပါ၊ ဆီမပါတဲ့လက်ဖက်ပင်ဖြစ်သည်။ ထို့ကြောင့် ငှက်ပျောသီးအစိမ်း

နှစ်ဖီး၊ ကြွက်ပြီးပါသော ဈွန်းသီး၊ ဆီဆားမပါသော လက်ဖက်တို့ကား နတ်ပသကာ ပွဲပေးတဲ့အခါမပါရင်မပြီးတဲ့ ဇာတ်လိုက်များဖြစ်ကြကုန်၏။

ယခုအခါတွင် လွတ်လပ်သော မြန်မာနိုင်ငံသားဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားခန်းတွင် နတ်ပကာသွဲ့မှုကပဲ ဝိဉာဉ်ရှိုးပွဲများပါ တိုးဝင်၍လာကြတဲ့ ရှုပါခွံကား အတော်နှိုး၍သွားခဲ့လေပြီ၊ ယင်းသို့အားဖြင့် နတ်နှင့် ဝိဉာဉ်တို့ကိုရှည်းအားတိုးမှုများ ကြီးထွား၍ တိုးပွားလာတဲ့အခါ ဗုဒ္ဓ ဓမ္မ သံဃ ဆိုတဲ့ ရတနာသုံးပါးတို့၌အကြောက်အမျှော်ကင်း၍ သန့်ရှင်းစင်ကြယ်တဲ့ယုံကြည်မှုများလျော့ပါးသွားနိုင်သည်၊ ဆုတ်ယုတ်၍ သွားနိုင်သည်။ ယင်းသို့ ဆုတ်ယုတ်တဲ့အချိန်၌ "အတ္တဒီပါဘိက္ခဝေဟောထ" (ရဟန်းတို့ကိုယ့်အားကိုယ်ကိုး၍ ဖြစ်ကြကုန်လော့) ဆိုတဲ့ ဗုဒ္ဓ၏ တိုက်တွန်းနှိုးဆော်ချက်ကြီးလည်း ပျက်စီး၍သွားနိုင်သည်။ အတ္တဒီပတရားပျက်ပြားသွားခဲ့လျှင် "ဓမ္မဒီပါဟောထ" ဟူ၍ ပြောခဲ့တဲ့ ဗုဒ္ဓ၏စကားတော်လည်းရွတ်ချော်ချော်ဘာသို့ရောက်၍သွားမလဲမသိနိုင်ပေ။ ထိုအခါ ဗုဒ္ဓ၏အဆုံးအမဖြစ်တဲ့ သာသနာတော်လည်း မသာတော်ဖြစ်ဖို့ ကြိုကြိုက်လာလေတော့မည်။ ထို့ကြောင့် သာသနာတော်ကြီး အဓွန့်ရှည်ရှည်တည်တန့်စေလိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အဝိဇ္ဇာမာနဆိုတဲ့ မြို့ပွဲတွေကို အချိန်မီဖြိုခွဲနိုင်ရန် ကြိုးပမ်းကြဖို့ အရေးကြီးပါကြောင်း။

ဤသို့ ဖေါ်ပြအပ်သော ယုံကြည်မှုတို့ကား ရာဇဝင်အသက်နုနယ်လှသေးသော မြန်မာနိုင်ငံတော်၏ နတ်နှင့် ဝိဉာဉ်တို့ကို အားကိုးမှုများဖြစ်သည်။ ရာဇဝင်သက်ကြီးရင့်တိုမင်း လှိုင်ဖြစ်သော အိန္ဒိယနိုင်ငံတော်၊ တရုတ်နိုင်ငံတော်၊ အင်္ဂလန်နိုင်ငံတော်တို့နှင့်တကွ ခေါ်ခေါ်နိုင်ငံကြီးများ၏ ရာဇဝင်ကို ဆင်ခြင်ကြည့်ပါဦး။ ယင်းသို့ ကြည့်တဲ့အခါမှာ တဲ့ပြလောက်အောင်များပြောင်လှသော နတ်ဝိဉာဉ်ယုံကြည်မှုတွေကို တွေ့မြင်ရပေလိမ့်မည်၊ ယင်းနတ်တို့ကို ပူဇော်ပသပုံ အချင်းအရာများအလွန်ပင် ကွဲပြားခြားနားကြကုန်ရာ အချို့မှာ လူသားကိုပင်သတ်၍လူ့သွေးဖြင့်ပူဇော်ပသကြကုန်၏။ ထိုခါလိုလူ့သွေးမှအစ တိရစ္ဆာန်



အမျိုးမျိုးတို့၏သွေးများသာမကပဲ ဆိတ်၊ ခါအကောင်လိုက်၊ ဝက်၊ ကြက်အကောင်လိုက် ပူဇော်ပွဲများကိုလည်း အခါကာလ၊ ဒေသဌာန၊ လူမျိုးအားလျော်စွာ ဆင်နွှဲကြကုန်၏။ နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးတို့သည် ယင်းတို့နတ်များကို လူသားနှင့် တကွ အခြားတိရစ္ဆာန်တို့၏ အသွေးအသားတို့ဖြင့် ပူဇော်ပသခြင်းကြောင့် လူသား၌အဖြစ်တွေ အကုန်ပျောက်၍ ကောင်းကင်ဘုံဆိုတဲ့ သုခချမ်းသာ တရုက်သရေဇာလာများတွင်းတောက် တိုးသွားနိုင်သည်ဟု အခိုင်အမာယုံကြည်နေကြကုန်၏။

ယခုခေတ်ကမ္ဘာ၏ ဘုရားစေ့ဆက်သို့ လှည့်လည်ကြည့်ရှုကြပါဦးစို့။ ဘုရားတို့ကား လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ခန့်မှ အစပြုလျက် တစ်ပါးပြီးတစ်ပါး ဆက်ကာဆက်ကာ ဘုရားပွင့်ထက်သို့အက်ကြွလာခဲ့သည်ဟုဆိုလျှင် ရာဇဝင်ဆရာတို့က ငြင်းဆန်ကြမည်မဟုတ်ချေ။ ထိုထိုဘုရားများအတွက်လည်း လူသားသည် ယဇ်ပွဲပွင့်အမျိုးမျိုးကို တည်ဆောက်ကာ သက်ရှိသက်မဲ့ပစ္စည်းနှစ်မျိုးကို ထိုထိုဘုရားတို့သို့ ဆည်းကပ်ခဲ့ရလေပြီ။ ပူဇော်ခဲ့ရလေပြီ။ အချို့သော ဘုရားတို့သည် ဆီမီးအနံ့တို့ဖြင့်ရွတ်သော အနံ့အငွေ့တို့ကို နှစ်သက်တော်မူကြလေကုန်၏။ အချို့တို့ကား ချိုကင်၊ နံ့ကင် စသည်တို့ဖြင့်တွက်သော အညေ့ဆိုင်တို့ကိုရှုရှုမှ သဘောကျကုန်၏။ အချို့သော ဘုရားရှင်တို့ကမူ ရိုးကင်၊ ခါကင်နှင့် ဖက်စပ်ပြည်ရှုတဲ့ အရက်သေစာကိုမှ မနေသာအောင် သွားရည်ယိုတော်မူကြကုန်၏။ လူသား၏ နှိုးသက်ပွတ်နိုးပိုနိုးမှုကို အလွန်သာယာတော်မူကြကုန်၏။ ကြေးစည်သံ၊ ခေါင်းလောင်းယိုးသံတို့ကို အင်တောန် သဘောကျတော်မူ၏။ အများသော ဘုရားရှင်တို့က ရင်းတို့၏ ဂုဏ်ကျေးဇူးတော်ကို ဖွဲ့နွဲ့သီကုံး၍ ရေးကိုက် ပါးကိုက် သီဆိုကြုံးရင်မှုကို အလွန်သာယာတော်မူကြကုန်၏။ ဂုဏ်တော်ရွတ်ဖတ်သူ၊ ဂုဏ်တော်ပုတီးစိပ်သူ၊ ဥပုသ်စောင့်တိမ်းသူ၊ ဆုတောင်းသူ၊ ပဏ္ဏာရပြုသူတို့ကိုသဘောကျ ကြည်ဖြူတော်မူကြကုန်၏။

ယင်းသို့လျှင် ယဇ်ပူဇော်ပသမှု၊ သရဏဂုံယူမှု၊ ရွတ်ဖတ်မှု၊ ဆုတောင်းပတ္ထနာပြုမှုတို့ကိုပြုလုပ်ကာ ချီးကပ်ရသော ဘုရားတို့တွင်၊ ဗုဒ္ဓဘုရားရှင်ကိုပါထည့်သွင်းပြီး အယူတပြင်းခံခဲ့ရသောမြစ်နေကြသောဗုဒ္ဓဘာသာဝင်သတ်သေများကိုအနည်းငယ်ရှင်းပြလိုပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဖော်ပြခဲ့သော ပူဇော်ပသမှုများနှင့် ချီးကပ်မှုများကို သဘောကျတဲ့ဘုရားမဟုတ်ကြောင်းကို ဝဏ္ဏလိတေရာပါဒါနီဖြင့် တင်ပြပါသည်။ ၎င်းပါဠိတော်၌ . . . . . .

“အပသာသတနော သဗ္ဗံ ဓမ္မသာဝိနုပဿတိ” ဟုဟောတော်မူခဲ့သည်ကို တွေ့ရသည်။ ၎င်းရဲ့ အနက်အဓိပ္ပါယ်ကတော့ အမှန်တရားကို မြင်သူ (ဝါ) လိုက်နာကျင့်သုံးသူ ပြုသူသည် ငါ့ကိုတွေ့နေရပေမယ့် ငါ့ကိုမြင်သည်မမည်။ ဂေါတမဗုဒ္ဓသည် အချိုးချိုးသေသူမှာမသေခြင်းတို့ဖြင့် ချီးကပ်ရတဲ့ဘုရားမဟုတ်တော့ပြီ။ တဖန် ယောသနိနိသွာန သုတ်တော်လာရှိတဲ့ ဗုဒ္ဓဘုရား၏ မိန့်တော်သံကို နားယူကြကုန်ရာ၏။

ဣသိတိုင်း အာနန္ဒသာရိရတ္ထာယနာ၊ အနုရုဒ္ဓါ၊ သာရိပုတ္တာမောဂ္ဂလ္လာန် အာတာဝီနောပတ်ထွာ ဝိဟာရထ . . . . ကိုအာနန္ဒာ . . . ငါတို့တွန်းလိုသည်ကား သင်တို့သည် ကိုယ်ကျိုးရလုပ်ငန်းတို့ကို နောက်မဆုတ်ဘဲ အားထုတ်ကြကုန်လော့။ ထိုသည် ကိုယ်ကျိုးရလုပ်ငန်းတို့၌ ဖနေမနေလျော့ပေါ့ပေါ့မနေဘဲပြင်းထန်သော ဥဿုံလဝီရိယတို့ဖြင့် အားထုတ်ကြကုန်လော့” (ဤကား ဗုဒ္ဓ၏ မိန့်တော်သံဖြစ်သည်။)

ဤသို့ဖော်ထုတ်ကိုးကားအပ်သော မဟာပရိနိဗ္ဗာန သုတ်ပါဠိတော်အရဆိုလျှင် “ဂေါတမဗုဒ္ဓသည် အသားအသွေးနှင့် အမွှေးအကြိုင်၊ ဆီမီးတိုင်ပန်းခိုင်နှင့် ပူဇော်ပသခြင်းမှုတို့ကို လိုလားတဲ့ဘုရားမဟုတ်ကြောင်းလယ်ပြင်ဆင်းသလို ထင်လင်းရှိသွားချေပြီ။ ဝိတော့ကား ဆုတောင်းပတ္ထနာပြုခြင်းစသည်ဖြင့် ချီးကပ်ရသော နတ်ဘုရားတို့ကို ကျွန်ုပ်တို့ယုံကြည်ရန် မဖြစ်နိုင်တော့ချေ” ဆိုတဲ့ လူသေလူဖြစ်ကျမ်းဆရာ၏ စကားလောသွန်၍ မသွားပါ။ ထိုထိုဖော်ပြထားပြီးတဲ့ အခွဲဥပါဒါန်မျိုးဖြင့် မချီးကပ်ရသောဘုရားကို သာ



ကျွန်ုပ်တို့ယုံကြည်နိုင်တော့ပြီဆိုတဲ့ အနက်အဓိပ္ပါယ်ကိုမြင်ရန်အရေးကြီးပါသည်။ စေတနာသန့်သန့်နှင့် အမှန်ကိုလိုလားသူ အမှန်ဘက်သားတို့ကား ထိုသို့သော အဂ္ဂဿသိမ်မွေ့နည်းဖြင့် ဖော်ပြပြီးတဲ့ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့်ဖွင့်ဆိုကာ နားလည်နိုင်သောမွှမ်းအောင်နှင့် ပြည့်စုံကြသည်သာတကား။

ထို့ကြောင့် ကျွန်ုပ်ဆရာသည် သဘာဝရေးအားဖြင့် နည်းနှစ်မျိုးသော ပူဇော်ပသနည်းအမျိုးမျိုးတို့ဖြင့် ချီးကပ် (ဝါ) ဆည်းကပ်အပ်သော နတ်နှင့် ဘုရားတို့ကို သွားကာနဲ့ ရှုပ်လုံးဖော်အောင် ဖော်ထုတ်၍ ကမ္ဘာ့စာရှုသူရှိသတ်ဖတ်သို့ တင်ပြခဲ့လေပြီ။ ယင်းသို့တင်ပြရာ၌ နက်နဲသိမ်မွေ့သော မြန်မာစကားလုံးကလေးတွေကို ယဉ်ကျေးလိမ္မာစွာသုံးနှုန်းသိကုံး၍ ဂေါတမဘုရားကိုအပြားတစ်ပါးသော ဘုရားများနှင့်အသိအလင်းဖော်ထုတ်ပါ သီးသန့်ခြားနား၍ တန်းသတ်ထားခဲ့လေသည်။ ယင်းကဲ့သို့ မြန်မာစာပေနယ်၌ အလွန်ထူးချွန်ပြောင်မြောက်လှတဲ့ အသုံးအနှုန်းတို့ကိုပညာရှင်တို့သာ နိုက်နိုက်ချွတ်ချွတ် ထိုးထွင်း၍ မြင်နိုင်စွမ်းရှိလေသည်။ ဥပမာ - အမိဝမ်းတွင်းကတည်းက မျက်စိနှစ်ကွင်းအလင်းမရသောသူ ဝရွှေမှုများအတွက် ကမ္ဘာကျော်ဝန်းပန်းရှိဆရာကြီးပြိုင်တိုက်ကယ် အိန်ရှယ်လိုင်ကဲ့သို့ အနုပညာပြောင်မြောက်တဲ့ ဓေးရောင်ဆုံပန်းချီကားချပ်တို့သည် ရယ်ရွှင်ဖွယ်ရာတွေသာဖြစ်သကဲ့သို့ပင် ဖြစ်ရလေတော့သည်။

ယခုခေတ်လူသားတော့ ရှုပ်ထွေးနှောင်ပါများစွာ တိုးတက်နေပြီဖြစ်ရာ အလွန်မြင့်မားသော အဆင့်သို့ ရောက်ရှိနေလေပြီ။ သူသည်နေရာတိုင်း၌ သူ၏ ဝိစာရဏာ ဝီမံသတုခိုအပ်သော စဉ်းစားချင့်ချိန်ဉာဏ်တို့ကို အသုံးပြုလျက်နေချေပြီ။ ယင်းသို့ အသုံးပြုခြင်းကြောင့်လည်း နိယာမအမျိုးမျိုးတို့တွင် တရားဝင်နိုင်သော အရာအားလုံးကို ထိုးထွင်လုပ်၍ ဖော်ထုတ်လိုက်ကြပြီ။ ဤဆောင်းပါးလေးကိုလည်း အနည်းငယ်လင်းရပေဦးမည်။

ဤသို့လျှင် လူသေလူဖြစ်ကျမ်းစာမျက်နှာ (၁၈-၁၉-၂၀) တို့၌ နိယာမတရားငါးမျိုးတို့၏ သရုပ်ကိုဖော်ထုတ်ခဲ့ပြီးလေပြီ။ ကမ္ဘာ၏အချင်းအရာ (ဝါ) အဖြစ်အပျက်

အစဉ်တို့ကို ဆိုသည့်နိယာမငါးပါးတွင် တစ်ပါးပါးသို့သွတ်သွင်းရေတွက်နိုင်သောသော်လျှင်၊ ရင်းကို အမှန်စင်စစ်ဖြစ်သည်ဟူ၍ ကမ္ဘာကလက်ခံနိုင်ကြသည်။ လူသားမှာ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ ဟူ၍ပသာဒရုပ်ခြောက်ခုရှိသည်။ (ဝါ) ဤပသာဒရုပ်ခြောက်ခု တို့၏ အတန်းမြင့်သော အပေါ်ယံသဘောကို လူဟုခေါ်ဆိုသမုတ်ရသည်။ ထိုတွင် မျက်စိ၏ ကိစ္စကားမြင်မှု၊ နား၏ကိစ္စကားကြားမှု၊ နှာခေါင်း၏ကိစ္စကား ရှူရှိုက်မှု၊ လျှာ၏ကိစ္စကား အရသာခံစားမှု၊ ကာယ၏ကိစ္စကား တွေ့ထိမှု၊ ဟဒယ၏ကိစ္စကား အာရုံဟောင်းတို့ကို ပြန်ပြောင်းတွေးတောသမှုဖြစ်သည်။ လူသား၏ ပဉ္စဒွါရမှာ မနောဒွါရနှင့် တိကျပြတ်သား သော ဆက်သွယ်မှုရှိရသည်။ ယင်းသို့တိကျစွာဆက်သွယ်မှုမရှိသောသူတို့ကိုတယူသန်တွေး၊ တစေတက်တန်းကြီးတွေ၊ အယူသီးခေါင်းမာသူတွေဟူ၍ ခေါ်ဆိုသမုတ်ကြကုန်၏။

ထိုသည့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ ဟူသော အဇ္ဈတ္တိက အတွင်းပသာဒရုပ်ခြောက်ခုတို့အတွက် အသီးသီးခံလျှက်သော ဗဟိဒ္ဓအာရုံခြောက် မျိုးပင်ရှိ၏။ ၎င်းအရာအားလုံးကို အထက်၌ ဖော်ပြခဲ့သော နိယာမတရားငါးမျိုးတို့သို့ သွတ်သွင်းနိုင်လေသည်။ ထို့ကြောင့် နိယာမတရားငါးမျိုးတို့တွင် မပါဝင်နိုင်သောအရာကို ယနေ့တိုးတက်နေသော လူသားကား မယုံကြည်နိုင်တော့ပြီ။ ဒါပေမယ့် လူအများစုတို့ ကတော့ အဲဒါတွေကို ယုံကြည်လျက်ပင်ရှိကြကုန်သေးသည်။

ကောင်းပြီ။ မဝေးလှသော ရှေးသခေသက မြန်မာ့ရာဇဝင်ကို ပြန်ပြီးဖော်ရှု လေ့လာကြည့်ကြဦးစို့။ နိယာမတရားငါးပါးတွင် စာရင်းဝင်နိုင်သည့်ဖြစ်ရပ်များ မြန်မာ နိုင်ငံ၌ ဖြစ်ပေါ်ခဲ့ဖူးခဲ့ချေ။ တန်ခိုးရှင်မင်းနှင့် တကွ သူ၏အပေါင်းပါနတ်ဆိုး၊ နတ်မိစ္ဆာ များ၊ တစ္ဆေသရဲဘုတ်ဘီလူးများ၊ သရဲသဘက်များ၊ ကြွက်ကြိုပွာများ၊ ယမင်းများနှင့် ယခ ခေါ်သေခေါကများတို့လည်း လူသား၏ပဉ္စဒွါရလက်တွေ့ ပေါ်ပေါက်သောကြောင့်၊ ကြောက်မွယ် လန့်ဖွယ်ကောင်းတွင် ပေါ်ပေါက်ကြတော့ချေ။ ၎င်းတို့ကို အမှိုက်ပုံးသို့ပစ်ထည့်သွင်းရေတွက် ခြင်းမပြုတော့ချေ။



ဤယခုပစ္စုပ္ပန်ဆိုတဲ့ ယနေ့ကမ္ဘာကြီးမှာပင် မဖြစ်နိုင်တဲ့ကိစ္စတွေကို ဖြစ်စေ လုပ်နေကြတဲ့လူကိုလည်းကောင်း (ဝါ) သုံးနှင့် လေးကိုပေါင်းပြီး ကိုးဖြစ်ရန် လုပ်ဆောင် နေကြသူတွေကိုလည်းကောင်း၊ ထာဝရဘုရားသခင်နှင့် နတ်ပြည်ဘွားတို့၏ဆုကို ရယူလိုတဲ့ သူတွေကိုလည်းကောင်း၊ ဖိုးတို့နတ်နှင့် ဘုရား၊ ဗြဟ္မာနှင့် သိကြားတို့ရဲ့တန်ခိုးတော်အကာ အကွယ်ကို ရယူလိုတဲ့သူတွေကိုလည်းကောင်း၊ ထို့ပြင် ၎င်းတို့ရဲ့ အကူအညီဖြင့် မိမိတို့၏ အခက်ပြဿနာတွေကို ဖြေရှင်းလိုတဲ့သူတွေကိုလည်းကောင်း နေ့စဉ်နှင့် အမျှတွေ့မြင်၍ နေရလေတော့သည်။ ဤရာတွင် ၎င်းတို့ရဲ့ကြီးပွါးမှုများနှင့် ဖျော်ရှင်းကမ်းတတ်သူများ သည် အသီးအပွင့်ခံစားနိုင်ကြကုန်၏။ ၎င်းတို့အားလုံးသည် အပြုလုပ်ခံ နှံတွေဖြစ်၍ အကျိုးမရှိနှုတ္တကဖြစ်နေချေသည်။ အဲဒါကြောင့် ကျွန်ုပ်ဆရာက ကျွန်ုပ်တို့သည် နိယာမအစဉ်အတိုင်း မျှော်ဝေသွေဖြစ်ပျက်၍ တိုးတက်နေမှုဆုတ်ယုတ်နေမှုတို့ကိုသာ ယုံကြည်နိုင်ကြကုန်ရာ၏ ဟူသော ရေးသားတဲ့အချက်အပြင် မည်သည့်ဘာသာနှင့် မည်သည့်အရာကိုမှ စော်ကားပုတ်ခတ်ရာမရောက်ပါချေ။

ဗုဒ္ဓဘာသာဝင်ရဟန်းတော်တစ်ပါးရဲ့ အဓိကဖြစ်သော ဘာသာဝန်ကား ဗုဒ္ဓဘုရား ရှင်၏ ဗုဒ္ဓဝါဒ်တော်များကို အဓိကသို့ရောက်ရှိအောင် ကိုယ်တိုင်သင်ယူရင်း ဗုဒ္ဓဘုရားရှင် ညွှန်ပြခဲ့သည့်အတိုင်း ဝီရိယစွမ်းလမ်းစဉ်တို့ကျင့်သုံး၍ သိမှု၊ ပယ်မှု၊ ဆိုက်မှု၊ ပွားမှုဆိုတဲ့ တရားအစဉ်ကို လုပ်ဆောင်ညွှန်ပြခြင်း၊ လူသားပိုင်ဆိုင်ထားသော ဥပါဒါန်စေ့ထွေ့များကို ဆေးလျှော်ခွာချနေရအတွက် နည်းလမ်းများညွှန်ပြခြင်း၊ လိုရင်းကိုဆိုရလျှင် မိမိကိုယ်တိုင်မှ တစ်ပါး အခြားအခြားသော တန်ခိုးအာနုဘော်ကြီးမားလှပါသည်ဆိုတဲ့ နတ်ဘုရားတို့ကို အားပေးနေမှုပပျောက်၍၊ အတ္တဓါ၊ အတ္တရာဆိုတဲ့ ကိုယ့်အားကိုယ်ကိုး ကိုယ့်ကျွန် ကိုယ်ရှာ၊ ကိုယ့်ချွေးကိုယ်ခွဲ ကိုယ့်ကြိုးစားမှုကိုယ်တွင်သာ . . . ဟသော ဗုဒ္ဓ၏ အဆုံးအမ တို့ကို တိကျစွာလူထုသို့တင်ပြခြင်းစတဲ့ ဝတ္တရားများဖြစ်ချေသည်။ ထို့ကြောင့် ကျွန်ုပ် အနေသည် ဤသို့သော မိမိတာဝန်ကျေပွန်စေရအတွက် ဗုဒ္ဓဘာသာလူသား ယုံကြည်ရမည့် တရားတွေကို ရက်ရက်စက်စက် ဖော်ထုတ်ခြင်းသာဖြစ်ပါသည်။

လူသေလူဖြစ်ကျွန်း စာမျက်နှာ (၁၅၂) ခုတိယအပိုဒ်မှ (၁၅၅) အဆုံးတိုင် ဖော်သော စာပိုဒ်တို့သား အကြောင်းနှင့် အချောင်အောက်တွင် ဝမ်းလျားမှောက်ကာ မရှူမလှုပ်ဘဲ နေရှာသောလူသားထုတစ်ရပ်လုံးကို မုန်ဆားထင်မပေးတဲ့ (ဝါ) သွေးထိုးပေးတဲ့စာသားတို့သာ ဖြစ်ချေသည်။ ဤစာသားတို့ကို ရှိကာ အဋ္ဌကထာအချွတ်ကို အနည်းငယ်မျှင့်ချိကြည့်ရှိ။ ယခုခေတ်လူသားတော မြေဖြစ်မနေကြီးစားမှုကြောင့် အသစ်အသစ်တွေ တီထွင်လာအောင်လုပ်ခဲ့လေပြီ။ ဥပလေးကစပြီး ပုံမျိုးသို့ရောက်ဘူဖြစ်သောကြောင့်၊ အထက်ပေဟင်အာကာသကောင်းကင်သို့ပင် တိုးမောက်တက်ရောက်နိုင်ခဲ့ချေပြီ။ ဤပို့ တိုးတက်နေသော လူသားသည်၊ မိမိ၏လက်တွေ့နှင့် မျက်စေ့တို့ကို ဖွင့်လှစ်ပြီးလျှင် စိတ်ကူး(ဝါ) စိတ်တွေ့နောက်သို့လိုက်ရန်မှာ မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် မလိုက်ပါနှင့်တော့ (ဝါ) လက်တွေ့မျက်တွေ့နောက်သို့လိုက်ရန်၊ မျက်တွေ့နှင့် ရောင့်ရဲတင်းတိမ်ပါတော့ဟု တိုက်တွန်းလိုရင်းဖြစ်ပါသည်။ နှစ်လှ၏။ စိတ်ကူးနှင့် တမ်းတပြီ ရှန်းစကာလှုပ်သော ကိုယ်ရုပ်မှန်သမျှသည် အသက်နှံရောအခါမှ မှန်လုံးပေါ်ကဲ့ဘဝသို့ရောက်ခဲ့ဘူးချေ။ စိတ်ကူးဖြစ်တည်ဆောက်ထားတဲ့ ဘုံနန်းရိပ်သာတို့သည် ဘယ်လောက်ကြီးကျယ်ခမ်းနားစေ၍ ရောင်ရှုံးတွေတင့်တွဲနှင့် အတယ်မှလောက် ထယ်ဝါလျက်ရှိစေကာမူ လူနေရန်ဖြစ်နိုင်နေသောတော တောက်ထဲ့နှင့် ဘိမ်ခြေဗိမ် မတော်နိုင်ချေသကား။ ဥပမာ - အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် စိတ်ကူးတွင်သာ ကစားနေခဲ့လျှင် ယသော်ဓရာနား၌ တဖဝါးမျှ မခွာနိုင်မှုကြောင့် ဘုရားအဖြစ်သို့ပင် ရောက်နိုင်ရန် အလားအလာပင်ရှိလိမ့်မည်မဟုတ်ချေ။ ယခုတော်တရားကား စိတ်ကူးမျှ မဟုတ် အချစ်ဆုံးသော ယသော်ဓရာအနားမှ ကိုယ်တိုင်လက်ရောက် ဆောင်းခွာထွက်၍ လက်တွေ့လုပ်ငန်းများကို ကြိုးပမ်းအားထုတ်တော်မူခဲ့တဲ့အတွက်၊ သဗ္ဗညုတ္တအဆင့် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သလို၊ လက်တွေ့ကျင့်သုံးမှု၏ တန်ဖိုးကိုမှတ်ယူရာ၏။ ဤသော့တာ ဘုရားရှင်ကိုယ်တော်တိုင်က "ယထာဝါဒီတထာကာရီ" ဂုဏ်နှင့် ပြည့်စုံတော်



မူတဲ့အတွက် လက်တွေ့ဘုရား။ လက်တွေ့တရားတို့ကိုသာ ဟောကြားတဲ့ဘုရား ဖြစ်တော်မူခဲ့ပါပေသည်။

## လူသေလူဖြစ်ကြော်ငြာသူ့ရှင်းချက်



လူသေလူဖြစ်ဆိုတဲ့ စာလေးလုံးကား အင်အားပါပါကြီးအား နှာ ဖြင့် အရပ်လေးမျက်နှာတို့သို့ ထိုးဖြိုးသော မီးမောင်းကြီးလေးခုနှင့် တူသည်။ ၎င်းတို့ကို ထွန်းညှိခြင်းဖြင့် အမှောင်လောကိုခွင်း၍ အလင်းကို ဆောင်လိုက်ရာ အမှောင်တွင်းသွားအမှောင်တွင်ကြီးလွှမ်း၍ အမှောင်ကို အားထားကြတဲ့ အမှောင်၏သားသမီးများနှင့် တကွ အမှောင်တွင် ကျက်စားကြတဲ့ တလူသန့်တရားသေ ပါဒီများတို့သည် ပေကားပေကာဖြစ်၍ သွားကြရာနိုးပြီး ဂျပ်၊ ပေါ်သယန်းဘိုနှံကို မီးတုတ်နှင့် ထိုးလိုက်သလို၊ အန္တိမ်အဟုန်ပြင်းစွာ ပေါက်ကွဲသွား လေပြီ။

လူသေလူဖြစ် သတဲ့ကနို့။ ကုသိုလ်-အကုသိုလ်လည်းဖြစ်ရာပေလို့ လောကကြီး သော့ ငါးပါးမှာ သယ်သင်ပါမှောက်တော့မှာပါပဲ။ ငရဲလဲရောက်ရာပေလို့ တို့ထိန်တော် ပြုသွားတွေလဲ အကုန်ပိတ်၊ အဟိတ်တိရိစ္ဆာန်ဆိုဘာသည်း ခွေးကလေး ကြက်ကလေးများ တောင်မှ ဖြစ်ရသေးတော့ပါကလားကွယ်ရှိ၊ ခက်လိုက်တာတုန်ပါပြီပဲ၍ ကြောကြောဘစ် အော်ကြလေပြီ။ ယင်းသို့ဖြစ်ရခြင်းကား ဓမ္မစိန့်တွင်းအလင်းမရတဲ့ အမှောင်နယ်သား တို့၏ ဓမ္မတာပင်။

သို့ရာတွင် မျက်လုံးတစ်ဖုန့် ခေတ်သစ်ပေါက်ဖွားအလင်းတွင် ကျက်စားတဲ့ တရားရှင် သဟာများအတွက်မူကား၊ ထိုအလင်းသည် သန့်ရှင်းပြောင်နိုင်လောက်အောင် အကျိုးပြုစွမ်းတစ်ရပ်ဖြစ်၍နေပေရာ အလင်းရောင်တောက်လာအနံ့ဘသိပြွှုတ်နက်၊

ထိုတို့ရေရှင်သမားဘက်လူအများတို့သည် စာအားကြီးဝန်ကြောက်ရွံ့ဝန်းရွှာ ရင်းကို ကြိုးစားကြကုန်၏။

ဖွန်လှ၏။ အရှောင်နှင့် အလင်း ထိုတဲ့သို့ပင်၊ ခေတ်ဟောင်းနှင့် ခေတ်သစ်တို့ သည်လည်း ကမ္ဘာ့ရန်များဖြစ်ကြကုန်၏။ ယင်းသို့ဖြစ်သည့်အားလျော်စွာ အရှောင်တွင် ကျက်စားတဲ့ခေတ်ဟောင်းသားတို့သည် အကြွင်အခါ၌ အထောက်စီးကိုရရှိကြကုန်၏။ ထိုအခါသူတို့သည် မီးတွန်း၍ အလင်းပြရန် ကြိုးပမ်းတဲ့ခေတ်သစ်ပေါက်ဖွား တက်လူများကို အမျိုးမျိုးရန်ရှာ၍ နှိပ်စက်ကြမြဲဖြစ်သည်။ ဥရောပတိုက်ဘ၀ိုင်းစဉ်တွင် အမှောင်ခေတ် ဟု၍ရာဇဝင်ဆရာများက သတ်မှတ်၍ထားခဲ့တဲ့အချိန်ကာလကို ကြည့်ရှုခဲ့ပါလော့။ ဝါရာစု ၅၀နှင့် ၁၅ရာစုစေးစေတိုင်းအချိန်များတွင် ဝဲလီလီယို ဗွာနိုနီ ဂလင်ဖင်နဲလာဇရှုနီ သဘောက် တင်စေသော အလင်းဘက်သား သူမိုဟောင်းကြီးများသည် အသက်နှင့် ရွေးကိုစေတး၍ အမှောင်ကိုခွင်းဖို့ အလင်းရောင်ကို ထွန်းညှိပေးခဲ့ကြလေပြီ။ ထိုခေတ်ထိုအခါတွင် အမှောင်ဘက်သားများအောင်နိုင်ဖြစ်ရာ၊ လူ့တရားရုံနှင့် ဘာသာရေးရုံတို့၌ အလင်း ဘက်သားပညာရှင်အများတို့မှာ အပြင်းအထန်ညှင်းပန်းနှိပ်စက်ခြင်းနှင့် တရားစွဲဆိုခြင်း ခံရ၍နေကြရသည်ကိုရှောက်လေရာရာ ဥရောပနိုင်ငံတိုင်း၌ တွေ့မြင်နိုင်လေသည်။ တရား စွဲ၍ ညှင်းပန်းခြင်းကိုခံနေရသူတို့ကား စာပေပညာရှင်များ၊ အဘိဓမ္မာဆရာကြီးများနှင့် အဖွန်ကို ဖော်ထုတ်ရန်ရှာစပ်ပါး၊ အခြားမျှော်မှန်းချက်လုံးလုံးကင်းတဲ့ နှိပ်စနံရေးဆရာများ ဘာမြစ်ခဲ့ကြသည်။ ရင်းတို့ကို ရာဇဝတ်မှုများကျူးလွန်တဲ့ တကယ့်လူဆိုးလူဝိုက်ကြီးတွေကဲ့ သို့ အာဏာလက်တိုင်ရှိကြတဲ့ အမှောင်ဘက်သားတို့က မြှုပ်နှံခဲ့ကြလေပြီ။

ဤသည်တို့ကား ရှေးလွန်လေပြီသော အမှောင်ခေတ်၌ ရေပန်းစားခဲ့သော လုပ်ရပ်များဖြစ်ခဲ့လေပြီ။ ယခုခေတ်တမူအများသော ကမ္ဘာ့အစိတ်အပိုင်းတို့၌ အမှောင် ခေတ်ကုန်ခန်း၍ အလင်းခေတ်သို့ လှမ်းတက်ခဲ့ကာ အတော်ပင် ကြာညောင်းသွားခဲ့ပြီ ဖြစ်ရာ ကမ္ဘာ့ပေါ်ရှိကိုင်းပြည်နိုင်ငံတိုင်းမှာ အလင်းခေတ်ဆန်းပြီဟု မဆိုနိုင်သေးတဲ့အ



တွက် မိုးလင်းပျက်ဝဲနည်းဖွယ်ဖြစ်ခဲ့ရလေပြီ။ ပညာရေးနှင့် စီးပွားရေးဆိုင်ရာတို့၌လည်း ကောင်း၊ လူ့ကချင်းချင်းဆက်ဆံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတို့၌လည်းကောင်း၊ တိုင်းရေး ပြည်ရေးနှင့် တကွ နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာတို့၌ လည်းကောင်း အဆင့်အတန်းညည်၊ လူစဉ်မမီသေးသော တိုင်းပြည်နိုင်ငံအချို့၌မူကား အမှောင်ခေတ်အားဟောင်းလျက်ပင် ရှိနေပေသေးသည်။ ထို့ကြောင့် အမှောင်ဘက်သားတို့သည် ကြီးထွားကျယ်ပြန့်သော တန်ခိုးပါဝါကြီးအာဏာတို့ကို လွတ်လွတ်လပ်လပ်အသုံးပြုလျက်ရှိနေကြပေသေးသည်။

ထိုရာတွင် ကမ္ဘာ့ပေါ်ရှိအများသောတိုင်းကြီးပြည်ကြီးနိုင်ငံကြီးတို့မှာ အမှောင် ခေတ်နှင့် တကွ ရင်းခေတ်သားတို့၏ တန်ခိုးအာဏာပါဝါတို့ကိုပါ ဘာတစ်ခုမှ မကြံရလေ အောင်၊ လက်ခေသတ်ဇာတ်သိမ်းခြင်းသို့ ရောက်သွားသကဲ့သို့ပင်၊ ကြံရှိနေသေးသော တိုင်းငယ်နိုင်ငံငယ်တို့၌ အကြွင်းကျယ်ကြီးစိုး၍ လွှမ်းမိုးလျက်ရှိနေသေးသည့် အမှောင်ဖုံး သည့်ခေတ်ကိုလည်း ရင်းတို့ရှိဦးစေဆောင်မှုကိုပါ ဖျားပြောသော အနာဂါတ်ကာလတွင် ရင်းတို့ ရဲ့ဘဝနှင်းတို့၊ ရင်းတို့ကိုယ်တိုင်တုံး၍ ရှင်ဖြေ ဆုညဲ ပြောက်ပင်းဘူသကဲ့သို့ပင်၊ ရင်းတို့ကိုယ် တိုင်တီးမှုတ်ကြကုန်လျက် ပြောင်တိစခန်းဖွင့်ကြပေလိမ့်မည်။

အကြောင်းမူကား ကမ္ဘာ့တိုင်းပြည်များ၏ တိုးတက်မှုအမြန်နှုန်းကျန်သည် တားမရ ဆီးမနိုင်သည့်ဝိရေယာ လှန်စွာကြီးမားပြင်းထန်လှသည့်အပြင်၊ ရင်းနှင့်တစ်ချိန်တည်း မှာပင် ခေတ်သစ်ဘိဓမ္မပညာဆိုင်ရာအလင်းရောင်ပါသည်လည်း၊ ရောင်ခြည်တစ်ထောင် ဆောန်းဘောင်တဲ့ရှင်နေပင်းတစ်ဆူ သည် ထိုဥပုဒ်ရှောင်ပတ်ရောင်သို့တင်နေတဲ့ အမှောင် ခါင်းလှုသမှုကို ထိုးစစ်ဆင်တာ ပယ်နှင်တိုက်ထုတ်လျက်ရှိနေပြီဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့၏တည်နေရာ ဤကမ္ဘာ့ကား အမှားနှင့် အမှန် (ဝါ) အမှောင်နှင့် အလင်းတို့၏ စစ်ချူဘာခင်းကျင်းရာ စစ်သလင်းကြီးဖြစ်ချေသည်။ ထိုဘိုက်ပွဲတွင် တုံးဆန်းတဲ့အချက်သစ်နှုက်တော့ ကမ္ဘာ့တိုက်ပွဲဝင်ကို ပြန်လည်သုံးသပ်လိုက်တဲ့အခါ၊ အလင်းနှင့် အမှန်တို့သည် တနည်းအားဖြင့်ဖြတ်တွင် အရေးနိမ့်ခြင်းကို ခံခဲ့ကြရပြီးလျှင်၊

ရေရှည်တိုက်ပွဲဆင်မှ အောင်မြင်ခဲ့တဲ့အချက်ပင်ဖြစ်သည်။ လွန်ခဲ့သောအလင်းနှင့် အမှောင် (ဝါ) အမှန်နှင့် အမှားတိုက်ပွဲများ၏ သမိုင်းစဉ်ကိုကြည့်ရှုစမ်းပါဦးလော့။ ထိုတိုက်ပွဲများတွင် ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင်အမှန်နှင့် အလင်းဖက်မှ ဦးဆောင်တော်မူခဲ့သည်။ ထို့ကြောင့် အမှောင်နှင့် အမှားဘက်သားတို့၏ ကြီးမားသော ရန်ပြုမှုခြင်းကို ခံခဲ့ရလေပြီ။

(၁) အလင်းနှင့် အမှန်ဖက်က ဦးဆောင်မှုပေးနိုင်ရန်အတွက် တောထွက်တော်မူသည့်နေ့ရာမှာပင် မာရ်နတ်မင်း၏ နှောင့်ယှက်ဖျက်ဆီးခြင်းကို ဗုဒ္ဓကိုယ်တော်တိုင်ခံခဲ့ရလေပြီ။

(၂) ဗောဓိမဏ္ဍာလေးအောင်မြေအခွင်၌ အောင်ပန်းဆင်တော်မူမည့်အချိန်မှာပင်၊ ဗုဒ္ဓရှင်တော်သည် မာရ်နတ်နှင့် ၎င်း၏ သမီးသုံးဖော်တို့၏ ရန်ကို အပြင်းအထန်တွန်းလှန်ပယ်ဖျက်တော်မူခဲ့ရသည်။

(၃) ဒေဝဒတ်ကောင်းဆောင်းမှာ ပျောက်ပေါင်းခေါင်းကာ ဓလောတ်မတော် ဒေဝဒတ်၏အသက်တိုင်အောင်ရန်ရှာခြင်းကိုလည်းခံတော်မူခဲ့ရသည်။

(၄) အဇာတသတ်ဘုရင်နှင့် ဒေဝဒတ်တို့ပူးပေါင်းကာ၊ ဗုဒ္ဓရှင်ဖြတ်လွှင်း နဲကြွစဉ်၊ အရက်တိုက်မောင်းတိုက်ထားတဲ့ နာဠာဂီရိဆင်ကို လွှတ်၍ အသေသတ်စေရန် စီမံချက်ကို ခံတော်မူခဲ့ရသည်။

(၅) စိဉ္စမာနမည်သော မိန်းမ၏ အရှက်တကွဲအကျိုးနည်းဖြစ်စေရန် ကြံဖန်လည်ဆည်၍ စွပ်စွဲခြင်းကိုခံခဲ့ရသည်။

စကားပဓာသိဒ္ဓတ္ထမင်းသားသည် မိဖုရားဖြစ်တဲ့ယသောဓရာနှင့်ကျော်ရာ စည်းစိမ်ချမ်းသာတို့ ခံယူပြီးနောက်၊ သိဒ္ဓတ္ထအဖြစ်မြင့်သော ဘဝကိုအဆုံးသတ်ခဲ့လျှင်၊ အသက်ထော်ပြုပါ အနေနှင့်အလှက်အဖျက် အဆီးအတားများယံဆိုးတို့နှင့် ဖုံဖိုးကြုံတွေ့ကြုံရပါမည်လော။ ဘယ်နည်းနှင့်မျှ မကြုံတွေ့နိုင်ပါ။ အမှန်မှာ သိဒ္ဓတ္ထမင်းသားသည် ကမ္ဘာ့အမှောင်တွင်း



မှာ အလင်းရောင်ဖြန့်ထိုးပြနိုင်ရန်အလို့ငှာ တိုင်းနန်းဒိဗိဇ္ဇာလောက၏စည်းစိမ်ချမ်းသာများကို စွန့်ပယ်၍၊ တောထွက်သည့်နှင့် တစ်ပြိုင်နက်အစတင်၍ ဖော်ပြခဲ့သောတိုက်ပွဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်တိုးခဲ့ရခြင်းဖြစ်သည်။

(၁) အမှန်တရားကို တွေ့အောင်ရှာဖွေခြင်းသည် အလွန်ပင်ပန်းခက်ခဲလှသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

(၂) ထိုသည့်အမှန်ကိုတွေ့ပြီးနောက် အမှန်အတိုင်းထုတ်ဖော်ညွှန်ပြရတဲ့လုပ်ငန်းသည်လည်း လွယ်ကူလှချေ။

(၃) ထို့ပြင်အမှန်တရားကို အမှန်အတိုင်းထုတ်ဖော်ညွှန်ပြတဲ့အခါမှာ ၎င်းကိုလက်တွေ့ကျင့်သုံးဖို့လုပ်ငန်းသည်လည်း ထို့ထက် ခက်ခဲလှချေ၏။

(၄) နောက်ဆုံးအနေဖြင့် အမှန်ဖက်မှ နေ၍ အမှန်ဖက်သားလုပ်ဖို့ရန်ပင် လွယ်ကူလှသည်မဟုတ်ချေ။ ထိုအမှန်သည်လည်း လောကအမှန်နှင့် လောကုတ္တရာအမှန်ဟူ၍ နှစ်မျိုးနှစ်စားရှိရာ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း လောကအမှန်နှင့် ပတ်သက်ရာ၌ပင်၊ ဤမျှခက်ခဲနေခဲ့လျှင် လောကုတ္တရာအမှန်နှင့် သက်ဆိုင်ရာ၌ကား ဘာဘယ်မှာလျှင် ဆိုဖွယ်ရာရှိချေတော့အံ့နည်း။

လောကအမှန်တစ်ခုကို ဖော်ထုတ်နေ့သားမိတဲ့အတွက် အသက်ပေးခဲ့ရသော ဂျိုဒါနိုဘရူနို၏ဖြစ်ရပ်ကို ကြည့်ရှုရအံ့။ သူသည်အလွန်ထိုးထွင်းသော အမြော်အမြင်ရှိ ဖြစ်တဲ့ (၁၅၄၀) ခုနှစ်၌ အီတလီပြည် နိုလ အရပ်၌ မွေးဖွားခဲ့သည်။ သူသည် ရဲရင့်သော အတွေးအခေါ် ထိုးထွက်သော ပညာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်သောကြောင့် ကြယ်ငွေ့ ကမ္ဘာသည် တစ်ခုမကဘဲ အများကြီးရှိသည်။ (PLURALITY OF THE WORLD) ဟုသော ဝါဒကို စတင်ဖော်ထုတ်ခဲ့လေသည်။ သို့ဖြစ်ရာ ထာဝရဘုရားက တစ်ခုတည်းသော ကမ္ဘာ

ကို ဖန်ဆင်းထားခဲ့သည်ဟူသော ဝါဒအကိုသား ခရစ်ယာန်ဘာသာ သာသနာဖက်ဆိုင်ရာ အာဏာပိုင်များက သူ့ကိုဖမ်းဆီးချုပ်နှောင်ခဲ့လေပြီ။ ၎င်းအဆိုပါဝါဒကို စွန့်ပစ်၍ ထာဝရဘုရားဖန်ဆင်းတဲ့ ကမ္ဘာတစ်ခုဝါဒကို ထောက်ခံရန် ဘာသာရေးအာဏာပိုင်တို့က အနည်းနည်းအဖုံဖုံဖြင့် သွေးဆောင်ခဲ့ကြလေပြီ။ သို့ရာတွင် ဗရူနိုကား ငြင်းဆန်ခဲ့လေပြီ။ ထိုအခါမှာ သူ့ကိုတရားခွင်တင်ပြီးလျှင် မီးရှို့၍အဆုံး စီရင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ ထို့ကြောင့် သူ့ကိုသစ်ငုတ်တိုင်မှာချည်၍ ရေနံဆွတ်အဝတ်တွေပတ်ပြီးလျှင် မီးရှို့သတ်လိုက် ကြလေပြီ။ ဗရူနို၏ နောက်ဆုံးမြွက်ကြားခဲ့သောစကားကို နားဆင်ကြည့်ပါဦးလော . . . .

"ငါ့အားတိုက်ခိုက်ခဲ့လေပြီ၊ ထို့ကြောင့် ငါ့အဖို့ကား သေပေတော့ပြီ။ အနိုင်နှင့်အရှုံး ကား ကံတရား၏လက်ထဲတွင်သာ တည်၏။ ငါမည်သို့ခံစားရစေကာမူ မည်သူကမျှ အနိုင်ရစေကာမူ၊ အနာဂါတ်ကာလ၌ ငါ့အားအသိအမှတ်မပြုဘဲ နေမည်တော့မဟုတ်ပေ။ ငါသည် သေရမှာကို မကြောက်သောသူ၊ အမှန်တရားကို သစ္စာစောင့်သိရာ၌ မည်သူ့နောက်မှ မကြွင်းသောသူ၊ သတ္တိကင်းမဲ့စွာ အသက်ရှင်နေရခြင်းထက်၊ သတ္တိပြောင်မြောက်စွာ သေရခြင်းကို နှစ်သက်သူဖြစ်၍ အနာဂါတ်ကာလသည် ငါ့အား အသိအမှတ်ပြုပေတော့မည်"။

ဗရူနို၏ နောက်ဆုံးစကားအတိုင်းပင် ယခုအခါကမ္ဘာသူ ကမ္ဘာ့သားအများဆုံး သောလူသားတို့သည် စကြဝဠာ အနန္တဟူသော ဝါဒကို လက်ခံကြလေပြီ။ ထို့ကြောင့် သူ၏အသေခံမှုသည် အကျိုးမဲ့လုပ်ငန်းတစ်ခုမဟုတ်ချေသကား . . . ။

တဖန် (၁၅၆၄) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့၌ အီတလီပြည်၊ ပီဆာ အရပ်၌ မွေးဖွားခဲ့သော နက္ခတ္တဗေဒဆရာကြီးဂယ်လီလီယို၏ အကြောင်းကို မှတ်ကြည့်ပါဦးလော . . . ။



သူသည်ကောင်းကင်၌ လှည့်လည်ပြေးသွားနေသော နေ-လနက္ခတ်တာရာများကို သေချာစွာကြည့်ရှုလေ့လာနိုင်ရန်မှန်ပြောင်းကို လက်ဦးစွာတည်ထွင်လာခဲ့သူဖြစ်သည်။ သူ၏မှန်ပြောင်းအကူအညီဖြင့် ကောင်းကင်ရှိ နေ-လ စသော ဂြိုဟ်နက္ခတ်တို့၏ အခြင်းအရာကိုလေ့လာရာ . . . .

(၁) နေသည် ကမ္ဘာ၏ ဗဟိုချက်ဖြစ်သော ၎င်း၏နေရာမှ ရွေ့လျားခြင်းမရှိ၊

(၂) မြေကြီးသည် ကမ္ဘာ၏ ဗဟိုချက်မဟုတ်၊ လှုပ်ရှားခြင်းမရှိမဟုတ် ဝင်စဉ်မှာ ရွေ့ရှား၍နေ၏။ နေ့စဉ်လှည့်လည်၍နေ၏။ ဟူသော အချက်နှစ်ချက်ကို ပြတ်ပြတ်သားသားတင်ပြခဲ့လေပြီ။

ယင်းသို့တင်ပြမှုကြောင့် သူ့ကို ဖမ်းဆီး၍ တရားစွဲခံရသည်။ ထောင်သွင်းအကျဉ်းချထားခြင်းခံရသည်။ သူ၏ စာအုပ်ကိုသိမ်းသည့်အပြင် ဤအချက်နှင့် ပတ်သက်၍ ဟောလည်းမဟောရ ရေးလည်းမရေးရဟူ၍ အမိန့်ပိတ်ပင်ခြင်းကို ခံခဲ့ရလေပြီ။ သို့သော်တုံးခြားတော်က ယခုအခါ ကမ္ဘာ၌ သူ၏ဝါဒကို လက်မခံတဲ့လူများကား လူအ၊ စာရင်းသို့အသွင်းခံရလိုလို အခြေသို့ရောက်နေခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ပစ္စုပ္ပန်ကမ္ဘာ၌ ယနေ့လူသားတို့ရရှိခံစားနေရသော အလင်းရောင်ကား၊ အလင်းသောက်သူ၊ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ကိုယ်ကာယသွေးစနှင့် အသက်ပေးတည်းဟူသော ဆီတို့ဖြင့် ထွန်းညှိခဲ့သော မီးရှူးတိုင်မှရရှိခံစားနေရသော အလင်းရောင်ဖြစ်ချေသည်။ ကမ္ဘာ့၏လူသားအပေါင်းသည်လည်း ထိုအလင်းရောင်ကို အမှီပြု၍ သာ၍တဖြည်းဖြည်းတစ်စတစ်စတိုးတက်၍လာခဲ့ကြလေသည်။ ထိုကဲ့သို့သောလူသားအာဇာနည်တို့၏ စွန့်စားသည့်လုပ်ဆောင်မှုများကြောင့် လူသား၏ကမ္ဘာသည် ကျောက်ခေတ်မှ အဏုမြူခေတ်သို့ရောက်ခဲ့လေပြီ။ အမှန်သည် လောကအမှန်ပင်ဖြစ်စေ (သို့) လောကုတ္တရာအမှန်ပင်ဖြစ်စေ ကမ္ဘာ့အလင်းရောင်ဖြစ်သည်။ အမှောင်တွင် ပေါက်

ဖွားရ၍ အမှောင်တွင်ကျက်စားကြတဲ့ ခေတ်ဟောင်းသားတို့၏ အဓိကလုပ်ငန်းကား ထိုသည့် အလင်းရောင်သည် ရောမရန်သူအဖြစ်, ဖြစ်မြဲမှုတာပင်။ အမှောင်သားတို့၏ အဓိကလုပ်ငန်းမှာကား တားမရသည့် ဒီရေမကြီးလာသော အချိန်အခါဖြင့် ထွန်းလင်း တောက်ပြောင်၍လာသော အလင်းရောင်များကို တားဆီးရန် (သို့မဟုတ်) အတိုင်းပါက လက်စတုံးငြိမ်းသတ်လိုက်ရန်ပင်ဖြစ်သည်။ သို့ရာတွင် ရင်းကားသဘာဝအားဖြင့် တားမရ ဆီးမနိုင်သည့် အလင်းရောင်ဖြစ်လေသောကြောင့် အမှောင်နယ်တွေကို တကွက်ပြီး တကွက်တိုက်ဖျက်ပြီး၊ အမှောင်နယ်ပုန်သမျှကို ကျုံးပြောင်းစေခဲ့ပြီး အလင်းရောင်နယ် ပယ်ကို ကျယ်သည်ထက်ကျယ်အောင်ချဲ့ခဲ့လေပြီ။

အလင်းရောင်နယ်ပယ်ကျယ်ဝန်း၍ လာသည်နှင့် အမျှအမှောင် နယ်ပယ်ကျုံး ၍ ကျဉ်း၍လာမြဲဖြစ်သည်။ ထိုသည့်အလင်းနှင့် အမှောင်တိုက်ပွဲတွင် အမှောင်အား တောင်း၍ အမှောင်မိုက်တွင်းနိုးကြီးစိုး၍နေခဲ့ဖြစ်သော နိုင်ငံများကို ယနေ့ခေတ်နိုင်ငံ ရေးစကား ဖြင့် ပြောရလျှင်၊ ဖွံ့ဖြိုးမတိုးတက်သေးသော နိုင်ငံဟူ၍ ခေါ် ဆိုကားလေသည်။ ကျွန်ုပ်တို့ရဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုး တိုးတက်သေးသော နိုင်ငံစာရင်းတွင် အကျုံးဝင်လျက်ရှိနေသေးသည်။ ရင်း၏ အဓိပ္ပါယ်ကား ဤနိုင်ငံ၌ အလင်းနှင့် အမှောင်တိုက်ပွဲဆင်နွှဲလျက်ဝင်နိုင်သေးသည်ဟု ဆိုလိုသည်။ တိုက်ပွဲဟုသည် အကြီးရာဘက်မှ အောင်ပွဲဆင်မြဲဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အလင်းဘင်အား စုဘက်မှ လိုအပ်သောအထောက်အကူကိုရည်များမဆိုရှိစေရန်ရည်သန်တဲ့စိတ်ထားဖြင့် ဤလူသော လူဖြစ်ပြဿနာကို တင်ဆက်လိုက်ရခြင်းဖြစ်ပါသည်။

ယင်းသို့တင်ဆက်ရာ၌လည်း မိမိ၏ယူဆချက်သာလျှင်စကောန်မှန်ရမည်ဟူ၍ “နွားရုတ်လည်တိုင်” အစွဲမထားခဲ့ပါ။ ထို့ကြောင့်လည်း (လူသေလူဖြစ်အဘိဓမ္မာနှင့် ပတ်သက်၍ တိုးတက်ဝေဖန်စဉ်းစားဉာဏ်ဖြင့် အားဖြင့်သွန်ထုတ်၊ သုတေသနအလုပ်ကို ဆက်လက်ဆောင်ရွက်လုပ်ကိုင်နိုင်ကြစေရန်၊ ဤမည်သော “လူသေလူဖြစ်” ပြဿနာကို



တပွါပညာရှင်များလက်သို့ တင်ဆက်လိုက်ပါသည်) ဟူသော စာပိုဒ်ဖြင့် လူသေလူဖြစ် ကျမ်းစာကို နိဂုံးချုပ်ခဲ့ပါသည်။

ရင်း၏ အဓိပ္ပါယ်ကား ဤလူသေလူဖြစ်ပြဿနာ၏အမှန်နှင့် အမှားကို ပိုင်းခြား ဖော်နဲ့ဆက်သက်တိုးတက်၍ ဝေဖန်ကြရန် သုတေသနပြုလုပ်ကြရန်၊ တပွါပညာ ရှင်များသို့တောင်းပန်လိုက်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တောင်းပန်ချက်ကား လုံးဝဥသုံအကျန်လုံးပြည့်စုံပါပြီဟုဆိုနိုင်စေကာ၊ အနည်းအကျဉ်းတော့ပြည့်စုံလာပါပြီ ဟူ၍ဖြင့် ဆိုနိုင်ပါပြီ။ အကြောင်းမူကား လူသေလူဖြစ်ကျမ်းစာထွက်ပြီးနောက် မကြာလှ သော အချိန်ကာလအတွင်းမှာပင် ကျွန်ုပ်၏တောင်းပန်ချက်အတိုင်း လူသေလူဖြစ် ပြဿနာကို အပြင်းအထန်ဝေဖန်လိုက်တဲ့ ကျမ်းစာနှစ်စောင်ပေါ် ထွက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

ရင်းတို့ကား . . .

(၁) လူသေလူဖြစ်သစေလော။

(၂) လူသေတိုင်းလူမဖြစ်အပြည်ရှိသော ကျမ်းစာများပင်တည်း။

ရင်းတို့တွင် နံပါတ်(၁)ကား ဆရာ့သိပါယနာ ပါဠိမြန်မာပဋိဝိဓောအတ၊ မဟိုးရိုး ပါဠိတက္ကသိုလ်ကထိကဟောင်း၊ ဓားဝင်းထောင်အရှင်တေဇောနိယ၏လက်ရာဖြစ်ပါသည်။ နံပါတ်(၂) ကား ဤစာအုပ်ကို ရေးထုတ်သူ ကျွန်ုပ်အား အဝမှအစပြု၍ ဆရာ့သိပါယနာ တင်မှုတို့တွင် တစ်ခုခုကိုလိုလား၍ ဖော်လံအားသည်ဟုဆိုကြားတဲ့မှားပြီးဟူ၍မှတ်သည် မြင်အဘိဓမ္မာလင်းအတွင်းသစ္စာကိုတွင်းဘွင်းကြီးဖော်ထုတ်ခဲ့သောအားအနည်းပြုလိုပြီး ဥဩပြီ သုံးပုရာနံ့ကျောင်း၊ စသင်းဦးစိန္တာသာမိ၏ ကျမ်းစာဖြစ်ပါသည်။

၎င်းကျမ်းစာနှစ်စောင်တို့၌ပါရှိသော အတွင်းစာသား တို့ကားအဘိဓမ္မာဒေါ သောဖြင့် အလေးတကြီးရေးသားထားချက်များဖြစ်သောကြောင့်၊ ၎င်းတို့ကို ကျွန်ုပ်တို့ကား လက်စားချေပြန်ပေဖန်ရန်မလိုတော့ပြီဖြစ်၍ လျစ်လျူရှုလိုက်ပြန်ခဲ့ပေသတည်း။

သို့ရာတွင် သူတို့ရဲ့စာအုပ်မျက်နှာဖုံးတွင် တပ်ဆင်ထားသော စာအုပ်အမည် ပညတ်များကား ကျွန်ုပ်တို့၏အကြိုက်တွင် တိုက်ရိုက်ကြီးဝင်၍ပင်ထောက်ခံနေသော ကြောင့်၊ ၎င်းတို့ကို အနည်းငယ်ဝေဖန်၍ပြရပေဦးမည်။

အမှန်ကောလိနိယသည် သူ၏စာစောင်ကို "လူသေလူဖြစ်သလော" ဟူသော အမေးလက္ခဏာဖြင့် တတွေသော နာမပညတ်ကို တပ်ဆင်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၎င်းကို ဥတ္တမြို့သံဃရာနံ့ကျောင်းဆရာတော် ဓလင်း ဦးဝိစ္စသာသမိ ကား လူသေတိုင်းလူမဖြစ်ဟူ၍ မှန်မှန်ပင်အဖြေပေးလိုက်သည်တဲ့ ဆရာတို့။ (လူသားသည် တဖန်ပြန်၍ အချိုးအစားကိုက် ညီမှ ပေါင်းစပ်ဖြစ်ပေါ် ရန် ညီညွတ်သောအကြောင်းများရှိသေးလျှင်၊ လူသားစင်စစ် တစ်ပါး အခြားမည်သည့်သတ္တဝါမျှ မဖြစ်နိုင်တော့ပြီ) ဆိုတဲ့ စာပိုဒ်ကို ကြည့်ရှုသုံးသပ် လိုက်စမ်းပါ။ ဆရာတို့ကာ အဘိဓမ္မာဒေါသော ရှေ့လောကတွေကြီးတာနဲ့ "ဒေါသော-အတွဲ နာနာတဲ ဒေါသောမဖွဲ့နေ သဿတိ၊ အနူတမ်တာဒါယေဟာတိ၊ ယံဒေါသော သဟဇာတနံ့" ဟုလာရှိသည့် ပါဠိတော်အတိုင်း ညွှန်ပြသော မြန်မာဝါကျတစ်ခုရဲ့ အနက်အဓိပ္ပါယ်ကိုပင် မဖြင့်နိုင်လောင်နိုင်ဖြစ်ခဲ့ရနေပြီတကား။

ထို့ကြောင့် အနည်းငယ်လင်းပါရစေဦးမည်။ (လူသားသည် တဖန်ပြန်၍ အချိုးအစားကိုက်ညီမှ ပေါင်းစပ်ဖြစ်ပေါ် ရန် ညီညွတ်သော အကြောင်းရှိသေးလျှင်) ဆိုတဲ့ဝါကျ သို့(၁)သေပြီးနောက်တဖန်ဖြစ်ရန်အလားအလာရှိသူ (၂)ရှိသူဟူ၍လူသားနှစ်မျိုးရှိကြောင်း ကို ညွှန်ပြသည်။ ထိုတွင် ဘုရားရဟန္တာအရိယာပုဂ္ဂိုလ်တို့သည် လူသားအဖြစ်တဖန်ပြန်၍ ဖြစ်ရန် အလားအလာမရှိသူများ စာရင်းတွင် ပါဝင်ကြလေ့ရှိ၏၊ ၎င်းတို့မှ တပါးသော လူသားတို့ကားဖြစ်ရန် အလားအလာရှိသေးသူများဖြစ်ကြလေ့ရှိ၏။



ဒါဒီတော့ကာ လူသေတိုင်းလူမဖြစ်ဆိုတဲ့၊ သံဃရာနံ့ဆရာတော်ဦးဝိစ္စသာသမိ၏ အယူအဆဟာလူသေလူဖြစ်ကျမ်းပါ အထက်၌ဖော်ထုတ်ခဲ့သော စာပိုဒ်ကို အကြွင်းမဲ့ ထောက်ခံနေပြီမဟုတ်ပါလော။

မှန်ပြီးဘဲ့။ လူသေတိုင်းလူမဖြစ်ဆိုသော စကားသည် အချို့လူများသာ လူပြန် ဖြစ်သည်။ အားလုံးကား လူပြန်၍မဖြစ်ဟူသော အဓိပ္ပါယ်တနက်ကို ညွှန်ပြပေသည်။ သို့ဖြစ်လျှင် အသေဝါတွေနဲ့ ခဲဖြိုးဖြစ်တဲ့ ဘုရားရဟန္တာတို့ကို တဖန်ပြန်၍လူမဖြစ်တဲ့ ပုဂ္ဂိုလ်များဟူ၍လည်းကောင်း၊ ကျန်ပုဂ္ဂိုလ်များသည် လူပြန်၍ဖြစ်နိုင်သည်ဟူ၍ လည်းကောင်း ကောက်ချက်ချက်တစ်ချက်ပေါ်ထွက်လာသည်။ ဒီလိုဆိုရင် ဦးဝိစ္စသာမိ သည် သွယ်ဝိုက်သော နည်းဖြင့် လူသေလူဖြစ်ဝါဒကို ထောက်ခံကျေးဇူးဝင်နေပြီ မဟုတ်ပါလော။ ကိုယ့်တွင်းကိုယ်တူးဆိုတာ ဒါမျိုးပေါ့ဆရာတော်၊ အဆုံးစကားဆိုရရင် ကန့်ကွက်တာပဲဖြစ်ဖြစ် ထောက်ခံတာပဲဖြစ်ဖြစ်၊ လူသေ ဖြစ်ဆိုတဲ့ စာလုံးလေးတွေပါတဲ့ စာအုပ်တွေများများထွက်ပေါ်လာလေလေ ကျွန်ုပ်တို့အားရလေ ဝမ်းနှစ်သက်လေလေ၊ တွေ့ရတင်လေလေဖြစ်ရသည်မှာ အမှန်ပင်။ အဘယ်ကြောင့်နည်း။ လူသေလူဖြစ်သ လော။ သို့မဟုတ် လူသေတိုင်းလူမဖြစ်ဆိုတဲ့ စာအုပ်တွေပေါ်ပေါက်၍လာတိုင်းလာတိုင်း သုတေသီပုဂ္ဂိုလ်တို့သည် ဝယ်ယူ၍သောလည်းကောင်း၊ ငှားရမ်း၍သော်လည်းကောင်း ဖတ်ရှုလေ့လာကြရပေလိမ့်မည်။ ထိုအခါလူထုအတွက် လူသေလူဖြစ်ကိစ္စသည်၊ ပြဿနာ တစ်ရပ်ဖြစ်လာပေလိမ့်မည်။ ယင်းသို့ဖြစ်လာလျှင် လူထုသည် ၎င်းကိုစဉ်းစား တွေးတော မှုနှင့် စစ်ဆေးဝေဖန်မှုများ ရှာဖွေဘဲ့၏။ သို့ကလို စဉ်းစားတွေးတောမှုနှင့် စစ်ဆေးဝေဖန် မှုတို့ကိုပြုလုပ်လေလေ လူထု၏အသိဉာဏ်ရင့်ကျက်လေလေ၊ တိုးတက်လေလေဖြစ် ဖြစ်မည်။ ယင်းသို့ လူထု၏တိုးတက်မှုသည်ပင် လူသေလူဖြစ်ကျမ်း ဆရာ၏ ရည်မှန်းချက် တစ်ရပ်ဖြစ်သောကြောင့်၊ ဦးကောလိနိယနှင့် ဦးဝိစ္စသာမိတို့အား အထူးကျေးဇူးတင် ကြောင်းကို ညွှန်ပြတော်မူနေ၍ပြောကြားလိုပါကြောင်း။

ယခုဘဝ လူ့ဘဝလူ့ပြည်မြို့သနာကို အနိုင်ခံသုံးသော ဘုရားဟောပါဠိတော်
သာဓကများကောင်ပြု၍ ရှင်းလင်းပြပါမှ၊ ကျွန်ုပ်တို့သည် ရှေးဦးစွာ ဆဋ္ဌသံဂါယနာတင်
သုတ္တန္တပိဋက ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်၊ သာမညဖလသုတ်၊ စာမျက်နှာ နံပါတ်
(၇၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏအခန်းရှိ ပါဠိတော်ကို ထုတ်ဖော်ကိုးကားရပေလိမ့်မည်။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၆)

သောဧဝံသမာဟိတေစိတ္တေပရိသုဒ္ဓေပရိယောဒါတေအနင်္ဂဏေ ဝိဂတူပက္ကိ-
လေသေ၊ မုဒုဘူတေ၊ ကမ္မနိယေ၊ ဌိတေ၊ အာနေဉ္ဇပ္ပတ္တေ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ
စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ...
ဝိဇာတိယော၊ ပဉ္စပိဇာတိယော၊ ဒသပိဇာတိယော၊ ဝီသမ္ပိဇာတိယော၊ တိံသမ္ပိဇာတိယော၊
စတ္တာလီသမ္ပိဇာတိယော၊ ပညာသမ္ပိဇာတိယော၊ ဇာတိသတမ္ပိ၊ ဇာတိသဟဿမ္ပိ၊
အနေကေပိ သံဝဋ္ဋကပ္ပေ၊ အနေကေပိ ဝိဝဋ္ဋကပ္ပေ၊ အနေကေပိ သံဝဋ္ဋ ဝိဝဋ္ဋကပ္ပေ၊ အမု-
တြာသိံ ဧဝံနာမော၊ ဧဝံဂေါတ္တော၊ ဧဝံဝဏ္ဏော၊ ဧဝမာဟာရော၊ ဧဝံသုခဒုက္ခပ္ပဋိသံဝေဒီ၊
ဧဝမာယုပရိယန္တော၊ သော တတော စုတော အမုတြ ဥဒပါဒိံ၊ တတြာပါသိံ။

(၁) ဧဝံနာမော

(၂) ဧဝံဂေါတ္တော

(၃) ဧဝံဝဏ္ဏော

(၄) ဧဝမာဟာရော

(၅) ဧဝံသုခဒုက္ခပ္ပဋိသံဝေဒီ

(၆) ဧဝမာယုပရိယန္တော၊ သော တတော စုတော ဣဓူပပန္နောတိ၊ ဣတိ
သာကာရံ သဥဒ္ဒေသံ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ။



ထိုနောက်ဆက်လက်၍ ကျွန်ုပ်တို့သည် ဆဋ္ဌသံဂါယနာတင်ပိဋကတ်တော်၊
သီလက္ခန္ဓ ဝဂ္ဂပါဠိတော်မြန်မာပြန်ကို ဆဋ္ဌမူအတိုင်း ကိုးကားဖော်ပြရပေမည်။

. . . ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် (၆) ဤသို့တည်ကြည်သော စိတ်သည်
စင်ကြယ်လတ်သော၊ ဖြူစင်လတ်သော၊ ညစ်ကြေးမရှိလတ်သော် ထိုရဟန်းသည် ရှေး၌
ဖြစ်ဖူးသော ဘဝကို အောက်မေ့၍ သိသော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်အလို့ငှာ စိတ်ကို
ရှေးရှုညွှတ်ဆောင်၏၊ ရှေးရှုညွှတ်စေ၏။ ထိုရဟန်းသည် များပြားသော ရှေး၌ဖြစ်ဖူးသော
ဘဝကို အောက်မေ့၏။

ဤသည်တို့ကား အဘယ်နည်း . . . . တစ်ဘဝကို လည်းကောင်း၊ နှစ်ဘဝကို
လည်းကောင်း၊ ဘဝသုံးဆယ်ကိုလည်းကောင်း၊ ဘဝလေးဆယ်ကိုလည်းကောင်း၊ ဘဝငါး
ဆယ်ကိုလည်းကောင်း၊ ဘဝတစ်ရာကိုလည်းကောင်း၊ ဘဝတစ်ထောင်ကိုလည်းကောင်း၊
ဘဝတစ်သိန်းကိုလည်းကောင်း၊ ဘဝပေါင်းများစွာကိုလည်းကောင်း၊ ဘဝထောင်ပေါင်း
များစွာကိုလည်းကောင်း၊ ဘဝသိန်းပေါင်းများစွာကိုလည်းကောင်း၊ များပြားသော ဖြစ်ကပ်
တို့ကိုလည်းကောင်း၊ များပြားသော ဖြစ်ကပ်၊ ပျက်ကပ်တို့ကိုလည်းကောင်း၊ ဤမည်သော
ဘဝတို့၌ ငါသည် ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏။ (၆) ဤသို့သော အသက်
အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် (၆) ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏။ ထိုငါသည်
ဤမည်သောဘဝ၌ ငါသည် . .

(၁) ဤသို့သော အမည်ရှိခဲ့၏။

(၂) ဤသို့သော အနွယ်ရှိခဲ့၏။

(၃) ဤသို့သော အဆင်းရှိခဲ့၏။

(၄) ဤသို့သော အစာရှိခဲ့၏။

(၅) ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏။

(၆) ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏။

တိုင်ါသည် ထိုဘဝမှ သေ၍ ဤဖြည်သောဘဝတို့၌ ဖြစ်ပြန်၏။ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏။ ဤသို့သော အနွယ်ရှိခဲ့၏။ ဤသို့သော အဆင်းရှိခဲ့၏။ ဤသို့သော အစာရှိခဲ့၏။ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့ရ၏။ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ဖြစ်ပြန်၏ ဟု ဤအချင်းအရာနှင့် တကွ ညွှန်ကြားပြအပ်သော (အမည် - အနွယ်) နှင့် တကွ များပြားသော ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့၏။

ဤသို့ကိုးသားဖော်ပြခဲ့သော ပါဠိတော်အရ - ပုဗ္ဗေနိဝါသာနုဿတိ (ဝိ) ဗေဒ ဘဝဖြစ်စဉ်ကို သန့်ရှင်းစွာမြင်နိုင်သော ဉာဏ်ရှင်ပုဂ္ဂိုလ်သည် သိန်းသန်းအလနေ့ ကုဋေ ကုဋာရေတွက်ခြင်းငှာ မစွမ်းဆောင်နိုင်သော ဘဝပေါင်းများစွာတို့ကို ပြန်လည်ကြည့်ရှု လိုက်တဲ့အခါမှာ လူဘဝမှ တစ်ပါးအခြားသော ဘဝတို့၌ဖြစ်ပျက်ခဲ့ရသည်ကို မတွေ့မမြင် ရသော အချက်မှာ

(က) ဇာတ်နာမော

(ခ) ဇာတ် ဂေါတ္တော

(ဂ) ဇာတ် ဝဏ္ဏော

(ဃ) ဇာတ် အာဟာရော

(င) ဇာတ် သုခဒုက္ခပဋိသံဝေဒီ

(စ) ဇာတ်ပါယု ဝန်းသမ္ဘော ဟူ၍ ခြောက်ပိုင်း၌ ဖော်ပြညွှန်ပြခဲ့သော ပုဒ်များအရ ကြင်းချက်တွေ့ကြသောအောင် ထင်ရှားလှပါသည်။

(၁) ဇာတ် နာမော

"ငါသည် ဤသို့သော အမည်ရှိခဲ့၏" ဟူသော စကားသည် လူသားသာကိုသာ ညွှန်ပြ၏။ အကြောင်းမူကား လူသားသာလျှင် နာမညာတ်ကို မိမိကိုယ်တိုင်လည်းတပ် ဆင်နိုင်၍ သူတစ်ပါးက တပ်ဆင်ပေးသော နာမညာတ်ကိုလည်း ခံယူနိုင်သောကြောင့်



တည်း။ မိမိ၏ အမည်နာမ ပညတ်ကို အခြားသောသူတို့အား ထုတ်ဖော်ပြောကြား၍ ထိုအမည်နာမအားဖြင့် အချင်းချင်းဆက်သွယ်မှုများပြုခြင်းသည်လည်း လူသား၌သာ ထင်ရှားသည်။ ယခုအခါယနေ့မျက်မှောက်ကာလ၌ အမည်နာမအားဖြင့် အချင်းချင်း ဆက်သွယ်မှုများပြုခြင်းသည်လည်း လူသား၌သာထင်ရှားသည်။ ယခုအခါယနေ့ မျက်မှောက်ကာလ၌ အမည်နာမတပ်ဆင်ရသေးတဲ့ လူသားကား မရှိသလောက်ပင်ရှား ပေလိမ့်မည်။ နာမပညတ်သည် လူ့အစည်းအရုံးကြီးကို နိုင်မာတောင့်တင်းအောင်ဖွဲ့စည်း ရာတွင် မရှိမဖြစ်တစ်ချောင်းအဖြစ်ဖြင့် ပါဝင်လေသည်။ ထို့ကြောင့် ဇာတ်နာမော ဟူသော ဤပုဒ်ဖြင့် လူဘဝ လူ့အဖြစ်ကိုသာ ညွှန်ပြသည်ဟူ၍ မှတ်ယူကြရာ၏။

(၂) ဇာတ် ဂေါတ္တော

"ဤသို့သော အနွယ်ရှိခဲ့၏" ဟူသော စကားသည်လည်း လူ့ဘဝ၊ လူ့အဖြစ် ကိုသာ နှစ်နှစ်ကာကာညွှန်ပြနေလေသည်။ ဤ၌အနွယ်ဆိုသည်မှာ ထင်ရှားသော ဆရာ ကြီးများ၏ အမည်နာမကို အစွဲပြု၍ အမည်အလာအဖြစ်ဖြင့် သုံးစွဲခဲ့ကြသော အမည်ဖြစ် သည်။ အနွယ် (ဝါ) ဂေါတ္တသည် ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါ၌ ကဿပ၊ ဘာရ ဒွါဇ၊ ကောဏ္ဍည၊ ကစ္စာယန၊ ဂေါတမ အစရှိသဖြင့် (၁၉) လေးဆယ့်ကိုးမျိုးကွဲပြားခဲ့ လေသည်။ ကျွန်ုပ်တို့၏ ဗုဒ္ဓရှင်တော်ဘုရားသည် ဂေါတမအနွယ်ဖွားဖြစ်ခဲ့လေသည်။ သို့ဖြစ် ရာ ဤဂေါတ္တ (ဝါ) အနွယ်ဆိုတဲ့ ပုဒ်ကိုလည်း လူမှတစ်ပါး အခြားသော သတ္တဝါများ၌ မတပ်ဆင်နိုင်ကြောင်းထင်ရှားလေသည်။

(၃) ဇာတ် ဝဏ္ဏော

"ဤသို့သော အဆင်းရှိခဲ့၏" ဟူသော အနက်ပြန် ဖော်ပြန်ဆိုလာသော ပါဠိ ဝဏ္ဏော၏ အနက်တို့သား များပြားလှ၏။ သို့ရာတွင် အဝဏ္ဏအားဖြင့်မူကား -

(၁) သဘာဝဓမ္မဆိုင်ရာအနက်

(၂) လူ့သမ္မုတိဆိုင်ရာအနက်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ထိုနှစ်မျိုးတို့တွင် (၁) ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဟူသော အရာတို့၌ ဝဏ္ဏသဒ္ဒါဖြင့် အဆင်းတို့ပေါ်၏။ (၂) ဝေဘုဝဏ္ဏ စသည်တို့၌ ဟိန္ဒူလူမျိုးတို့၏ ဇာတိဝါဒအရ ဝဏ္ဏသဒ္ဒါဖြင့် ဗြဟ္မဏ၊ ခတ္တိယ၊ သုဒ္ဒ၊ ဝေဿ ဟူသော ဇာတ်ကြီးလေးပါးကို ကောက်ယူသည်။ ဤသို့သော အဆင်းရှိခဲ့၏ ဟူရာ၌ အဆင်းကိုခွဲလိုက်လျှင် အဖြူနှင့် အမဲဟူ၍ ကွဲပြားလာသည်။ ထိုတွင် အိန္ဒိယ နိုင်ငံ ဟိန္ဒူသမ္မုတိဆိုင်ရာ ဝေါဟာရအားဖြင့် အမည်းတို့ ဒါသဇာတ်ဟူ၍ လည်း ကောင်း၊ အဖြူကို အရိယာဇာတ်ဟူ၍ လည်းကောင်း ခေါ် ဆိုသမုတ်ကြကုန်၏။ အဖြူဖြစ်သော အရိယာဇာတ်ဝင်တို့သည် အလယ်ပိုင်းဒေသကုန်းမြေဖြင့် အိန္ဒိယနိုင်ငံအတွင်းသို့ ရောက်လာကြတဲ့အခါမှာ မဲနက်ညိုမှောင်သောအဆင်းရောင်ကို ဆောင်ကုန်သော တိုင်းရင်းသားတို့ကို တွေ့ခဲ့ကြလေပြီ။ ထိုအခါသူတို့သည် တိုင်းရင်းသားလူမည်းများနှင့် အစား အသောက် အနေအထိုင် အကုန်လုံးခွဲခြားပြီးနေထိုင်ရင်း . . . . . တဖြည်းဖြည်း တစ်စ တစ်စ "ဝေဘုဝဏ္ဏ" ဟုဆိုအပ်သော ဇာတ်ကြီးလေးမျိုးကို တည်ထောင်ခဲ့ကြသည်။ ထို့ ကြောင့် ဤဝဏ္ဏသဒ္ဒါကလည်း လူ့သမ္မုတိဝါဒစနစ်တည်းကိုသာ ဖော်ပြကြောင်းထင်ရှား ချေသည်။

(၄) ဧဝ မာဟာရော

"ဤသို့သော အစာရှိခဲ့၏" ဟူသော ဝါကျကား အစားအစာတို့ကို များစွာသော နည်းဖြင့် ဖန်တီးစားသောက်ခဲ့ပုံတို့ကို ညွှန်ပြသည်။ ထို့ပြင် ဒေသဆိုင်ရာ ဌာနအလိုက် အစာအဟာရကွဲပြားပုံကိုလည်း ထင်ရှားစေသည်။ လူသားသည် မီးဓါတ်ရှိမှုပေါ်ပေါက် လာသော ခေတ်မှစ၍ အစားအစာကို တွေ့တဲ့အတိုင်း မစားသောက်တော့ဘဲ ပြုပြင်ဖန် တီး၍ စားသောက်တဲ့ဘဝသို့ ရောက်ခဲ့သည်။ လူမှတစ်ပါး အခြားသတ္တဝါတို့ကား အစား အစာကို တွေ့တဲ့အတိုင်းပင်စားသောက်လေ့ရှိကြကုန်၏။ လူသားတစ်ဦးသာလျှင် အစား



အစာကို အချိန်ကာလ ရာသီဥတုအားလျော်စွာ ပြုပြင်ဖန်တီး၍စားတတ်သော သတ္တဝါ ဖြစ်သည်။ ထို့ကြောင့် ဧဝမာဟာရောဟူသော ဤစကားသည်လည်း လူသားတို့သာ ညွှန်ပြ ကြောင်းမှာ ငြင်းချက်ထုတ်စရာမလိုပါတော့ချေ။

(၅) ဧဝံသုခဒုက္ခ ပဋိသံဝေဒီ

"ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏" ဆိုတဲ့ ဝါကျဖြင့် ချမ်းသာချည်း သက်သက် (သို့မဟုတ်) ဆင်းရဲချည်းသက်သက် မခံစားဘဲ နှစ်တွဲ၍ ခံစားသော သဘာဝကို ညွှန်ပြပေသည်။ အပါယ်လေးဘုံ၌ ဆင်းရဲချည်းသက်သက်၊ ကောင်းကင်ဘုံနတ်၌ ချမ်းသာ ချည်းသက်သက်ဟု အဆိုရှိသောကြောင့် "ဧဝံသုခ ဒုက္ခပဋိသံဝေဒီ" ဟူသော ပုဒ်အားဖြင့် ချမ်းသာဆင်းရဲနှစ်တွဲ၍ ခံစားရဖြစ်တဲ့ လူ့ဘဝ လူ့အဖြစ်များကိုသာ ထိုးပြသည်ဟု ကောက်ယူရာ၏။

(၆) ဧဝမာယုပရိယန္တော

"ဤသို့သော အသက်အပိုင်းအခြားရှိ၏" ဟူသော စကားအရ အသက်၏ အတိုအရှည် ပိုင်းခြားမှုရှိသော သတ္တဝါကို ကောက်ယူရန်ဖြစ်သည်။ ထိုသို့ အသက်ကိုပိုင်း ခြားမှတ်သားမှုရှိသော သတ္တဝါသည်လည်း လူ့ဘဝတင်ရှားမှုရှိသည်၊ လူမှတစ်ပါး အခြား သတ္တဝါတို့သည် မိမိတို့၏ အသက်အပိုင်းအခြားကို မိမိကိုယ်တိုင်မသိမမြင်ကြချေ။ ရက်-လ-နှစ် တို့ဖြင့် မိမိ၏ အသက်ပမာဏကို ပိုင်းခြားမှတ်သားနိုင်သူကား လူသားပင်ဖြစ်သည်။ ထို့ကြောင့် ဤအဆုံးဝါကျသည်လည်း လူသားစင်စစ် လူ့အဖြစ်ကို ရည်ညွှန်းထားကြောင်း လယ်ပြင်တွင် ဆင်သွားသလိုဖြစ်ခဲ့လေသည်။

အခြားအခြားသော နိကာယ်ကြီးများ၌လည်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ပတ်သက်၍ ဟောတော်မူခဲ့ရာတွင် ဤပါဠိတော်လာအတိုင်း ဟောတော်မူခဲ့သည်ကို

တွေ့ရလေသည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ ကပ်ပေါင်းသောင်းနှင့် သိန်းနှင့်ချီ၍ ကျင်လည်လာခဲ့ရသော သတ္တဝါသည် အထက်၌ဖော်ထုတ်ခဲ့သော ဇာတ်နာယက အစ ပြောင်းလဲသော အချက်အလက်များကို ထောက်လျှင် ယခုလူဖြစ်သူ လူအဖြစ်မှ အခြားတစ်ပါးသော လူအဖြစ်တစ်ခုသို့ ပြောင်းလဲကျင်လည်ခဲ့ရလေသည်။ ဤသို့ကျင်လည် ပြောင်းလွှား၍ သွားနေရာ၌လည်း တသန်တည်းသော လူ၏အဖြစ်ဖြင့်သာလျှင် ကျင်လည်ခဲ့ကြောင်းကို ဇာတ်နာဖော်စသော ဇာတ်ပြနာမဝိသေသနပုဒ်များက အခိုင်အမာထောက်ခံခဲ့လေသည်။

သို့ဖြစ်သောကြောင့် ယခုကိုးကားဖော်ပြခဲ့သော ဘုရားဟောပါဠိစာတော်ကို စေ့စေ့စပ်စပ် သုံးသပ်ဝေဖန်ကြရန်တောင်းပန်လိုပါသည်။ ယင်းသို့ ဖတ်ဖတ်နှစ်နှစ်သုံးသပ်လေ့လာလျှင် လူအဖြစ် လူ့သဝတစ်ခုတည်းကိုသာ(ငါ)လူ့သေလူဖြစ်သဘောကိုသာ ဗုဒ္ဓဘုရားရှင် ရည်ညွှန်းဟောကြားခဲ့ကြောင်း ထင်ရှားလေလေဖြစ်ပါ လိမ့်မည်။

ဒါ့ကြောင့်ရာ ကျွန်ုပ်တို့သည် လူသေလူဖြစ်တရားကို လူထုသို့တင်ဆက်ရာ၌ ရှည်လျားရှည်ဝေး ရှည်သည့်ဘာသာတရားကိုမျှ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ထိပါးပုတ်ခတ်ခြင်း မပြုခဲ့ပါ။ ရင်းကိုအပြတ်အနေအထားကြည့်ခဲ့ပါသည်။ သို့ရာတွင် ကမ္ဘာ့လူသားထုတစ်ရပ်လုံး၏ အခွဲဥပါဒါန်တား သာလွန်ကြီးမား၍ ထွားကြိုင်းလှရာ ထိုဥပါဒါန်အခွဲကို ဖြိုခွင်းသော အခန်းများ၌ ရှင်းသီးပြင်းထန် အခွဲသမားတို့မခံသာသော စကားလုံးအချို့ကို သုံးနှုန်းမိခဲ့ပါသည်။

ယင်းသို့ သုံးနှုန်းခဲ့ရာတွင်လည်း ဆိုးဆိုးဝါးဝါး တမင်သက်သက် စော်ကားလိုတဲ့ မနောစေတနာသက်သက်လုံးဝမရှိပါကြောင်း၊ ကင်းစင်ကြောင်းကို ဤနေရာ၌ ဝန်ခံ ကြေညာလိုပါသည်။

ဤမျှသော စကားအစဉ်ဖြင့် ကိုယ်စိတ်နဝင်း၊ ကိုလေးမောင်စသောဆရာရှိသက်သေများရဲ့ ထွက်ဆိုချက်အားလုံးကို ခေါ်လှည့်အောင် ပြေလှုံ့ပြီးဖြစ်တဲ့အပြင် ကျွန်ုပ်တင်ပြသော လူသေလူဖြစ်ပြဿနာသည်လည်း နိုင်လုံသောဘုရားဟောပါဠိတော်အကိုးအကား သာဓကတို့၏ ထောက်ခံချက်ကို ရရှိပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း။



ဤသို့တင်ပြချက်ကိုအဆုံးမသတ်မီ လူနှင့် လူချင်းတို့ကြားခြားနားမှုများ အဘယ်ကြောင့် ပေါ်ထွက်လာရသနည်းဆိုတဲ့ ပြဿနာကို အနည်းငယ်ရှင်းလင်းပြလိုပါတယ်။ ယနေ့ လက်ရှိကမ္ဘာ၌ နေထိုင်ကြတုန်းသော လူသားထုတစ်ရပ်လုံးကို သိမ်းကြုံး၍ သုံးသပ်ရန်လိုပါလိမ့်မည်။ ကမ္ဘာမြေပြင်ပေါ်ရှိ တိုင်းပြည်နိုင်ငံအမျိုးမျိုးတို့၌ နေထိုင်လျက်ရှိကြတုန်သော လူတို့တွင် အသွေးအရောင်စသည်ကွဲပြားခြားနားစေသော လူတို့သာဖြစ်ကြကုန်၏။ ယင်းသည် မြေကြီးအင်္ဂါအစုံပါသော ဒုက္ခိတလူသားမှ နိုင်ငံတော်၏ အချုပ်အခြာသမ္မတအထိ အားလုံးလူ့ရည်းပင်ဖြစ်လေသည်။ သို့သော် ၎င်းလူတို့သည် တူညီကြပါ၏လော ? မတူညီကြချေ။ အလုံးစုံအားဖြင့် ကမ္ဘာ့လူသားအားလုံးတွင် လက်မရွေ့ပုံစံတစ်တူညီမှုသော လူတစ်ဦးကို ယနေ့တိုင်မတွေ့ရသေးချေ။ အဘယ့်ကြောင့် ယင်းသို့ကွဲပြားရပါသနည်း။ ဤသို့အားဖြင့် ရုပ်ထွက်မှုနှင့်ဆင်တူနှင့်ချ၍ မမျှမိသေးလောက်အောင် များပြားလှသော ကွဲပြားမှုတို့သည် လူသား၏ စားသောက်ရှာဖွေမှုတို့၌လည်းကောင်း၊ လူသား၏ကံ၌လည်းကောင်း၊ လူသားပေါက်ဖွားရာ ဒေသ၏ ရာသီဥတု၌လည်းကောင်း၊ လူသား၏ပါတ်ဝန်းကျင်အခြေအနေ၌လည်းကောင်း၊ လူသားပေါက်ဖွားရာ လူ့အစည်းအမှု၌လည်းကောင်း၊ အခြေခိုက်လျက်တည်ရှိကြကုန်၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ အင်္ဂါခြေလက်အစုံအလင် မပါတဲ့လင်းသော ဒုက္ခိတလူသားနှင့် အိမ်ဝေးတော်မှာစံတဲ့ သမ္မတတို့ရဲ့ ခြားနားချက်ကို အသေအချာ ကြည့်ရှုရာ၌ ၎င်းတို့သည် လူ့ရည်းပင်ဖြစ်ကြကုန်၏။ ဝါဖြင့် သူတို့ဘာ့ကြောင့်များ ဝါလေလောက်ခြားနားကြရပါသနည်း ? သူတို့၏ ရှေ့လူ့ဖြစ်စဉ်၌ ဘဝကပြုလုပ်ဆောင်ရွက်လာခဲ့သော ကောင်းမှု၊ မကောင်းမှုတို့ကြောင့် ဖြစ်ပါသည်ဟု ဖြေဆိုရပေမည်။ ဤမျှသာမကသေး လူနှင့်လူချင်းခြားနားချက်တား များပြားလှမှုပင်ရှိချေသည်။ အသွင်အပြင် အဆင်းအရောင်စတဲ့ အပြင်အဝဖတ်၌ခြားနားချက်နှင့် အသိဉာဏ်ပညာ စိတ်နေသဘောထားစတဲ့ အတွင်း အစွမ်းကြီးခြားနားချက်တို့တား ပေါ်နေဖြင့်ကြကုန်၏။ အားလုံးသော လူနှင့် လူတွင်

မတူထူးခြားသော အချက်တို့ကား မွေးဘဝလူဖြစ်စဉ်က ပြုလုပ်ခဲ့သော ကုသိုလ်-အကုသိုလ်ကံတို့ကြောင့်သာ ဖြစ်ပေါ်ကြသည် ယတ်ကုန်သေး၊ စင်စစ်မှာ ယခုပစ္စုပ္ပန်ဘဝ၌ ကြုံတွေ့နေရသော ရာသီဥတု အစာအဟာရနှင့် တကွ ပတ်ဝန်းကျင်အခြေအနေတို့မှ တစ်ပါးတည်ရှိသဲ လူ့အစည်းအရုံးဆိုင်ရာ အစဉ်အလာ ဥပဒေသများကြောင့်လည်းဖြစ်ပွားလာတတ်ကြသည်။ လမ်းဘေး၌ ဒုက္ခိတလူသားမှ ဗုဒ္ဓဘုရားရှင်တိုင်အောင်သော လူသားတို့၏ အပြားနှင့် ကွဲပြားခြားနေသော ခြားနားချက်များကို သဘောပေါက်ခဲ့လျှင်၊ “လူသားလူဖြစ်” လမ်းစဉ်၌ ကံအစရှိသော အကြောင်းတရားတို့၏ ပိုင်နိုင်၍ အရေးကြီးသော အချက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာတွေ့မြင်နိုင်ပါလိမ့်မည်။ ထိုသို့ပြုလုပ်သော ကံတရားတို့၏ ညီမျှခြင်းတို့ကြောင့်လည်း သုခ၊ ဒုက္ခ၊ ပဋိသံဝေဒီ၊ ချမ်းသာ ဆင်းရဲ ခွဲခြား၍ခံစားရသောဟုပေဟာခတ်မှုခဲ့လေသည်။ “ကြိုးစားက ဘုရားဖြစ်နိုင်၏” ဆိုတဲ့ မြန်မာစကားပုံအရ သာမန်လူသားတစ်ယောက်သည် ပြုပြင်ပြောင်းလဲ သူမတူအောင် ခွဲသတ္တိ လုံ့လဝီရိယတို့ဖြင့် ပါရမီတရားတို့ကို ပွားများအားထုတ် တကယ်တမ်းပြုလုပ်ခဲ့သော်၊ လူသားအစစ် ဘုရားအဖြစ်သို့ ရောက်ရှိနိုင်ပါသည်။

တို့ပြင် မကောင်းမှုစရိုက်ကို ကျူးလွန်ဖောက်ပြားလုပ်မှုပါသော လူသားသည်လည်း ကံ၏ အာနုဘော်ကြောင့် အောက်အကျဆုံးအနိမ့်ဆုံးဖြစ်သော လမ်းဘေးကျဘ်စေတဲ့ ဒုက္ခိတလူသားဘဝသို့ ကျရောက်နိုင်လေသည်။

ထို့ကြောင့် မကောင်းမှုစရိုက်တရားတို့ကို ပေးမွှားရှောင်ရှား၍ ကုသိုလ်၊ သုစရိုက်တရားများ တိုးတက်ကြီးပွားရေး အားထုတ်ခြင်းဖြင့် ရှုပ်ရေးနာခံပါ လွန်စွာ ပြောင်ပြောင်အခေါင်ရောက်တဲ့လူသားကောင်းစစ်စစ်တကယ်ဖြစ်၍ ဖြစ်နိုင်အောင် လုံ့လစိုက်ကြရန် အဆုံးသတ်ပေးလိုပါကြောင်း ဆန္ဒပြုလိုက်ရပါသတည်း။

ထေဝ္ပမိတေးဆိုင်ဝ္ပဝိုင

# မ္ပဓိဂ္ဂုပမ္ပကိုပ ၁

# ပိုင်ဂကျ္ပိပ္ပဂျိတ

